mgyoe.com SAMPLE BOOK

ဦးလတ်

# ရွှေပြည်စိုး



ဒသမအကြိမ်

mgyoe.com

mgyoe.com SAMPLE BOOK



# ဦးလတ်

# ရွှေပြည်စိုး

"ရွှေပြည်စိုးဝတ္ထုသည် မြန်မာစာပေသမိုင်း၏ ဝါကျအမြွှာနိုင်ငံတွင်
အစဉ်အမြဲတစ်ခုနှင့် ဖွင့်ခဲ့သည့်ဟု ဆိုသော် ဆိုသင့်လေသည်။"

"(ရွှေပြည်စိုး ဝတ္ထု) အထူးခြားဆုံး တွေ့ရသည်မှာ တင်ရေးသရုပ်
လူ့ဝရိုက်အဖွဲ့ အရေးအသား ဖြစ်လေသည်။"

- မလိခ၏ မြန်မာဝတ္ထုအညွှန်း (ပထမတွဲ)၊
(၁၉၆၈) တရား၊

"ဦးလတ်သည်... သူ့ဝတ္ထုများကို မြန်မာအစဉ်အလာနှင့် ဥရောပအစဉ်အလာ
နှစ်ရပ်လုံးပါအောင် ပုံဖော်ပေးသည်ဟု ဆိုနိုင်သည်။"

- ဒေါက်တာဝင်းမင်း (ဒေနီယယ်) ၏
ကိုလိုနီခေတ်မြန်မာစာပေသမိုင်း (၂၀၁၀) စာ၅၅၊

mgyoe.com

mgyoe.com SAMPLE BOOK

စာမူခွင့်ပြုချက်အမှတ် [၅၀၁၄၈၁၁၂၁၀]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [၅၀၀၀၈၀၀၁၁၁]

□

ပုံနှိပ်ခြင်း

ပထမအကြိမ် – (၁၉၁၄) မြန်မာပြည် ဗုဒ္ဓဘာသာ သာသနာပြုစာပုံနှိပ်တိုက်
ဒုတိယအကြိမ် – (၁၉၂၉) ကဝိမျက်မှန် စာပုံနှိပ်တိုက်
တတိယအကြိမ်– (၁၉၃၂) ကဝိမျက်မှန် စာပုံနှိပ်တိုက်
စတုတ္ထအကြိမ် – (ဧပြီ ၁၉၅၂) သွေးသောက်စာပေတိုက်
ပဉ္စမအကြိမ် – (ဇွန် ၁၉၅၂) သွေးသောက်စာပေတိုက်
ဆဋ္ဌမအကြိမ် – (၁၉၆၀) သွေးသောက်စာပေတိုက်
သတ္တမအကြိမ် – (၁၉၆၆) သွေးသောက်စာပေတိုက်
အဋ္ဌမအကြိမ် – (၁၉၇၂) သွေးသောက်စာပေတိုက်
နဝမအကြိမ် – (၁၉၇၇) သွေးသောက်စာပေတိုက်
ဒသမအကြိမ် – (၂၀၁၁) ရာပြည့်စာအုပ်တိုက်
(မတ် ၂၀၁၁)၊ အုပ်ရေ [၁၀၀၀]

□

ထုတ်ဝေသူ

ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၃၈၀၁]
၂၀၆၊ မိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

□

ပုံနှိပ်သူ

ဒေါ်ကြည်ပြာသွယ်၊ ဝင်းတိုးအောင်အော့ဖ်ဆက် [၀၉၁၇၂]
၁၈၁၊ လမ်း ၅၀၊ ၁၀ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

□

မျက်နှာဖုံး ပန်းချီ

လင်းဝဏ္ဏ ဒီဇိုင်းဖွဲ့သည်။

□

တန်ဖိုး

၅၀၀၀ ကျပ်

၈၉၅.၈၃
ဦးလတ်
ရွှေပြည်စိုး / ဦးလတ်။
– ရန်ကုန်၊ ရာပြည့်စာပေ၊ ဒသမအကြိမ်၊ မတ် ၂၀၁၁။
၂၇၀ – စ၊ ၁၃ x ၂၀.၇ စင်တီ။
(၁) ရွှေပြည်စိုး

mgyoe.com

mgyoe.com SAMPLE BOOK

## ဦးလတ်၏ အဋ္ဌာယုဝ္ဓတ္တိ အကျဉ်းနှင့် စာအုပ် ရိုက်နှိပ်ရခြင်းအကြောင်း နိဒါန်း

ဤရွှေပြည်စိုး ဝတ္ထုရှည်ကြီးကို တခမ်းတနားအားဖြင့် ဆန်းပြား၍ ဖတ်ရှုမှတ်သားဖွယ်တို့နှင့် ပြည့်စုံအောင် စီစဉ်ရေးသားသူ ရာဇဝတ် ဝန်ထောက်မင်း ဦးလတ်ကား "သီရိပဝရ ဝိဇယာနန္တ ယသ ပဏ္ဍိတ တြိဘဝနာဒိတျာဓိပတိ မဟာဓမ္မရာဇာဓိရာဇာ" ဟူသော ဘွဲ့တံဆိပ်နာမံကို ခံယူတော်မူလျက် သာသနာတော် သက္ကရာဇ် ၂၃၉၆၊ ကောဇာသက္ကရာဇ် ၁၂၁၄ ခုနှစ်တွင် ရွှေထီးရွှေနန်းကို သိမ်းမြန်း စိုးစံတော်မူကာ အထွတ်အထိပ်သို့ ရောက်တော်မူသော မဟာလောက မာရဇိန် စေတီတော် ဒါယကာ၊ မန္တလေးရတနာပုံမြို့တည်နန်းတည်၊ ပဉ္စမ သင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီး နန်းစံ ၁၄ နှစ်မြောက်၊ သာသနာတော် ၂၄၁၀ ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၂၂၈ ခုနှစ်တွင် ရန်ကုန်မြို့ ၂၁ လမ်း ဘယဆေးတန်းနေ ငွေပန်းထိမ်တော် ဆရာကြီး ဦးမြတ်စံ၊ ဆရာကတော်ကြီး ဒေါ်ထွေးတို့မှ ဖွားမြင်သော ဒုတိယသား ဖြစ်လေသည်။ ၎င်းဦးလတ်သည် ငယ်ရွယ်စဉ်အခါကစ၍ မြန်မာစာပေဘက်ဆိုင်ရာ ပညာဗဟုသုတများကို အထူးလိုလားသူ တစ်ယောက်ဖြစ်၍ ဇာတ်နိပါတ် ရာဇဝင် ပုံပြင်ဝတ္ထု အမျိုးမျိုးနှင့်တကွ ရှေးပညာရှိ ကဝိပဏ္ဍိတ်တို့ ရေးသား


mgyoe.com

mgyoe.com


စီကုံး နှုန်းဖွဲ့၍ထားသော ပျို့ကဗျာလင်္ကာ စသည်တို့ကို (ဝါသနာအလျောက် အချိန်အခွင့် ရတိုင်းပင် လိုလိုချင်ချင်နှင့်*) အာဂုံနှုတ်တက်ရမိအောင် ကျက်မှတ် ကြည့်ရှု၍ ထားလေ့ရှိခြင်း၊ ဘာသာရေးဆိုင်ရာ ကျမ်းစာ အမျိုးမျိုးများကိုလည်း အားသည်းသော လုံ့လဥဿာဟဖြင့် ရရှိမှတ်သားမိအောင် ကြည့်ရှုလေ့လာခြင်း စသော တည်မှန့်ဖြောင့်စင်း အပျင်းမဖက် ငြိမ်သက်သော လုံ့လဝီရိယ ပဋိဘာနဉာဏ် ထက်သန်ခြင်း ရှိခဲ့သူ တစ်ယောက်ဖြစ်၍ ခေတ်အလျောက် တတ်သင့် တတ်ထိုက်သော အင်္ဂလိပ်စာပညာကိုလည်း ကောင်းစွာ တတ်မြောက်ခဲ့သည့်အလျောက် ဗဟုသုတ ဖြစ်ပွားရာဖြစ်ပွားကြောင်း ကောင်းမွန်၍ ကြည့်ရှုထိုက်သော အင်္ဂလိပ် စာအုပ်များကိုလည်း အားလပ်ခွင့် အချိန်ရသည်နှင့် အမျှ အထူး ဖတ်ရှုလေ့ရှိခဲ့လေသည်။

ဤကဲ့သို့ အင်္ဂလိပ်မြန်မာ နှစ်ဖြာစွယ်စုံ လောက်လုံပြည့်ဝ ဗဟုသုတ ရှိခဲ့သူ ဖြစ်သော်လည်း ဤမျှနှင့် ရောင့်ရဲ တင်းတိမ်ခြင်း မဖြစ်နိုင်ဘဲ ရာဇဝတ်ဝန်ထောက် ရာထူးနှင့် တောင်ငူ၊ ကသာ၊ ရွှေဘို စသော မြို့များ၌ ထမ်းရွက်လုပ်ကိုင်နေစဉ်မှာပင် ပျို့ကဗျာ လင်္ကာ ရာဇဝင်မော်ကွန်း စသည်တို့နှင့်တကွ ဗုဒ္ဓဘာသာ စာပေကျမ်းဂန်တို့ကို ကြိုးကြားကြိုးကြား အားလပ်ခွင့် ရတိုင်းပင် တိုးတက်၍ လေ့ကျက်ဆည်းပူး၍လာခဲ့ရာ လောကီလောကုတ္တရာ နှစ်ဖြာနှစ်ဖက်၌ပင် ဗဟုသုတ တိုးပွား ပြည့်စုံ၍ လာသည်နှင့်အမျှ မင်းပွဲသဘင်၊ စာပွဲသဘင် စသည်များ၌ စကားပြောကောင်းသော မြန်မာပညာရှိကြီး တစ်ဦးဟု အထူး ကျော်ကြား ထင်ရှားခဲ့လေသည်။

(ဦးလတ်၌ ထူးခြား၍ မှတ်သားနည်းယူဖွယ်ကောင်းသော အချက်များမှာ မည်သည့်အရာကိုမဆို ပြုလုပ်ရွက်ဆောင်မည် ဟူ၍ ရည်ရွယ်မှန်းဆထားမိက သူတစ်ပါး၏ အကူအညီကို ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ထိုရည်ရွယ်ချက် အမှုကိစ္စကို ထမြောက်အောင် မကြောက်မရွံ့ မတွန့်မဆုတ် ပြုလုပ်လေ့ရှိခြင်း၊ ပေါင်းသင်းဆက်ဆံသော အရာမှာလည်း လူငယ်လူရွယ် ကာလသားများနှင့် ကြုံကြိုက်ခဲ့လျှင်လည်း "သူ့သဘောကို၊ လိုက်လျောညီထွေ၊ ဆိုတတ်စေ၊

---

* ဆရာဝ တည်းဖြတ် ပြင်ဆင်ပြီး မြန်မာနိုင်ငံ သုတေသနအသင်း စာစဉ် ၁၃၊ ကဝိမျက်မှန် စာပုံနှိပ်တိုက်၊ ဒုတိယနှိပ်ခြင်း (၁၉၂၉) တွင် ပါရှိသည်။ နောင်တွင် *ဆရာဝ (မှ)* ဟု ညွှန်းမည်။


mgyoe.com

mgyoe.com  SAMPLE BOOK

ဝါ၊ ပေါင်းတတ်စေ" ဟူသော ရှေးသူဟောင်းတို့ စကားအရ မည်သည့်အခါမျှ ဆန့်ကျင်ဘက် မဖြစ်စေဘဲ ပျော်ပွဲရှိက အတူပျော်လျက် အခက်အခဲရှိက အတူ ရှက်ဆောင် ပြုမူလေ့ရှိခြင်း၊ ရဟန်းသံဃာ ဆရာသမား လူကြီးသူကြီးများနှင့် ကြုံကြိုက်ရာတွင်လည်း ကြီးစွာသော သမာဓိ၊ အတိသက္ကစွ၊ ဂါရဝ အမူအရာနှင့် ဝါစာပိယ၊ ချိုမြနူတ်အေး၊ နက်လေးခံ့ညားစွာ ပြောကြားမြွက်ဆိုလေ့ရှိခြင်း စသော ဂုဏ်သကတ် အထူးတို့သည် ချီးကျူးအံ့သြလောက်အောင်ပင် ထင်ရှား ရှိခဲ့လေသည်။)

ထိုနောက်မှ ဦးလတ်သည် အတွင်းစာတ်ခံ အသိဉာဏ် တိုးပွား များပြား ပြည့်နှက်၍ လာပြီးလျှင် ငါပင် ကွယ်ပျောက်ငြားသော်လည်း အမျိုးသား အပေါင်းတို့၏ အကျိုးဗှာ လောကဘက်၊ ဓမ္မဘက် နှစ်လမ်းတွင် သင်ခန်းစာ တစ်ခုသဖွယ် ဖြစ်ရစ်လေအောင် ကြံဆောင်တီထွင် ဝတ္ထုရှည်တစ်ခုကို စီရင် ရေးသားရလျှင် ဖတ်ရှုသူများလည်း အပျင်းပြေ၊ စိတ်လေစိတ်လွင့် အကျင့် ဆိုးဝါး ဖောက်ပြားယွင်းကွက်သူများလည်း သတိထား၍ မှတ်သား ရှောင်ကြဉ် ဖွယ်ရာ ဖြစ်ပေလိမ့်မည်ဟု ယောနိသော မနသိကာရ သမာဆန္ဒကောင်း အရင်း ခံထားလျက် အရွယ်အားလုံးတို့ပင် ဖတ်ရှု မှတ်သား ကြည့်ရှုနိုင်ကြစေရန် လျော်ကန်လျောက်ပတ်သော နိပါတ်ပုံပြင်၊ ရာဇဝင် ပေါရာဏ၊ ပျို့ကဗျာ လင်္ကာ စသည်တို့နှင့်တကွ ဩဝါဒ အချက်များကိုပါ ဆိုင်ရာ ဆိုင်ရာတွင် သွတ်သွင်းလျက် ထီးသုံး နန်းသုံး စကားလုံး ယဉ်ကျေး သိမ်မွေ့စွာဖြင့် **စံပယ်ပင်** ဝတ္ထုနှင့် **ရွှေပြည်စိုး** ဝတ္ထုရှည်ကြီးများကို စီစဉ်ရေးသားခြင်း ပြုလုပ်လေသည်။ ဤတွင်မျှမက အများပင် နှစ်သက် သဘောကျကြသော **တနန်းပျော် ရင်သွေးတော်** ဝတ္ထု၊ **သုံးဘုံ** ဝတ္ထုများကိုလည်း စကားအသုံးအနှုန်း အလုံးဆန်း ဖွယ်ဖွယ်ရာရာတို့နှင့် ကောင်းစွာ ရေးသားစီရင်ခဲ့လေသည်။

ဤသို့လျှင် လောကီ လောကုတ္တရာ နှစ်ဖြာသော အချက်စုဒ္ဒ ကြည့်ရှု လေ့လာ ကောင်းစွာ မှတ်သား၍ လာခဲ့သည့်အလျောက် နောက်သား နောင်လာ တို့ မှတ်စရာအထွေထွေ ခြေခြေမြစ်မြစ် စနစ်ကျကျ ဝတ္ထုပုံပြင်တို့ကို စီစဉ် ရေးသားရာ၌ **ဦးလတ်**အား ထူးခြား၍ ချီးမွမ်းအံ့သြဖွယ်ရာ ကောင်းလှသော အချက်တစ်ခုမှာလည်း ဖော်ပြခဲ့သည့်အတိုင်း အင်္ဂလိပ် မြန်မာ နှစ်ဘာသာလုံး ကို ကောင်းမွန်စွာ ကျွမ်းကျင်တတ်မြောက်သူ ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်သော် လည်း မြန်မာဘာသာဖြင့် မြန်မာဝတ္ထုပုံပြင်များကို ရေးသား စီရင်ရာ၌ ဘာသာ


mgyoe.com

mgyoe.com



SAMPLE BOOK

ပြန် ဝတ္ထုမျိုး မဟုတ်ရုံမက အင်္ဂလိပ် လူမျိုးများတို့ ရေးသားလေ့ရှိသော သဘော အယူအဆ အစီအစဉ်မျိုးများကို အလျှင်းမပါစေဘဲ မြန်မာစာသွား မြန်မာ စကား ပီပီသသနှင့် မြန်မာ အသုံးအနှုန်း ကျနအောင် ရေးသား စီစဉ်နိုင်ခြင်း မှာ များစွာ အံ့ဩချီးမွမ်းဖွယ်ရာကြီး တစ်ခု ဖြစ်ပါပေသည်။ သို့ဖြစ်၍ ဤ ဝတ္ထုကို ရေးသားစီစဉ်သူ ဦးလတ်သန္တာခန်၌ ပင်ကိုဓာတ်ခံ ဉာဏ် အဘယ်မျှ ကြီးကျယ် သေချာ စေ့စပ်ကြောင်းများကို အလွယ်တကူ သိနိုင်ရုံမက ဤဝတ္ထု ကို ကြည့်ရှု မှတ်သားသူ အပေါင်းအားလည်း လိမ္မာရေးခြား ဗဟုသုတ တရား ပွားများ တိုးတက်စေပြီးလျှင် အမျိုးသား စိတ်ဓာတ်တို့ အထပ်ထပ် အဆင့်ဆင့် တိုးပွား ဖြစ်ထွန်းစေနိုင်သော ဂုဏ်သတ္တိရှိသည့် ဝတ္ထုကြီးပါတကားဟု အထင် အရှား သိရှိတော်မူနိုင်ကြပေလိမ့်မည်မှာ အမှန်ဖြစ်ပေသည်။

ဤကဲ့သို့ ရည်ရွယ်ရင်း စိတ်ဓာတ် မွန်မြတ်ခြင်းကြီးမက မွန်မြတ် လှ၍ ဗဟုသုတ အရာမှာ လွန်စွာ ပြည့်စုံသော မြန်မာပညာရှိ ပုဂ္ဂိုလ်ကြီး တစ်ဦးမှာ သခ်ါရနယ်တွင်းမှ မလွတ်ကင်း မငြင်းဆန်နိုင်သဖြင့် သက္ကရာဇ် ၁၂၈၃ ခုနှစ် ကဆုန်လတွင် ညောင်လှမြို့၌ အနိစ္စရောက်၍ ကွယ်ပျောက်ခဲ့* ပါကြောင်း။

ဆရာဝ

* သော်လည်း ထိုကဲ့သို့သော ပညာရှိကြီးတစ်ဦး စီစဉ် ရေးသားခဲ့သော အရာများသည် နောက်သား နောင်လာတို့ မှတ်သားဖတ်ရှုဖွယ်ရာ ကောင်းလှသဖြင့် ခဏနှင့် ပျောက်ပျက် တိမ်ကောခြင်း မဖြစ်စေရန် ရည်သန်နှလုံးသွင်းလျက် ၁၉၁၄ ခု၊ မြန်မာသက္ကရာဇ် ၁၂၇၂ ခုနှစ်က ရန်ကုန်မြို့ ဖယ်ရာလမ်း၊ တိုက်နံပါတ် ၂၆၊ မြန်မာပြည် ဗုဒ္ဓဘာသာ သာသနာပြု စာပုံနှိပ်တိုက်မှ စာအုပ် ရိုက်ထုတ်ပြီးသည်ကို တစ်ဖန် ကဝိမျက်မှန် မဂ္ဂဇင်းကြီးတွင် အပတ် စဉ် ထည့်သွင်း ဖော်ပြပြီးသော ဤ ရွှေပြည်စိုး ဝတ္ထုရှည်ကြီးကို "မြန်မာနိုင်ငံ သုတေသန အသင်းကြီး" မှ ယူနီဘာစီတီကောလိပ် သိပ္ပံကျောင်းတော် ပရိုဖက်ဆာ ဆရာကြီး ဦးဘော်မောင်တင် ကိုယ်တိုင်နှင့် ကဝိမျက်မှန်တိုက် ပါဠိဆရာကြီး ဆရာဝတို့ ကြီးကြပ် ထပ်မံ ပြင်ဆင်ကာ စာလုံးမင်ကျမှ စ၍ အနေအထား၊ သတ်ပုံသတ်ညွှန်းများကိုပါ သေချာသပ်ရပ် အထပ်ထပ် မှန်ကန် ကောင်းမွန်အောင် သုတ်သင်လျက် ရန်ကုန်မြို့ ၂၅ လမ်း စာဆိုတန်း တိုက်နံပါတ် ၆၃၊ ကျွန်ုပ်တို့ ကဝိမျက်မှန် စာပုံနှိပ်တိုက်မှ သိုက်မြိုက် သေချာ ကောင်းစွာ ပုံနှိပ်လုပ်ဆောင်ခြင်း ပြုပါကြောင်း။ ။ ဆရာဝ (မှ)

mgyoe.com

mgyoe.com SAMPLE BOOK

# နိဒါန်း

ယခုခေတ် သမယ၌ ဇာတ်ဝတ္ထုဟူသမျှ ရေးသား စီရင်တော်မူကြကုန်သော အသီးအသီး ဉာဏ်ကြီးဉာဏ်ကျယ်တို့မှာ ရောင်ခြည်တစ်ထောင် ဆောင်သော နေမင်းနှင့် တူတော်မူကြပါကုန်၏။ နေမင်း ပေါ်ထွန်းလာသောအခါ ကမ္ဘာဦး သူတို့သည် အလင်းရောင်ကို ရကြသဖြင့် ကြောက်ခြင်း ကင်း၍၊ ရဲရင့်ခြင်း သတ္တိနှင့် ပြည့်စုံသကဲ့သို့ ထိုသို့ ဉာဏ်ကြီး ဉာဏ်ကျယ်တို့ ရေးသား စီရင်တော်မူကြကုန်သော အရပ်ရပ် ဇာတ်ဝတ္ထုများကို ဖတ်ရှုကြရသည်နှင့် ကာလသမီး ကာလသားတို့မှာ ဗဟုသုတ တည်းဟူသော အလင်းရောင်ကို အထိုက်အလိုက် သုံးဆောင် ခံစားကြရပါပေကုန်၏။

ဤရွှေပြည်စိုး ဝတ္ထုကား ဓမ္မအကြောင်းနှင့် စပ်လျဉ်းလျှင် ကံ–ကံ၏ အကြောင်းအကျိုးတရား၊ သမုဒယတဏှာ၏ အကြောင်းအကျိုးတရား၊ မိဘတို့၏ ဂုဏ်ကျေးဇူးတော်သည် ကြီးကျယ် မြင့်မြတ်သဖြင့် ၎င်းကျေးဇူးတော်တို့ကို တုံ့ပြန်ဆက်ဆပ်ရခြင်း ဟူသော မာတာပိတု ဥပဋ္ဌာန မင်္ဂလာတရား၊ လောကကြောင်းနှင့် စပ်လျဉ်းလျှင် မဟာမုနိ သမိုင်းချုပ်မှ စ၍ ရာဇဝင် အတိုကောက်နှင့်တကွ ဖမိတို့က ပြုရာသော ဝတ္တရား၊ သားသမီးတို့က ပြုရာသော ဝတ္တရား၊ မိန်းမမြတ်တို့ ကျင့်ရာသော ဝတ္တရား၊ မိန်းမတို့၏ ကောင်းခြင်းလက္ခဏာငါးပါး၊ အပြစ်ခြောက်ပါး၊ အမျိုးအနွယ်ကို စောင့်ရှောက်အပ်သော ဝံသာနုရက္ခိတ တရား၊ အိပ်မက်ဖြစ်ခြင်း၏ အကြောင်းရင်းနှင့် ကဗျာမင်းတို့၏



mgyoe.com

mgyoe.com
SAMPLE BOOK

တေးချင်း၊ သီချင်းတို့ကို ဆိုင်ရာညှပ်သွင်း၍၊ ရတနာပုလဲလုံးကို သီကုံးသကဲ့သို့ လောကဓမ္မ နှစ်ဌာန ရောပြွမ်း၍ အကြမ်းအနု၊ ကြည်မှုရွှင်မှု၊ လွမ်းမှု စသည်တို့ဖြင့် ဖတ်ရှုသူတို့ စိတ်နှလုံး ရွှင်ပြုံး နှစ်သက်ရလေအောင် (အထက်တစ်ကြိမ်က **စံပယ်ပင်** ဝတ္ထုနှင့် ဖြေဖျော်သူ ပျော်တော်ဆက် မောင်စံပယ်က) ပြည့်စုံစွာ တန်ဆာဆင်၍ ဖွဲ့နွဲ့သီကုံးလိုက်ပါသော ဤဝတ္ထုမှာ ဥပမာလျှင် များစွာသော ကြယ်တာရာအပေါင်း ခြံရံလျက် ဒီပါကျွန်းလုံး၏ အသရေဖြစ်သော၊ ချမ်းအေးသော အရောင်ကို ဆောင်သော လနှင့် တူရကား...

လစန်းသော်တာ မျှော်ခါတ၊ ပေါ်လာသဖျှာ ဖွေးဖွေးသွင်၊ ရော်ခါသမယ၊ ရေးရေးယခင်လို၊ အေးအေးရွှင်ရွှင် ရှိသည်သို့။ ။ ရွှေပြည်စိုးဇာတ်၊ အိုရှုပါရင်၊ ထိုဥပမာလျှင် ချမ်းအေးကြည်လိမ့်ကိုယ့်။ ။ ကြယ်စုံဝန်းခ၊ ရှိတာရာမှာ၊ စိစိဖြာဖြာ၊ ဟို့ဟိုဟို့၊ ဣတိတသွာ၊ ထို့ထို ထို့ကြောင့်၊ ပျို့ပျို အပျို့ မယ်နှင့်မောင်၊ နုနယ်ညှတယ်၊ ခုဝယ် သမယ၊ ရှုဖွယ်တမျှ၊ လမင်းသော်တာရောင်။ ။ ဘာနုမင်းသို့ ခြည်တစ်ထောင်လို၊ အရည်မပြောင်၊ သော်ကတဲမင့်၊ ပျော်ပွဲဖျော်နွဲ–ရွှင်ဖို့စေရာ၊ ဆင်တို့လေရပါ။ ။ ရွှေပြည်စိုးငှက် သံသာသာလို၊ ထံတျာတျာ စိမ့်နားချိုလိမ့်လေး။ ။

စံပယ်
ပျော်တော်ဆက်

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၁)

သဗ္ဗညု မြတ်စွာဘုရားသခင်သည် သက်တော်ထင်ရှားရှိစဉ် ဒေသစာရီ ကြွချီတော်မူ၍ ရခိုင်ဓညဝတီသို့ ရောက်တော်မူသောအခါ မင်းနှင့်တကွသော ပြည်သူပြည်သားတို့အား တရားရေအေး တိုက်ကျွေးတော်မူပြီးသော အဆုံးတွင် ဓညဝတီပြည့်ရှင် ဘုရင် စန္ဒသူရိယမင်းက ဤသို့ နားတော်လျှောက်၏။

'ဘုန်းတော်ကြီးလှပါသော အရှင်မြတ်စွာဘုရား၊ အရှင်မြတ် ကြွသွားတော်မူပါလျှင် တပည့်တော်တို့နှင့်တကွ များစွာသော လူအပေါင်းတို့ ညွတ်ပျောင်း ကော်ရော် ဖူးမြော်ဆည်းကပ် ကိုးကွယ်ရန် နိမိတ္တကိုယ်စား အရှင်မြတ်ရုပ်ပွားကို တည်ထားတော်မူခဲ့ပါမည် အကြောင်း' နှင့် လျှောက်ကြားလေသော် မြတ်စွာဘုရားသခင်သည် ရှေးအစဉ် ပွင့်တော်မူကုန်ပြီးသော နောင်တော်ဘုရားများလည်း ရုပ်ပွား ဆင်းတု တည်ထားပြုဖူးကြောင်းကို မြင်တော်မူလျှင် ဝေနေယျတို့၏ အကျိုးငှာ ကိုယ်စားတော်မြတ်ဖြစ်သော မဟာမုနိရုပ်ပွားတော်ကို ရင်ငွေ့တော်မြတ်ကို ယူလျက် ရုပ်တုတော် ဦးခေါင်းတွင် ထည့်တော်မူ၍ သွန်းထားတော်မူခဲ့လေသတည်း။

သက္ကရာဇ် ၁၁၄၆ ခုနှစ်တွင် ရခိုင် ဓညဝတီ ပြည်အလုံး ဝိပ္ပလ္လာသဖြစ်လျက် သောင်းကျန်းပုန်ကန် လုယက်ဖျက်ဆီး၍ မီးကဲ့သို့မက ပူလောင်



mgyoe.com

m.gyoe.com SAMPLE BOOK

ပြင်းပြ နေ့ညမအေး ရှိနေကြောင်းများနှင့် အမရပူရ ရွှေပြည်ကြီးကို ပထမ တည်ထောင် အုပ်ချုပ်၍ မင်းလုပ်တော်မူသော ဆင်ဖြူများသခင် အရှင် ဘဝ ရှင် ဘိုးတော်မင်းတရားကြီးဘုရား၏ ရွှေနားတော်မြတ် ကြားသိတော်မူလျှင် သားတော်ကြီး အိမ်ရှေ့နန်းလျာ မဟာဥပရာဇာအား ဓညဝတီပြည်ကြီးကို သိမ်းယူရမည်ဟု အမိန့်တော်မြတ် မှတ်တော်မူလေ၏။

ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ရွက်ဆင်လျက် သားတော်ကြီး မဟာဥပရာဇာသည် အမရပူရမြို့တော်က ချီတော်မူသည့်နေ့ စစ်ကိုင်း အောင်မြေ လောကဆိပ်တွင် တပ်အောင်မြေ နင်းပြီးလျှင် ဆင်တပ်၊ မြင်းတပ် ဟူသမျှကို ကြည်းကြောင်းနှင့် ချီစေ၏။ အောင်မြေလောက ဘုရားရှင်ကို သုံးရက် ပူဇော် ကန်တော့ပြီးနောက် ဟင်္သာရွှေဖောင်ကို စီးတော်မူပြီးလျှင် ဟန့်စည်၊ ဟန့် မောင်း၊ စည်ကြီးပတ်သာ၊ ခရာဒုံမင်း၊ ခရုသင်း တံပိုးတို့ဖြင့် အောင်သာကြော်ငြာ တီးမှုတ်၍ ဓညဝတီ ရခိုင်မြို့သို့ ချီတက်တော်မူလေ၏။

"ဘုန်းရှိရောက်က ဘုန်းမဲ့ ပျောက်ရသည်" ဟူသော ရှေးသူဟောင်း တို့ စကားနှင့်အညီ ရခိုင်မင်း မဟာသမ္မတရာဇာသည် သားတော်ကြီး ဥပရာဇာ ၏ ဘုန်းတော်ရှိန်ကို မခံဝံ့ခြင်းကြောင့် ထွက်ပြေးတိမ်းရှောင်နေသောအခါ သားတော်ကြီး မဟာဥပရာဇာသည် ဓညဝတီ ရခိုင်တစ်မြို့လုံးကို သိမ်းယူ တော်မူ၍ ထီးစည်မှန်ကင်းများကို ချလှဲ သိမ်းရုပ်တော်မူပြီးလျှင် ခမည်းတော် ဘုရားထံ ရခိုင်ပြည် အလုံးကို အလိုတော်ပြည့်ကြောင်းနှင့် ရွှေတောင်သခ် ကျော်ထင်ကို လျှောက်စေခိုင်းတော်မူလေ၏။

ရခိုင်ဘုရင် မဟာသမ္မတရာဇာကို ရေကြောင်း၊ ကြည်းကြောင်း စည်း ကြပ်၍ ဖမ်းစေပြီးလျှင် မင်းနှင့်တကွ မိဖုရားခေါင်ကြီး၊ တောင်ဆောင်မိဖုရား၊ မြောက်ဆောင်မိဖုရား၊ သားတော် သမီးတော်၊ မှူးတော်မတ်တော်၊ ဗိုလ်မှူး တပ်မှူး၊ ခြွေရံသင်းပင်းများတို့ကို နေပြည်တော်သို့ ဆောင်ယူတော်မူစေပြီး နောက် မဟာဥပရာဇာမှာ ကိုယ်တော်တိုင် ကြပ်မတ်၍ မဟာမုနိ ရုပ်ရှင်တော် မြတ်ကို ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ရွှေတန်ဆောင်တိုင်၊ ငွေတန်ဆောင်တိုင်၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်တို့ဖြင့် ကြိမြှောက်ပူဇော်၍ ရှိသေစွာ လက်ယာရစ် ရှိခိုးကန်တော့ပြီးလျှင် နေပြည်တော်သို့ ပင့်ဆောင်တော်မူလေ ၏။

စစ်ကိုင်းမြို့သို့ ဆိုက်ရောက်တော်မူသောအခါ ဘဝရှင် မင်းတရား


mgyoe.com

mgyoe.com

သည် စစ်အင်္ဂါလေးပါး ခြံရံလျက် ဆီးကြိုတော်မူပြီးလျှင် ဧရာဝတီမြစ်တွင်းသို့ လည်ပင်းတော်ကို ရေမြုပ်အောင်ဆင်းသက်၍ ပင့်ဆောင်တော်မူ၏။ ရွှေမြို့တော်သို့ ဆိုက်ရောက်သောအခါ အမရပူရမြို့တော်၏ မြောက်ယွန်း၊ တက်သေးရွာ၏ အရှေ့မြောက်ဆိပ်ကမ်းတွင် ဖောင်တော်ဆိုက်ကပ်၍ ၎င်း ဖောင်တော်ဆိပ်တွင် လောကထွဋ်ခေါင် စေတီတော်ကို တည်ထားကိုးကွယ်တော်မူ၏။ "ဖောင်တော်ဦးဘုရား" ဟုလည်း ကျော်စောထင်ရှားလျက် ရှိ၏။

ထိုဖောင်တော်ဦးဘုရား၏ အရှေ့မျက်နှာ သာယာညီညွတ်လှသော မြေအပြင်ဝယ် ဖန်မှန်တို့ဖြင့်ပြီးသော အုတ် အင်္ဂတေတို့၏အပဥ္စ ရတနာမျိုးတို့ဖြင့် မွမ်းမံခြယ်လှယ်အပ်သော ဘုံကိုးဆင့်ရှိ ပြာသာဒ်တော်ကြီးတွင် တံတိုင်းမီးတား သုံးထပ်ခြံရံလျက် လက်ဆေးတော်ကန်၊ ခြေဆေးတော်ကန်ပါ ဝဲယာလေးမျက်နှာ ဗိမာန်အဆောက်အဦတို့ကို တည်လုပ် လှူဒါန်းတော်မူပြီးလျှင် ရခိုင်ပြည်ပါ များစွာသော ကျွန်သီးတော်တို့ကို စည်တီး၊ တံမြက်လှည်း၊ ရွှေကရားနှင့် ရေစက်သွန်းချ၍ မင်းနှင့်တကွ ပြည်သူပြည်သားတို့သည် နေ့ညဥ့်မပြတ် ကိုးကွယ်ဆည်းကပ် လှူဒါန်းကြလေ၏။

ယင်းသို့ မြန်မာမင်းအဆက်ဆက် မင်းနှင့်တကွသော ပြည်သူပြည်သားတို့ နေ့ညဥ့်မပြတ် ကိုးကွယ်ဆည်းကပ် လှူဒါန်းလာရာတွင် ဘုရင်သီပေါမင်းတရား ရွှေလက်ထက်တော် သက္ကရာဇ် ၁၂၄၅ ခု၊ မန္တလေးရွှေမြို့တော် အနောက်မျက်နှာ ရတနာဘုမ္မိရပ်က စ၍ မီးသင့်လောင်ရာ မဟာမုနိရုပ်ပွားတော်မြတ် ကိန်းဝပ်တော်မူသည့် ဂန္ဓကုဋိ ပြာသာဒ်တော်ကြီးနှင့်တကွ လေးမျက်နှာ အာရုံခံ စောင်းတန်းများပါ မီးသင့်လေ၏။ ခမည်းတော် ပဌမ သင်္ဂါယနာတင် မင်းတရားကြီးကဲ့သို့ သာသနာတော်ကို အလွန်အကြူး ချီးမြှောက်လိုသော စေတနာတော် ရှိတော်မူသည့်အတိုင်း ဘုရင် သီပေါမင်းတရားသည် ဂန္ဓကုဋိ ပြာသာဒ်တော်ကြီးနှင့်တကွ အာရုံခံ စောင်းတန်းများကို ရှေးကထက် အထူးသဖြင့် လုပကောင်းမွန်ခြင်းနှင့်တကွ ထာဝရ အစွန့်ရှည်စွာ သာသနာ ငါးထောင်ပတ်လုံး ခိုင်ခံ့တည်ထွန်းလေအောင် ပြင်ဆင်လုပ်ဆောင် လှူဒါန်းတော်မူလေ၏။

ရုပ်ရှင်တော်မြတ်မှာ မီးသင့်လောင်၍ မျက်နှာတော် လက်လေးသစ်ခန့်ကွဲအက်ရာ ရောင်လျှံတော် မပွင့်မလင်း ရှိသည်ကို သံဃာ့ရာဇာ သံဃုတ္တမဖြစ်တော်မူသော "မာလာလင်္ကာရ သာသနဓဇ ဓမ္မသေနာပတိ အတုလဓိပတိ

သီရိပဝရ မဟာဓမ္မရာဇာဓိ ရာဇာဂုရု တံဆိပ် နာမံတော်ရှိသော” သာသနာပိုင် ဆရာတော်ဘုရားကြီးနှင့် ဘဝရှင် မင်းတရားကြီးဘုရားတို့ ကိုယ်တော်တိုင် လက်ဝဲလက်ယာ ကြပ်မတ်တော်မူလျက် ပဉ္စသီခ နတ်သား၏ စောင်းသံနှင့် တူသော တူရိယာမျိုး ငါးပါး၏ အသံတို့ကို တစ်ပြိုင်နက် တီးမှုတ်စေပြီးလျှင် မျက်နှာအသွင် ဖွင့်လှစ်တော်မူစေရာ သယမ္ဘျငုံအာ၊ ပဒုမ္မာမုံရင့်၊ ပွင့်လုဆဲဆဲ၊ လွန်ကဲ ထူးမြတ်သော ဒဗ္ဗသမ္ဘာရ အဆောက်အဦတော် ရှိသည်ဖြစ်၍ ကဏ္ဍာမှ သရက်ဖြူပြင်ရင်း၌ မြတ်စွာဘုရား တန်ခိုးပြာဋိဟာ ပြတော်မူသည့်ပမာ ရောင်ခြည်တော် ကွန့်မြူးလျက် လက်လေးသစ်ခန့် ကွဲအက်သော မျက်နှာတော် သည် စန္ဒပုဏ္ဏမီ၊ တိထိစက်ဝန်းကဲ့သို့ ရွှန်းသစ်သော အဆင်းမြတ်သည် လျှပ်လျှပ်မစဲ ဖူးမရဲအောင် အမြဲခုတိုင် ထိန်လင်းတောက်ပတော်မူလျက် ရှိ လေ၏။

ယင်းသို့ အရပ်ရပ် ဆောက်လုပ် လှူဒါန်းတော်မူပြီးနောက် ၁၂၄၆ ခု ဝါဆိုလဆန်း ၁၃ ရက် စနေနေ့တွင် တပ်ဝင်းအခမ်းအနားတို့ဖြင့် မိုးမြေငြိမ့် မျှ ကျင်းပခင်းကျင်း၍ မဟာမုနိဘုရားရှေ့ တောင်ဘက် စံနန်းတော်သို့ ဘဝရှင် မင်းတရားကြီးဘုရားနှင့် အရှင်မိဖုရားခေါင်ကြီး ဘုရားတို့ ထွက်စံတော်မူပြီး လျှင်၊ မင်းညီမင်းသား မှူးတော်မတ်တော်တို့ အစုံအညီ ကောင်းမြတ်သော မင်္ဂလာ အခါတော်တွင် ဝိသုကြုံ မကိုဋ်တော်ကြီးနှင့် ဆင်တော်မူရန် တန်ဆာ တော်များကို စက်ကိရိယာအစုံ ကျင်းပ ခင်းကျင်းလျက် အမြောက်မီးပေါက် သုံးဆယ့်ရှစ်ချက် ပစ်ဖောက်၍ နေ့ချင်းပြီး တင်လှူတော်မူသည့်အပြင်၊ မဟာရံ တံတိုင်း လေးမျက်နှာတွင် ဝတ္ထုကံမြေ အလှူတော်များပါ လှူတော်မူပြီးမှ နားခံတော်တို့ကို ဆုတောင်းစာ ဖတ်လျှောက်မြဲ ဖတ်လျှောက်စေပြီးလျှင် ထိုနေ့ သုံးချက်တီး အချိန်တွင် ရွှေနန်းတော်ကြီးသို့ ဝင်စံတော်မူကြလေ၏။

ထိုသည့်နေ့၌ မန္တလေး ရွှေမြို့တော် လေးမျက်နှာမှ မဟာမုနိဘုရား ကို ဖူးမြော်ပူဇော် ကန်တော့ရန် ဝတ္ထုအရပ်ရပ်နှင့် လာရောက်ကြကုန်သော ပြည်သူပြည်သားတို့မှာ ဥပမာလျှင် ပိုးပုရွက်တို့သည် ကျော်နင်းတိုးဝှေ့ သွား လာဘိသကဲ့သို့ တစ်ဦးနှင့်တစ်ဦး ပူးပူးကပ်ကပ်၊ ကျပ်ကျပ်ဝှေ့ဝှေ့၊ တရွေ့ရွေ့၊ တတွားတွားနှင့် သွားလာကြရလေ၏။ အသက် လေးဆယ်ကျော် အရွယ်အို ယောကျ်ားတို့မှာ အဝတ်အဖြူ တဘက်သိုင်းနှင့်၊ မိန်းမကလေး အပျိုဟူသမျှတို့ မှာ မိမိတို့ အင်အားအလျောက် ယဉ်ကျေးလှပသော ဝတ်စားတန်ဆာ ဆင်ယင်



mgyoe.com

ပြီးလျှင် ဆံမြိတ်ချ၍ ကိုယ်ကျပ်အင်္ကျီနှင့် ရှိကြလေ၏။ ယောက်ျားကလေး လူပျိုဟူသမျှတို့မှာလည်း ယဉ်ကျေးလှပသော အဝတ်ပုဆိုးများကို ဝတ်ဆင်ပြီးလျှင် အချို့မှာ သားမွေးအင်္ကျီ၊ အချို့မှာ ဝှမ်းထိုးပုံတော်၊ အချို့မှာ ထိုင်မသိမ်းအင်္ကျီ ရှိကြလေ၏။

ဤကဲ့သို့ လူပျိုကလေး၊ အပျိုကလေးတို့သည် လှပစွာ ဝတ်ဆင်၍ ရွှင်ရွှင်ပျပျနှင့် ဘုရားကို ပူဇော်ကန်တော့ နေကြရာတွင် အသက် ၁၆ နှစ်ရွယ် သူငယ်အပျိုမကလေး တစ်ယောက်သည် ပုဏ္ဏားဆင် ဇလာထဘီ အဝါပန်းကြောင်းထိုး၊ ဇန်းမော်ပုံ ပိုးအင်္ကျီကို ဝတ်ဆင်၍၊ နားမှာ ပန်းပေါင်း နားတောင်း အနက်ကို ပန်ဆင်၍၊ ဆံထုံးမှာ လလယ်ယုန်ထုံး၍ မြောက်မျက်နှာ တန်ဆောင်းမှ ညိုးငယ်သော မျက်နှာနှင့် ဘုရားပုထိုး ကန်တော့ရန် အသက်ခြောက်ဆယ် ကျော်အရွယ် အမယ်အိုကို တစ်ယောက်နှင့်အတူ ဝင်လာလေ၏။

ဆံထုံး ထုံးခြင်းမှာ ရှေးအခါ နန်းထဲတွင် လလယ်ယုန်ထုံးခြင်း၊ စံပယ်ငုံထုံးခြင်း ဟူ၍ နှစ်မျိုးရှိ၏။ လလယ်ယုန်ထုံးခြင်း ဆိုသည်မှာ အောက်မြို့က တစ်ပတ်ရစ်ဆံထုံးနှင့် ထပ်တူ ရှိလေ၏။ စံပယ်ငုံထုံးခြင်း ဆိုသည်မှာ နှစ်ပတ်ရစ် ဆံထုံးနှင့် ထပ်တူ ရှိလေ၏။ ထို့ကြောင့် တောင်တွင်းကြီးမြို့ စာရေးတော်ကြီး ဦးကြော့ ရေးသားသော စုံနံ့သာမြိုင် ရာပုံတော်ကြီးတွင် "ကေသီတော်ညက်၊ မြစပယ်ငုံ လလယ်ယုန်၊ ဆဆယ်ပုံ ပျက်ခဲ့ပေါ့" ဟု ဆိုရာတွင် ဤဌါ စပယ်ငုံဟု စပ်ဆိုခြင်းသည် ဝါစာသိလိဋ္ဌ ဖြစ်စေရန် လလယ်ယုန်၏ ကာရန်ကို ငဲ့၍ စပ်ဆိုရလေ၏။

အထက်က ဖော်ပြခဲ့သည့်အတိုင်း မြောက်မျက်နှာ တန်ဆောင်းမှ ဝင်လာသော သူငယ်အပျိုမကလေးနှင့် အမယ်အိုကြီးတို့သည် ဘုရားကန်တော့ရန် ထိုင်မည် ပြုလုပ်သောအခါ သုံးတောင်ခန့် အကွာတွင် အသက်ဆယ့်ရှစ်နှစ် အရွယ် သူငယ်ပျိုကလေး တစ်ယောက်သည် ဘုရားကို ပူဇော်ကန်တော့ ရှိခိုးနေသည်ကို မြင်၍ အပျိုမကလေးသည် မျက်တောင်မျှမခတ်ဘဲ ကွမ်းတစ်ယာညက်ခန့် ကြည့်နေရာတွင် အမယ်အိုက ပါလာရင်း ဖယောင်းတိုင်ထုပ်ကို ဖြေ၍ ဖယောင်းတိုင်နှစ်တိုင်ကို ရှိသေစွာ အနီးဌါ ဝပ်တွား၍ 'ပူဇော်ရန် ဖယောင်းတိုင်ပါ ဘုရား' ဟု ပြောဆို ပေးကမ်းသောအခါ အပျိုမကလေးသည် ရုတ်တရက် သတိရပြီးလျှင် ဖယောင်းတိုင်ကို လှမ်းယူပြီးမှ 'ဖယောင်းတိုင်


mgyoe.com

mgyoe.com SAMPLE BOOK

များ အနီးအနားက ဘုရားဖူးများကို ပူဇော်ရန် ကမ်းလှမ်းလိုက်ပါ' ဟု ပြောဆို လိုက်လေ၏။

ဤကဲ့သို့ အပျိုမကလေးက ပြောဆိုလိုက်လျှင် အနပ်အပါးမှာ နတ်သိကြားပင် အံ့တစ်ပါး ထင်ရသော အမယ်အိုက လူပျိုကလေးထံ ဦးစွာ တိုက်ရိုက်သွားရောက်၍ 'ဘုရားကို ပူဇော်ရန် ဖယောင်းတိုင်ပါ မောင်၊ ဖယောင်းတိုင်ရှင် အတွက်များ ဆုတောင်းပတ္ထနာ တောင်းလိုက်ပါ' ဟု ဖယောင်းတိုင်နှစ်ချောင်းကို လူပျိုကလေး၏ လက်တွင် ထည့်ပြီးမှ မိမိ၏ အတွက် ဖယောင်းတိုင်တစ်ချောင်းကို ယူ၍ ကျန် ဖယောင်းတိုင်များကို အနီးအပါးရှိ ဘုရားဖူးများကို တစ်ချောင်းစီ ကမ်းလှမ်းဝေငှပြီးလျှင် အပျိုမကလေး၏ နောက်ပါးက ထိုင်၍ ဘုရားကို ရှိခိုးပူဇော် ကန်တော့လေ၏။

အပျိုမကလေးသည် အမယ်အို ဖယောင်းတိုင် ကမ်းလှမ်းနေစဉ် လူပျိုကလေးကို တစိမ့်စိမ့်နှင့်ပင် ကြည့်ရှုလျက် နေလေ၏။ အမယ်အိုက ဖယောင်းတိုင် ကမ်းလှမ်းသောအခါ လူပျိုကလေးသည် မျက်စိဖွင့်၍မျှ မကြည့်၊ မှိတ်၍သာ ဘုရားကို အာရုံပြုလျက် နေလေ၏။ အမယ်အိုနှင့်မှ တစ်ပြိုင်နက် ဘုရားကို ပူဇော်ကန်တော့ပါမည် ဟူသော အဓိပ္ပာယ်နှင့် အမယ်အို ဖယောင်းတိုင် ကမ်းလှမ်းပြီးသည်တိုင်အောင် အပျိုမကလေးသည် လူပျိုကလေးသို့ တစိမ့်စိမ့်နှင့်ပင် ကြည့်ရှုလျက် နေလေ၏။

နောက်ပါး၌ အမယ်အို လာရောက် ထိုင်မိသော အခါမှပင် အပျိုမကလေးသည် ဘုရားကို ကန်တော့၍ ရှိခိုးလေ၏။ ရှိခိုးပြီး၍ တစ်ကြိမ်မျှ ဝတ်ချရသေးလျှင်ပင် လူပျိုကလေးဘက်သို့ စောင်းမြောင်း၍ တစ်ဖန် ကြည့်လိုက်ပြန်သောအခါ မမြင်လိုက်သည်နှင့် ဆက်လက်၍ ဝတ်မချနိုင်သေးဘဲ ဣန္ဒြေကိုမျှ ဆောက်တည်နိုင်ခြင်း မရှိ၊ တလှည့်လှည့်နှင့် တောင်ကြည့် မြောက်ကြည့် ကြည့်ရာတွင် လူပျိုကလေးသည် ပန်းခုံတိုင်အနီး ဘုရားမီး ပူဇော်လျက် နေသည်ကို မြင်ရမှ ဆက်လက် ဝတ်ချ၍ ကန်တော့လေ၏။

အမယ်အိုမှာ ဘုရားရှိခိုး၍ ပြီးနှင့်သည်နှင့် သူငယ်ပျိုမကလေး၏ အမူအရာ အလုံးစုံကို မြင်လိုက်လျှင် ဝမ်းတွင်းကပြုံး၍ အပျိုမကလေး ကန်တော့ပြီးသည်တိုင်အောင် စောင့်ဆိုင်းလျက် နေလေ၏။ ပြီးလျှင်ပြီးချင်း အမယ်အိုသည် အပျိုမကလေး၏ ဖယောင်းတိုင်များကို ယူပြီးလျှင် လူပျိုကလေးရှိရာ အနီးသို့ သွားရောက်၍ 'မောင်မောင်ကလေး စိတ်လည်း မရှိပါနှင့်၊ တစ်ဆိတ်


mgyoe.com

m gyoe.com  SAMPLE BOOK 

လောက် ဘုရားမီး ပူဇော်ပေးပါ’ ဟု ဖယောင်းတိုင်ကို ကမ်းလှမ်းပေးရာ လူပျို ကလေးက ယူ၍ ပူဇော်ပေးလေ၏။

ဘုရားမီး ပူဇော်၍ ပြီးသောအခါ လူပျိုကလေးသည် ဘုရားကို သုံးကြိမ် ကန်တော့၍ သွားတော့မည် အပြုတွင် အမယ်အိုက မေးလိုက်သည်မှာ ‘မောင်မောင်ကလေးကတော့ ဘယ်အရပ်ကပါလဲ၊ တစ်ယောက်တည်း ဘုရားဖူး လာပါသလား’ ဟု မေးလိုက်လျှင် လူပျိုကလေးက ‘မှန်လှပါ တစ်ယောက် တည်းပါ၊ ကျွန်တော်များ ဂုဏ်တန်ရပ်မှာ နေပါတယ်’ ဟု ပြန်၍ ပြောလေ၏။

အမယ်အိုက တစ်ဖန်ပြန်၍ မေးလိုက်သည်မှာ ‘ဂုဏ်တန် ဘယ်နားက ဘယ်သူ့သားများပါလိမ့်’ ဟု မေးလျှင် လူပျိုကလေးက ‘အကောက်ဝန်မင်း သားပါ’ ဟု ပြောလေ၏။ ထိုအခါ အမယ်အိုက တအောင့်ကြာ စဉ်းစားပြီးမှ–

‘ဩော်… ဘုန်းတော်ကြီးဘုရား လက်ထက်တော်က အကောက်တော် ဝန်မင်း ဦးစိ၊ ဂုဏ်တန်မှာ ခနုဖြူမိဖုရားတိုက်တော် အနောက်ဘက်က ကပ်၍ နေတာ မဟုတ်ပါလား’ ဟု ထပ်၍ မေးလေသောအခါ ‘မှန်လှပါတယ်’ ဟု လူပျိုကလေးက ပြန်၍ ပြောလိုက်လေ၏။

အမယ်အိုက ‘သည်အနားမှာ ညှော်လှပါတယ် မောင်မောင်ကလေး ရယ်၊ ဟိုအနား ရွှေ့၍ စကားပြောကြရအောင်’ ဆိုပြီးလျှင် အပျိုမကလေး ရှိရာအနီးသို့ သွား၍ထိုင်ပြီးမှ ‘အကောက်ဝန်မင်း အနိစ္စရောက်တာကတော့ ဘယ်လောက် ကြာပါပလဲ’ ဟု ဆက်လက်၍ မေးလေ၏။ လူပျိုကလေးက ‘ကျွန်တော်များ အဘ ကျေးဇူးရှင် ကွယ်လွန်အနိစ္စရောက်သည်မှာ အခါလည် ကျော်လောက် ရှိပါပြီ၊ မယ်မယ်နှင့် သိတော်မူကြရဲ့လား’ ဟု ပြန်၍ မေးသော အခါ အမယ်အိုက ‘လူချင်းဖြင့် တယ်မကျွမ်းကြပါဘူး မောင်မောင်ကလေး ရယ်။ နို့နေပါဦး၊ မောင်မောင်ကလေးတို့ မွေးသမိခင် ကံကုန်ပြီးနောက် ဝန်မင်းကြီး နောက်ထပ် ဆက်လက်၍ အိမ်ထောင်ပြုပါသေးသည် မဟုတ်ပါ လား’ ဟု မေးလေ၏။

လူပျိုကလေးက ‘မှန်လှပါ၊ ပြုပါသေးသည်’ ဟု ပြောသောအခါ အမယ်အိုက ‘ဩော်… ဟုတ်ပါသေးသားကလား၊ သမီးကလေး တစ်ယောက် ပင် ရ၍ ခင်ခင်သော့ ဆို ထင်ပ၊ နို့နေပါဦး မောင်မောင်ကလေးရယ်၊ သည် ခင်ခင်သော့ သားအမိတို့ကော ယခု ဘယ်ဆီမှာ နေကြပါလိမ့်မလဲ’ ဟု မေး လေ၏။ ထိုအခါ လူပျိုကလေးက စဉ်းစားလိုက်သည်မှာ “အင့်ဟင် အမယ်ကြီး


mgyoe.com

mgyoe.com
SAMPLE BOOK


ကလည်း လူချင်း မသိဘူးလို့လည်း ဆိုသေး၊ အခုပြောတဲ့ အကြောင်းများ ကတော့ အသိယောင်း အကျွမ်းဟောင်းနှင့် တူလှချေ၏ တကား” ဟု အောက်မေ့ပြီးလျှင် ‘ကျွန်တော်များ ယခု ဇနေဖြူမိဖုရားတိုက်တော် အနီးတွင် ခင်ခင်သော့တို့နှင့် အတူပင် နေကြပါတယ်’ ဟု ပြန်၍ပြောပြီးမှ အမယ်အို မျက်နှာနှင့် အနီး၌ ထိုင်လျက်ရှိသော အပျိုမကလေး မျက်နှာများကို တစ်ပြန်စီ ကြည့်လျက် နေလေ၏။

အမယ်အိုက တစ်ဖန် မေးလိုက်ပြန်သည်မှာ ‘ခင်ခင်သော့ ယခုဖြင့် ၁၃ နှစ်လောက် ရှိရော့မယ်၊ သူတို့သားအမိ နှစ်ယောက်ကော မောင်မောင် ကလေးရယ် ကျန်းကျန်းမာမာ ရှိကြပါစ’ ဟု မေးသောအခါ လူပျိုကလေးက ‘ရတနာသုံးပါး ဂုဏ်ကျေးဇူးတော်မြတ်ကြောင့် ကျန်းကျန်းမာမာပဲ ရှိကြပါတယ်။ နှမကလေး ခင်ခင်သော့မှာ လွန်ခဲ့တဲ့ နယုန်လကပင် ၁၅ နှစ် တင်းတင်းပြည့်၍ ယခု ၁၆ နှစ်ထဲမှာ ရှိပါတယ်။ မယ်မယ်ကတော့ ဘယ်ဆီက ပါလဲ။ သည်က နှမကလေးနှင့်တော့ ဘယ်လိုများ တော်ကြပါသလဲ’ ဟု ပြန်၍ မေးသည့်အတွင်း၊ အနောက်မျက်နှာ အာရုံခံတန်ဆောင်းဘက်က ဆိုင်းတန်းရပ် ကာလသား တစ်စုတို့နှင့် ဈေးကြိုတော်ရပ် ကာလသားတစ်စုတို့ အထက်က ရန်စရှိကြသည်နှင့် ရိုက်ခတ်သတ်ပုတ်ကြရာ ဘုရားဖူးတစ်စုတို့ ရှန်းရင်းဆန်ခတ် ဖြစ်ကြ၍ အမယ်အိုသည် အပျိုမကလေး လက်ကို ဆွဲပြီးလျှင် မြောက်မျက်နှာ အာရုံခံတန်ဆောင်းပြင်ဘက်သို့ ခပ်သုတ်သုတ်နှင့် ထွက်သွားလေ၏။ လူပျိုကလေးလည်း တောင်ကြည့် မြောက်ကြည့်နှင့် အမယ်အိုတို့နှင့် ကွဲ၍ အရှေ့မျက်နှာ တန်ဆောင်းပြင်ဘက်သို့ ရောက်၍ သွားလေ၏။

တန်ဆောင်းပြင်ဘက်က ဘုရားပတ်လည် သုံးလေးပတ် ရှာဖွေပါသော်လည်း အမယ်အိုနှင့် အပျိုမကလေးတို့ကို မတွေ့သည်နှင့် နေအိမ်သို့ ပြန်ပါတော့မည်ဟု အနောက်မျက်နှာ တန်ဆောင်းမှ ထွက်လာရာ ခေါက်ဆွဲဖိုအနီး အသိတစ်ယောက်၏ အိမ်တွင် အပ်ထားခဲ့သော မိမိ စီးလာသော မြင်းကိုယူ၍ မြင်းပေါ်သို့ တက်မည့်အပြုတွင် မိမိအရှေ့ ပြလမ်းခွဉ် ဗီရိလှည်းပေါ်သို့ အမယ်အိုနှင့် အပျိုမကလေးတို့ လှမ်း၍ တက်နေသည်ကို မြင်လိုက်လေ၏။

အမယ်အိုနှင့် အပျိုမကလေးတို့သည် လှည်းပေါ်သို့တက်၍ အတော်လောက် နှင်မိကြသောအခါ အပျိုမကလေးက ဤသို့ စတင် မေးလေ၏။

‘အထိန်းတော်ကြီး’


mgyoe.com

mgyoe.com SAMPLE BOOK

'ဘုရား'

'တန်ဆောင်းထဲမှာ တွေ့ခဲ့တဲ့ အကောက်ဝန်မင်း သားနှင့် အထိန်းတော်ကြီးနှင့် ဘယ်မှာ သိကြပါသတုံး'

'မသိပေါင်ပါ'

'မသိပေလို့ အထိန်းတော်ကြီးရယ်၊ သိများသိမှဖြင့် ခက်ကောင်း ခက်ရလိမ့်မည်' ဟု မျက်မာန်တော် မပွားတပွားနှင့် မျက်နှာထား တစ်မျိုးပြင်၍ ပြောလိုက်သောအခါ အမယ်အို အထိန်းတော်ကြီးက "နွားပျိုသန်လျှင် နွားအိုပေါင်ကျိုးသလောက်ရှိသေးသပဲ" ဟူသော အဓိပ္ပာယ် မျက်နှာထားနှင့် ဤသို့ ပြောလေ၏။

'ဟို နှစ်နှစ်လောက်တုန်းက မြလက်စွပ်ကိစ္စနှင့် သွားတဲ့ အကောက်တော်ဝန်မင်းပေါ့ ဘုရာ့၊ သုဘာသုဘ နိမိတ္တံ ဆိုတာ သခင်မကလေး သတိထားတော်မူပါရဲ့လား'

'ပြောပဲ ပြောစမ်းပါဦး'

'သုဘာသုဘ နိမိတ္တံ ဆိုတာ ကောင်းသောကြမ္မာ၊ မကောင်းသော ကြမ္မာတို့ ပြုပြင်ဖန်ဆင်းတာကို ဆိုပါတယ်။ သည်တော့ ယောကျ်ား မိန်းမ ကြန်အင်လက္ခဏာတို့မှာ ဥတုဇကြောင့် အလိုလို ဖြစ်လာသည် မဟုတ်ပါ သခင်မ၊ ရှေ့ဘဝ ကုသိုလ်ကံ ဝေဖန်ပြုပြင်၍သာ ဖြစ်လာရပါတယ်၊ သခင်မလေး ယမန်နေ့က ရှုတော်မူတဲ့ ဓမ္မပဒကျမ်း၌ ပုညလက္ခဏာဒေဝီ၏ ဝတ္ထုကို ထောက်ထားပါလား ဘုရာ့၊ ယခုကာလ အမျိုးသားသမီးတို့မှာ ယောကျ်ားတို့၏ လက္ခဏာကြန်အင်္ဂါ ယုတ်သည် မြတ်သည်ကိုကား မရှု၊ အမှုပါပါနှင့် ဥစ္စာခနေကိုသာ ကြည့်ရှုလျက် မိတ်ပြုပေါင်းဖက် ဆက်လက် ချစ်ခင်ကြသည်သာ များကြပါတယ်။ စင်စစ်မှာ သခင်မလေးဘုရားရဲ့၊ ရွှေငွေဥစ္စာ အထုပ်ပင် မပါသော်လည်း ဓညပုညလက္ခဏာ၊ အင်္ဂါကြန်ကောင်း၊ ပျော့ပျောင်းညံ့နူ၊ မုဒုစရဏ၊ ပါဒလက်ခြေ၊ နီပြေသွယ်ညောင်း၊ ကောင်းသောနှုတ်လျှာ၊ ညီညွတ်စွာသော၊ ယောကျ်ားဖြစ်အံ့။ ကျွန်မ၏သားပင် ဖြစ်သော်လည်း နှစ်သက်ပေါင်းဖော်သင့်သည်ဟု မြန်မာကျမ်းဟောင်း၊ မြန်မာ့ထုံးဟောင်းများ ရှိပါတယ်'

'နို့ နေပါဦး အထိန်းတော်ကြီးရယ်၊ ယောကျ်ားများကကော ဘယ်လို မိန်းမများကို ရွေးချယ်ရပါသလဲ' ဟု အပျိုမကလေးက ထောက်၍ မေးလိုက်ရာ၊ အမယ်အို အထိန်းတော်က ဆက်လက်၍–


mgyoe.com

mgyoe.com

'လူပျိုကာလသားတို့ကလည်း အကြင်အမျိုးသမီးကို အိမ်ကြီးသခင် ပြု၍၊ ငယ်သူ့အနေ၊ မိတ်ဆွေစပ်ယှက်၊ ပေါင်းဖက်ကျွမ်းဝင်၊ ချစ်ခင်ဆပွား၊ မယားပြုလိုသည် ဖြစ်အံ့။ ထိုလူပျို ကာလသားသည် အရှင်နာရဒရသေ့ စီမံတော်မူသော လက္ခဏာကျမ်း မိန်းမခန်းကို အဖန်တလဲလဲ၊ မြစ္စွဲစေ့ငု နားလည်လိမ္မာအောင် ရှုပြီးလျှင် အိမ်ရေးအိမ်မှု၊ လုပ်ပြုဆောင်ဖွယ်၊ သက်လှယ်ရွယ်နု၊ မိမယ်ပုနှင့်၊ နှစ်ကိုယ့်တစ်စိတ်၊ မိတ်တစ်သက်ပန်၊ ဆက်ဆံပေါင်းဖက်၊ ပြုသင့် မပြုသင့်ကို၊ နှိုင်းချင့်ထောက်လှမ်း၊ စုံစမ်းကြည့်ရှုရပါတယ် သခင်မ။ ဤသို့ ကြည့်ရှု၊ အရေးမှုနှင့်၊ ချစ်စုထိုက်တန်၊ ကြန်လက္ခဏာ၊ အင်္ဂါညီညွတ်၊ မိန်းမ မြတ်ကို၊ ကုတ်ကတ်ရှာယူနိုင်သော သူတို့မှာ ဇမ္ဗူတစ်ခွင်၊ ကျော်ထင်ဟိုးဟိုး၊ တန်ခိုးတေဇာ၊ ဉစ္စာစီးပွား၊ များ၍သက်ရှည်၊ ဖြစ်နိုင်မည်ကို၊ ကြံစည်အောက်မေ့ ခြင်း ရှိကြပါသဖြင့် ချမ်းသာမည်အကြောင်း ကောင်းကောင်းကြီး သတိဆောင် ရမတဲ့။ ယခုကာလ အမျိုးသား လူပျို မောင်ယောကျ်ားတို့မှာ မိန်းမတို့လက္ခဏာ ကြန်အင်္ဂါယုတ်မြတ်ကို မဖတ်မရှု၊ ရွယ်နုငယ်သွေး၊ ဖွေးဖွေးဖြူဖြူ၊ ခဏပန်း အမူနှင့်၊ မြူသလိုဟန်ပြု၊ မိမယ်ပုကို၊ ချစ်စုသက်လှယ်၊ ဆက်နွှယ်ယှက်တင်၊ ကြိုက်သွေးဝင်၍၊ အလျင်တလို၊ ကိုယ်ထိစိတ်ပါ၊ ပြုကြသည်သာ များကြပါ တယ်။ စင်စစ်မှာ မိဘဂုဏ်ဟိတ်၊ အရိပ်မကြီး၊ ကိုယ်ထီးနွမ်းနယ်၊ ဒုက္ခပင် ကြွယ်သော်လည်း ခညပုညလက္ခဏာ၊ အင်္ဂါကြန်ကောင်း၊ ပျော့ပျောင်းမူရာ၊ ပါဒါလက်ခြေ၊ နီပြေချောသွယ်၊ ရှုဖွယ်မညောင်း၊ ကောင်းသောနူတ်လျှာ၊ ညီ ဝါစိမ်းလဲ့၊ ဆပ်သဝါမဲ့ကဲ့သို့၊ နှိုင်းဘွဲ့မမှား၊ ကိုယ်သားကိုယ်ရေ၊ အနေအထိုင်၊ သပ်ရပ်ပြေပြစ်၊ နှစ်သက်ဖွယ်ကောင်းသော မိန်းမမြတ် ဖြစ်အံ့။ စုံမက်ပေါင်း ဖော် သင့်သည်ဟု လက္ခဏာကျမ်းများက ပြပါတယ်။ သခင်မကလေးကလည်း နားထောင်မှာ မထောင်ဘဲနှင့် ဘယ်ကို လှည့်လှည့်ကြည့်နေရပါသတုံး ဘုရား' ဟု အထိန်းတော်ကြီးက ပြောလိုက်လျှင် အပျိုသခင်မကလေးက 'ဟိုက မြင်းစီး လာတာ ဘယ်သူလဲလို့ ကြည့်ပါတယ်၊ ကဲ ပြောသာ ပြောပါ၊ နားထောင်နေ ပါတယ်' ဟု ပြောလေ၏။

အနုပ်အပါးမှာ နတ်သိကြား အံ့ရသော အထိန်းတော်ကြီးက ခပ်ပြုံးပြုံး နှင့် ဆက်လက်ပြန်သည်မှာ–

'လက္ခဏာကျမ်း အဆိုမှာတော့ ဘုရာ့၊ အလုံးစုံ ကိုယ်အင်္ဂါထက် ဦးခေါင်းက မြတ်ပါသည်၊ ဦးခေါင်းထက် မျက်နှာက မြတ်ပါသည်၊ မျက်နှာ


mgyoe.com

mgyoe.com

ထက် နှာခေါင်းက မြတ်ပါသည်၊ နှာခေါင်းထက် ချစ်ဖွယ်ရှိသော မျက်စိက မြတ်ပါသည်၊ ချစ်ဖွယ်ရှိသော မျက်စိထက် အလုံးစုံ ကိုယ်အဆင်းလှခြင်းက မြတ်ပါသည်၊ ကိုယ်အဆင်းထက် အသံ သာယာခြင်းက မြတ်ပါသည်၊ အသံ သာယာခြင်းထက် အလုံးစုံ ပညာနှင့်ယှဉ်၍ တည်သော သူတော်ကောင်းသဘော ရှိသော စိတ်က သာလွန်၍ မြတ်ပါသည်။ ဤကဲ့သို့ လောကီကျမ်းက ကိုယ် အင်္ဂါ လက္ခဏာတို့၏ တစ်စတစ်စ သာလွန်မြင့်မြတ်ကြောင်း ပြပါတယ်။ ခုတင်က သခင်မကလေး အပါး လာ၍ထိုင်တဲ့ အကောက်ဝန်မင်း သား ဆိုတာ ဘုရား၊ နှာခေါင်းကလေးကလည်း နှာတံရှည်၊ လက်ခြေကလေးကလည်း ပျော့ပျော့ပျောင်းပျောင်း၊ တစ်ကိုယ်လုံး ကောင်းသောလက္ခဏာနှင့် ပြည့်စုံ သည့် အပြင် အသံကလေးကလည်း သာယာလိုက်ပါဘိသနှင့် ဘုရား။ မုချ ဘုန်းတန်ခိုးနှင့် ပြည့်စုံ၍ ဉစ္စာရှင်ခံရမယ့် မောင်ကလေးပဲ' ဟု ပြောသောအခါ သခင်အပျိုမကလေးက 'အထိန်းတော်ကြီး၊ သည်အရွယ်ကျတောင် လင်လိုချင် လို့ လင်ရွေးနေ ထင်ပါရဲ့။ ဟုတ်ပါရဲ့... ကြည့်ပါလား၊ ခေါင်းမှာတောင် ပန်းများ ပန်လို့' ဟု ခပ်ပြုံးပြုံး မရယ့်တရယ်နှင့် ကျီစယ်တော်မူလိုက်ပြီးလျှင် လှည်းနောက်သို့ တစ်ဖန် ကြည့်လိုက်ပြန်လေ၏။

ဤသို့ ကျီစယ်တော်မူလိုက်လျှင် အထိန်းတော်ကြီးသည် မိမိ၏ခေါင်း ကို စမ်း၍–

'ဟုတ်ပါရဲ့၊ ပန်းပန်ထားလိုက်တာ။ သည်လိုပါ သခင်မကလေး၊ "အိမ် အိုတော့ ကျားကန်ရပါသတဲ့။ လူအိုတော့ ပန်းပန်ရပါသတဲ့။" ဇရာရွယ်က ဖိစီးလို့ မရဏသေလမ်း နီးလေလေ လင်ရှာရလေလေပါ' ဟု အထိန်းတော်ကြီး က ပြောလိုက်လျှင် သခင်အပျိုမကလေးက–

'သည်အသက် သည်အရွယ်နှင့် တကယ်ပဲ လင်ရစေဦးတော့၊ သည် လင်ကို ဘယ်နေရာမှာ အသုံးချမလို့လဲ အထိန်းတော်ကြီးရဲ့' ဟု မေးလေ၏။ အထိန်းတော်ကြီးက ပြန်၍ ပြောလိုက်သည်မှာ 'နေရာမချတတ်ကြရင်သာပ သခင်မကလေး ဘုရား၊ နေရာတကျ နေရာများ ချတတ်တော့ ဒေဝါနတ်တို့ ကတောင် သာစုခေါ်စရာပါ။ ဟိုတစ်နေ့က ဘုရားကျွန်မ စံပယ်ပန်းကို ခူးပြီး တော့ ပန်ဖို့ ဘယ်သူကို ဆက်ရပါသလဲ ဘုရား။ သခင်မကလေးကိုပဲ ဆက်ရ ပါတယ် မဟုတ်ပါလား။ သို့ကြောင့်ပါ ဘုရား၊ စံပယ်ဆိုတော့ အမယ်အိုနှင့် မတန်၍ အရွယ်ပျိုတို့ ပန်ရန် ဆက်သရပါတယ်။ ဘုရား ကျွန်တော်မတို့မှာ


mgyoe.com

mgyoe.com SAMPLE BOOK

တော့ ကျေးကျွန်ဖြစ်၍ "အိပ်သော်နောက်ကျ၊ ထသော်ကားရှေး၊ ပေးမှယူအပ်၊ စေ့စပ်ဆောင်ရွက်၊ ကျေးဇူးမြွက်၊ ငါးချက် ကျွန်ကျင့်ရာ" ပါတဲ့။ အရှင်သခင် တို့ အိပ်သည့်နောက်မှ အိပ်ရခြင်း၊ အရှင်သခင်တို့ အလျင် တင်ကြို၍ အိပ်ရာ မှ ထရခြင်း၊ အရှင်သခင်တို့၏ ပစ္စည်းဥစ္စာကို ပေးမှ ယူရခြင်း၊ ပြုလုပ်ဖွယ် ကိစ္စကို စေ့စေ့စပ်စပ် ပြုလုပ်ဆောင်ရွက်ရခြင်း၊ အရှင်သခင်တို့၏ ဂုဏ်ကျေးဇူး ကို ချီးမွမ်းထုတ်ဖော် ပြောဆိုရခြင်း၊ ဤ၀တ်ငါးပါးနှင့် ပြည့်စုံရပါသောကြောင့် ဤကဲ့သို့ စေ့စပ်ဆောင်ရွက်ရပါသည်' ဟု ပြောလိုက်ရာ၊ သခင်အပျိုမကလေး က–

'သြော်... စံပယ်ဖြူပန်ဖို့ ဆက်ရသလို ယခုက အရွယ်တူကြဲဖို့ ဆက်သ လိုပါကြောင်းနှင့် စေ့စပ်ဆောင်ရွက်ရပါတယ် ဆိုပါတော့။ လားလားလေ အမယ်ကြီး ထုလိုက်ရ မကောင်းဘဲနေရော့။ ကလေးကို ဝါးဖတ်ခွံ့တဲ့ အမေ လို လုပ်ဦးမလို့လား' ဟု ခပ်ပြုံးပြုံးနှင့် ပြောလိုက်သည့်အဆုံး သခင်မကလေး သည် 'အလိုလေး အထိန်းတော်ကြီးရယ်၊ သေပါပြီ... သေပါပြီ' ဟု ထိုင်ရာမှ တကြွတကြွနှင့် ရင်ဝကို လက်နှင့် အသာအယာ မ လျက် လှည်းနောက်သို့ ငေး၍ကြည့်နေလေ၏။

ထိုအခါ အထိန်းတော်ကြီးက ပျာယီးပျာယာနှင့် 'ဘာဖြစ်ရပါသလဲ ဘုရား' ဟု မေးသောအခါ သခင်မကလေးက လှည်းနောက်သို့ လက်ညွှန်၍–

'အမယ်မင်း အထိန်းတော်ကြီးရယ်၊ ဟိုမြင်းပေါ်က လူဟာ မြင်းကြီး က ခုန်လိုက်ပေါက်လိုက်တာနှင့် ကံကောင်းလို့ လိမ့်မကျတယ်၊ မြင်းပေါ်က လူကြီးကလည်း ဟို ဆင်နှင့် ဝေးဝေးကပဲ စီးပါတော့တဲ့လား။ အလို အထိန်း တော်ကြီး'

'ဘုရား'

'မြင်းပေါ်ကလူဟာ အမယ့်စံပယ် မဟုတ်လား' ဟု မေးလိုက်လျှင် အထိန်းတော်ကြီးမှာ ဘုရားက ထွက်လာစဉ်ကပင် အကောက်ဝန်မင်း၏သား ဆိုသူသည် လှည်းနောက်က မြင်းစီး၍ လိုက်လာကြောင်းကို သိသော်လည်း အထိန်းတော်ကြီးက 'ဘယ်မလဲ သခင်မ' ဟု မေးလေ၏။

'ကြည့်စမ်းပ၊ ဟိုမြင်းပေါ်က လူဟာ အကောက်ဝန်မင့်သား ဆိုတဲ့လူ မဟုတ်လား' ဟု သခင်မကလေးက လက်ညွှန်၍ ပြလိုက်သောအခါ–

'အလို ဟုတ်ပါရဲ့ဘုရား။ စံပယ်လည်း အလည်လာမလို့ လိုက်လာ


mgyoe.com

mgyoe.com SAMPLE BOOK

ထင်ပါရဲ့' ဟု မနွဲ့တနွဲ့နှင့် ပြောလိုက်ပြီးနောက် သခင်မကလေးဘက်သို့ လှည့်၍ 'ခုတင်က အမိန့်ရှိတော်မူတဲ့ ကလေးကို ဝါးဖတ်ခွဲ့သလို လုပ်ဦးမလို့လား ဆိုတာ တစ်ဆိတ်လောက် လင်းကျင်းတော်မူစမ်းပါဦး' ဟု မေးလေ၏။

သခင်မကလေးက ပြုံး၍ 'အထိန်းတော်ကြီး နားထောင်ချင်လို့ ရှိမှ ပြောရဦးမှာပေါ့' ဆိုပြီးလျှင် 'သည်လိုတဲ့ အထိန်းတော်ကြီး၊ အရှင်သီပေါမင်း၏ ခမည်းတော်ဘုရား ရွှေလက်ထက်တော်က အသဒိသ အလှူတော်ကြီး ပေးရာတွင် သင်္ဂဇာဆရာတော်ဘုရားသည် မြေနန်းတော်သို့ ကြွရောက်တော်မူလာ၍ ဇာတ် ရုပ်သေးပွဲများကို မြင်တော်မူလျှင် "ဒကာတော် ရေမြေ့ရှင်တို့လည်း ကုသိုလ်ပြုလုပ်ရာတွင် ပျော်ရွှင်ရန် သဘင်ပွဲလမ်းတွေနှင့်ကိုး" ဟု မိန့်တော်မူသတဲ့။ သည်တော့ အရှင်သီပေါမင်း၏ ခမည်းတော်ဘုရားက "ပြည်သူပြည်သား အကလေးများအတွက် ပျော်ရွှင်မှု ဖက်ရပါသည်ဘုရား" ဟု လျှောက်တင်ရာ၊ အရှင် ဆရာတော်ဘုရားက ဤသို့ ပြန်၍ မိန့်ကြားသတဲ့ အထိန်းတော်ကြီးရဲ့။ "ဒကာတော် မင်းမြတ်ကလည်း ကလေး ဝါးဖတ်ခွဲ့သလိုကိုး။ သားသည် အမိတစ်ယောက်မှာ ကလေးငယ် ရင်ခွင်ပိုက်၍ ဇလုံ အပြည့် ထမင်းထည့်ပြီးလျှင် ပါးစပ်ထဲ၌ ဝါး၍ ဝါး၍ ခွံ့သတဲ့။ ကလေးဝမ်းထဲ ဝင်တာကဖြင့် အနည်းငယ်မျှ ရှိချေမည်။ မအေကြီး ဝမ်းထဲ၌ ဘယ်လောက် ဝင်လေမည်ဟု ဘယ်သူ သိလိမ့်မတုံး ဒကာတော်မင်းမြတ်ကဲ့" ဟု မိန့်တော်မူသကဲ့သို့ ယခု အထိန်းတော်ကြီးက စံပယ်ပန်းခူးပြီး သည်က အကလေးကို ဝါးဖတ်ခွဲ့မလို့လား' ဟု ရယ်မောပြောဆိုကြရင်း လှည်းနောက်က မြင်းစီးလာသူကို တကြည့်ကြည့်နှင့် ဘုရားနီ အနီး ခနုဖြူ မိဖုရား ဝင်းတော်သို့ လှည်းလှည့်၍ ဝင်သွားလေ၏။

## အခန်း (၂)

အကောက်ဝန်မင်း၏သား ဆိုသူမှာ မဟာမြတ်မုနိဘုရားမှ နေအိမ်သို့ ပြန်မည်ဟု မြင်းပေါ်သို့ လှမ်းတက်လိုက်သောအခါ တစ်ပြခန့် အကွာတွင် တန်ဆောင်းထဲ၌ တွေ့ရှိခဲ့သော အမယ်အိုနှင့် အပျိုမကလေးတို့ ဗီရိုလှည်းပေါ်သို့ တက်၍ မောင်းနှင်သွားသည်ကို မြင်လိုက်သည်နှင့် မနီးမဝေး နောက်ယောင်ခံ၍ လိုက်


mgyoe.com

mgyoe.com SAMPLE BOOK

ကြည့်ရာ ဗိရိုလှည်းသည် ဓနုဖြူမိဖုရား ဝင်းတော်သို့ ဝင်သွားသောအခါမှ မြင်းကိုလှည့်၍ နေအိမ်သို့ ပြန်ခဲ့လေ၏။

နေအိမ်သို့ရောက်၍ မြင်းကို အစာရေစာ ကျွေးပြီးလျှင် အိမ်ပေါ်သို့ တက်သွားသောအခါ ခင်ခင်သော့ သားအမိတို့နှင့် တွေ့ရှိ၍ အမှုပေးဝေပြီး နောက် အမယ်အိုနှင့် အပျိုမကလေးတို့က ခင်ခင်သော့ သားအမိတို့၏ အကြောင်းကို မေးမြန်းလိုက်သောအကြောင်း အစက အဆုံးတိုင် ပြန်ကြား လေ၏။ ခင်ခင်သော့ သားအမိတို့က မည်သူမည်ဝါ ဖြစ်ပါလိမ့်မည်နည်းဟု တွေးတောနေကြစဉ် ခင်ခင်သော့အမေ ဖြစ်သော ဝန်ကတော်က 'သော့သော့ ရယ်၊ သော့သော့တို့ ကိုကိုကြီး ထမင်းဆာလာပါရော့မယ်။ ထမင်းများ ပြင်ပါ ချေ' ဟု ပြောလိုက်သောအခါ ခင်ခင်သော့သည် နောက်ဘေးခန်းဆောင်သို့ ဝင်ကာ ထမင်းဟင်းများကို ပြင်ဆင်၍ နေလေ၏။

အကောက်ဝန်မင်းသားမှာ မိမိ အဆောင်ခန်းသို့ ဝင်ရောက်၍ အဝတ် ပုဆိုးများ လဲလှယ်ပြီးလျှင် ရေမိုးချိုးပြီးနောက် ခင်ခင်သော့ သားအမိတို့နှင့် အတူ ထမင်းဟင်းစားကြရာတွင် ခင်ခင်သော့က စတင်၍ မေးလိုက်သည်မှာ–

'ကိုကိုကြီး'

'သော့'

'ကိုကိုကြီးနှင့် တွေ့ခဲ့တဲ့ အပျိုမကလေး ဆိုတာ လက်ဝဲဘက်ပါးမှာ မှဲ့ကလေးတစ်ခု ရှိပါရဲ့လား' ဟု မေးလေ၏။ ရှိကြောင်း ပြန်ပြောကာလ ဆက်လက် မေးလိုက်ပြန်သည်မှာ–

'နို့ နေပါဦး ကိုကိုကြီး၊ အဘွားအိုကြီး ဆိုတာကကော နားရွက်မှာ အသီးကလေး ရှိပါရဲ့လား' ဟု မေးပြန်သောအခါ 'နှစ်ဖက်လုံး ရှိ မရှိတော့ မသိ၊ ဘယ်ဘက်က နားရွက်မှာတော့ အသီးကလေးတစ်ခု မြင်ရတယ်' ဟု "မောင်မောင်စိုး" အမည်ရှိသော အကောက်ဝန်မင်း၏သားက ပြန်၍ ပြောလေ ၏။

ခင်ခင်သော့က ဝန်ကတော်ဘက်သို့ လှည့်၍ 'မေမေဖျော့ရဲ့၊ ဟိုလွန် ခဲ့တဲ့ နှစ်နှစ်လောက်က ဖေဖေဘုရား ရှိတော်မူစဉ် အလည်လာတဲ့ မြေးအဘွား နှစ်ယောက် ထင်ပါရဲ့' ဟု ပြောသောအခါ ဝန်ကတော်က ဆက်လက်၍ မပြောစေလိုသော လက္ခဏာနှင့် 'သည်ဟာ နေပါဦးတော့ သော့သော့ရယ်' ဆိုပြီးမှ မောင်မောင်စိုးဘက်သို့ လှည့်၍–


mgyoe.com

mgyoe.com SAMPLE BOOK


'ဟိုတစ်နေ့က မေမေပြောတဲ့ အကြောင်းနှင့် မေမေတို့ဖြင့် သန်ဘက်ခါကိုပဲ သွားချင်ပြီ။ သဘော်ကလည်း အခနဲ့သင့်လွန်းလို့' ဟု ဝန်ကတော်က ပြောဆိုလိုက်သောအခါ 'ဘယ်အကြောင်းဟာ ပါလဲ' ဟု မောင်မောင်စိုး က ပြန်၍ မေးလေ၏။

ဝန်ကတော်က 'ကြည့်စမ်းပါဦးတော့၊ မောင်ကလည်း တယ်မေ့တတ်သကိုး၊ မောင့်ဖခင် မလွန်မီ လေး ငါး ရှစ်လလောက်က ရန်ကုန်မြို့ ပိုးကုန်သည် ကိုဘိုးတာ၏ လက်တွင် မြလက်စွပ်တစ်ကွင်း ထည့်အပ်လိုက်ရာ ယခုတိုင် ဘယ်လိုသတင်းမျှ မကြားရသေးတော့ မေမေတို့ လိုက်သွားဦးမှ တော်မယ်။ မောင့်နှမကလေးကလည်း ရန်ကုန်မြို့ကို တစ်ခါတစ်ခေါက်မျှ မရောက်ဖူးလေတော့ ရောက်ချင်လှချေရဲ့ ဟု ခဏခဏ ပူဆာတာက တစ်ကြောင်း၊ မေမေကလည်း ရွှေတိဂုံဘုရား ဖူးချင်သည့်စိတ်ကလည်း တစ်ကြောင်းနဲ့ မောင်ရဲ့။ ဘုရားတိဂုံလည်း ဖူးရင်း လိပ်ဥလည်း တူးရင်း ဆိုသလို သန်ဘက်ခါ သဘော်လည်း ကြုံကြိုက်သည်နှင့် မေမေတို့ လိုက်ပရစေနော်' ဟု ပြောသောအခါ မောင်မောင်စိုးက ဤသို့ ပြန်၍ပြောလေ၏။

'မပြောမပြီး မတီးမမြည် ဆိုသလို သည်ကိစ္စမှာ ပြောကြမှ ပြီးစရာရှိပါမည် ဖြစ်သောကြောင့် သွားမှ တော်ပါ့မယ်။ မေမေ့သားက တားဆီးဖို့ မတော်လှပါ၊ မေမေတို့ သားအမိနှစ်ယောက် မိန်းမသားချည်းဖြစ်၍ ရန်ကုန်မြို့ ဆိုတာကလည်း အလွန် ရှုပ်တတ်ပွေတတ်တဲ့ မြို့ကြီး ဆိုသောကြောင့် မေမေ့သားဖြင့် မေမေတို့အတွက် စိတ်မအေးနိုင်အောင် ဖြစ်ရတော့မှာပါ၊ အရာရာ သတိပြုတော်မူကြမှ တော်ပါ့မယ်။ ဒီမြလက်စွပ် ဆိုတာကတော့ ဖေဖေဘုရား ဘယ်ဆီက ရလိုက်ပါသလဲ၊ မေမေ သိတော်မူပါရဲ့လား' ဟု မေးလိုက်လျှင် ဝန်ကတော်က—

'ဘယ်ဆီကလဲတော့ မပြောတတ်ဘူး မောင်ရယ်၊ ဟို နှစ်နှစ်လောက်တုန်းက ကျောင်းအမကြီးတစ်ယောက် လာရောင်းတာနဲ့ အဖိုးတော်လို့တဲ့၊ မောင့်အဖဝန်မင်းကြီးက ဝယ်ထားလိုက်ပြီး ရန်ကုန်မြို့ ပုဆိုးတန်း ကိုဘိုးတာ လက်၌ ရောင်းချရန် အပ်လိုက်တဲ့ မြလက်စွပ်ဟာပေါ့ မောင်ရဲ့' ဟု ပြန်၍ ပြောဆိုပြီးနောက် ဘုရားဖူး သွားရောက်ရာတွင် ဘုရား၌ လူစည်ကြောင်းနှင့် တကွ အမယ်အိုနှင့် အပျိုမကလေးတို့ကို တွေ့ရှိ ပြောဆိုကြသော အကြောင်း


mgyoe.com

mgyoe.com SAMPLE BOOK

များကို ဆက်လက် ပြောဆိုပြီးလျှင် အသီးအသီး အိပ်ခန်းဆောင်သို့ ဝင်ကြလေ၏။

မောင်မောင်စိုးမှာ အိပ်ရာထဲသို့ ဝင်ရောက်သော်လည်း အိပ်မပျော်နိုင်။ ဘုရား၌ တွေ့ရှိခဲ့သော အပျိုမကလေး၏ မျက်နှာကို တစိမ့်စိမ့်နှင့် မြင်မိ၍ ထွေရာစိတ်ကူးလျက် စဉ်းစားကာ နေလေ၏။ "ဟဲ့ ငစိုး၊ နင်သည် ရှေးအခါက အဘွားအိုအရွယ်ကို မြင်လျှင် အဘွားအေကဲ့သို့၊ အမိကြီး အရွယ်ကိုမြင်လျှင် အမိကြီးကဲ့သို့၊ အမေအရွယ်ကို မြင်လျှင် အမေကဲ့သို့၊ အစ်မအရွယ်ကို မြင်လျှင် အစ်မကဲ့သို့၊ အရွယ်တူကို မြင်လျှင် အရွယ်တူ သူငယ်ချင်းကဲ့သို့၊ နှမအရွယ်ကို မြင်လျှင် နှမကဲ့သို့၊ တူမအရွယ်ကို မြင်လျှင် တူမကဲ့သို့ ချစ်ခင်သဘောထားလာပါသည်ကို ဤနေ့မှာမူ နှမအရွယ်ရှိသော သူငယ်မကို မြင်လိုက်ရသည်နှင့် နှမလိုပင် သဘောထားလျက် သွားလျှင်လည်း သည်စိတ်၊ စားလျှင်လည်း သည်စိတ်၊ မေမေနှင့် စကားပြောကြစဉ်လည်း သည်စိတ်၊ ယခုအိပ်လည်း သည်စိတ်နှင့် အိပ်လို့မျှ မပျော်။ သည့်အလျင် သည့်အလျင်က တွေ့ခဲ့ဖူးသော သူငယ်မများကို မြင်၍ နှမကဲ့သို့ သဘောထားသော်လည်း စားလည်း သည်လိုစိတ် မဟုတ်၊ သွားလည်း သည်လိုစိတ် မဟုတ်၊ ယခု သည်သူငယ်မကိုတော့ သည်လို မဟုတ်၊ မြင်ကတည်းက သည်မျက်နှာကို တစိမ့်စိမ့်မြင်နေလိုက်တာ ဘယ်အတွက် သည်စိတ်ကို နင် ဖျောက်၍ မရသတုံး၊ ဘယ်အတွက် သည်လောက်တောင် ချစ်၍ စိတ်စွဲရပါလိမ့်မတုံး၊ မယ်ဟာဝါကလေးရေ့" ဟု အချစ်၏သရုပ် မခွဲနိုင်ဘဲ တစ်ကိုယ်တည်း ညည်းညူ၍ အိပ်ပျော်သွားလေ၏။

ထွေရာလေးပါး စိတ်ကူးနှင့် အိပ်ပျော်၍ သွားပြီးနောက် နံနက် မိုးလင်းကာလ မောင်မောင်စိုးကို ငယ်စဉ်က ထိန်းခဲ့သော အသက် ၇၀ အရွယ်အဘိုးအို "ဦးရွဝံ" ဆိုသူသည် မောင်မောင်စိုး၏ အိပ်ရာသို့ လာ၍ နှိုးသောအခါ မောင်မောင်စိုးက 'နေပါဦး မိမိငဲ့၊ စောလှပါသေးတယ်' ဟု ယောင်ယမ်းပြောလေ၏။ ဦးရွဝံက 'အို… ဘယ်သူမှတ်၍ မိမိငဲ့လို့ ပြောနေရသတုံး' ဟု ထပ်မံ၍ မေးသောအခါမှ မောင်မောင်စိုးသည် ကောင်းမွန်စွာ နိုးကြား၍ အိပ်ရာမှ ထ ပြီးလျှင် ရယ်မော၍ အိပ်မက်ကို ဤသို့ ပြန်ပြောလေ၏။

'ပန်းမျိုးစုံသည့် ရဂုံတော တစ်ခု၌တဲ့ အဘိုးဝံရဲ့၊ နံနက် အရုဏ်တက်အချိန်မှာ လမ်းလျှောက်၍သွားတော့ ဘုရားစေတီတစ်ဆူကို မြင်ရပါရော။


mgyoe.com

mgyoe.com

စေတီတော်ကို ဦးတိုက်သွားရာ လမ်းတွင် အဓိကရ စံပယ်ပင်ကြီးအောက်၌ သူငယ်အပျိုမကလေးတစ်ယောက်သည် သီချင်းကျူး၍ ဒန်းစီးနေသည်ကို မြင်လျှင် အနီးသို့သွား၍ "မိမိကလေး၊ ဘယ်များ လွမ်းဆွတ်နေပါသလဲ" လို့ လက်ကိုဆွဲ၍ မေးလိုက်ရာတွင် သူငယ်မကလေးက "ကျွန်တော်မမှာ အုပ်ထိန်းသူ အမိ ရှိပါတယ်။ အုပ်ထိန်းသူ အမိက အပိုင်စား ပေးသနားတော်မမူမီ ကပင် ကသီလင်တနှင့် ကြမ်းတမ်းတော်မမူသင့်သေးပါ" ဆိုပြီးလျှင် စံပယ်ပင်အထက်ကိုင်းကို လက်ညွှန်ပြ၍ "စံပယ်ပန်းကို ဆွတ်ဖျန်းပေးနိုင်သသူအား မယ်ဘုရားက ကျွန်တော်မနှင့် လက်ထပ်ထိမ်းမြား အပိုင်စား သနားမည် ဆိုပါသောကြောင့် စံပယ်ပန်းကို ဆွတ်ဖျန်း၍ ပေးမည့်သူများကို မျှော်လင့်စောင့်စား၍ နေရပါတယ်" တဲ့။ အောင်မယ်... ပြောရင်းနှင့် အဘိုးဝံရယ် မျက်နှာကလေးကို တစိမ့်စိမ့် မြင်နေရပါသေးတယ်။

'သည်တော့ "စံပယ်ပန်းကို မောင်မောင် ခူးဆွတ်၍ ပေးပါ့မယ်၊ နောင်တော့ မိမိကလေးတို့ မယ်ဘုရားက စကားမတည်မည်ကိုသာ စိုးရွံ့လှပါတယ်" ပြောလိုက်လျှင် ခင်ခင်မိမိကလေးက "မယ်ဘုရား၏ အလိုတော် ပြည့်လျှင် အလိုဖြည့်သူ၏ အလိုလည်း ပြည့်နိုင်စရာ အကြောင်းပါ မောင်မောင်ရယ်" ဟု ပြောသည်နှင့် တစ်ပြိုင်နက် စံပယ်ပင်ထက်သို့ ကြည့်လိုက်ရာ မဆွတ်ခင် ကပင် ညွှတ်ချင်လျက် ရှိပါတယ်၊ အလိုရှိရာ ဆွတ်ဖျန်းတော်မူပါရော့ဟု မဆိုပါသော်လည်း ဆိုဘိသကဲ့သို့... အဘိုးဝံရယ်၊ စံပယ်ကိုင်းမှာ ကိုင်း၍ ညွှတ်လာတော့ စံပယ်ပွင့်တစ်ပွင့်ကို ဆွတ်ပြီးလျှင် နှစ်ယောက်အတူ မိမိကလေးတို့ အိမ်သို့ သွားကြပါရောတဲ့။ အမယ်မင်း အဘိုးဝံရယ်၊ ပြောရင်းပြောရင်းနှင့် မိမိကလေး သည်အရှေ့မှာ ထိုင်နေသလို မြင်မိပါသေးတယ်'

ဦးရူဝံက ထောက်၍ ပြက်ရယ်ပြုလိုက်သည့်မှာ 'မောင်မောင်၊ နောင်တော့သာ မိမိကလေးကို ပစ်ထားမှာ စိုးလှပါတယ်။ အပါးကို မရှိ့ပါနှင့်၊ မယ်ဘုရားတို့ စက်တော်မမူကြသေးပါ' ဟု ပြောလိုက်လျှင်–

'အဘိုးဝံကလည်း မလျောင်ပါနှင့်ဦး၊ အိပ်မက်ကို ဆုံးအောင် ပြောစမ်းပရစေ' ဆို၍ ဆက်လက် ပြောလိုက်ပြန်သည့်မှာ–

'မိမိကလေးတို့ မယ်ဘုရား အိမ်တော်သို့ ရောက်မိကြလျှင် မယ်ဘုရားမှာ သလွန်တော်ပေါ်၌ ခေါင်းတော်ခဲ၍ လူးလိမ့်နေရာမှ စံပယ်ပန်းကို လှမ်းယူပြီးနောက် နမ်းလိုက်ရာတွင် သလွန်တော်မှ ရုတ်ခြည်းထပြီးလျှင် "အမယ်မင်း

mgyoe.com

SAMPLE BOOK


စံပယ်ပန်း ကျေးဇူးရှင်ကြီးရယ်၊ စံပယ် ကယ်ပေလို့ မယ်မယ်ဖြင့် အသက်ရှင်ရပါတော့တယ်၊ စံပယ်မှ မကယ်လျှင် မယ်မယ်ဖြင့် သည်ဝေဒနာနှင့် အသက်ပျောက်ဆုံးရပါတော့မည်ဟု စိတ်တုံးတုံးချနေရာမှာ ဘဝရေစက်၊ ရေးအထက်ကြောင့်၊ အသက်မသေ၊ ကျေးဇူးမြတ်ကို ဆပ်မပြေ၊ မေမေ ဘယ့်နှယ် ဆပ်ရပါ့မယ်" ဟု ဆိုပြီးလျှင် "မောင်စံပယ် ကျေးဇူးတော့ မယ်မယ်ဘုရား ဆပ်၍မကုန်နိုင်အောင် ဖြစ်ရပါတော့တယ်။ ဟဲ့... သမီးမယ်သူရို၊ စံပယ်ကို တကယ်ချစ်နိုင်ပါ့မလား" ဟု မေးတော်မူသောအခါ မယ်သူရိက "မယ်မယ်ဘုရား အပိုင်စား ပေးသနားတော်မမူမီကပင် ဖျားသမီးလက်ကို ဆွဲလားလွဲလားနှင့် အလွန်မှ ရမ်းကား ကြမ်းတမ်းတဲ့သူပါ" ဟု ပြောလေလျှင် မယ်မယ်ဘုရားက "မိဘစကား တမာလိုခါးသော်လည်း ပျားကဲ့သို့ ချိုရမည်တဲ့၊ စံပယ်ပန်းကို ကြမ်းတမ်းသလေး မကောင်းဘူးလေးလို့ မဆိုနဲ့ မဆိုနဲ့။ သူရို၊ သမီး မလိမ္မာတာကို လူကြားလျှင် ရယ်ပါ့မယ်၊ မယ်မယ်ဘုရား စကားကို နားထောင်၍ စံပယ်ပင်ကို ခင်ရမယ်၊ စံပယ်ခက်ကို စုံမက်ရမယ်၊ စံပယ်ပန်းကို နမ်းရမယ်၊ စံပယ်ရိုးကို မြတ်နိုးရမယ်၊ စံပယ်ရွက်ကို နှစ်သက်ရမယ်၊ စံပယ်ငုံကို ယုံရမယ်၊ စံပယ်ပွင့်ကို မြှင့်ရမယ်၊ စံပယ်ဖူးကို ထူး၍ ကြင်နာရမယ်၊ စံပယ်မြစ်ကို ချစ်ရမယ်" ဆိုပြီးလျှင် မိမိကလေး လက်နှင့် ကျွန်တော်၏လက်ကို ယူ၍ မယ်မယ်ဘုရားက စုလျားရစ်ပတ် လက်ထပ်၍ ပေးစားထိမ်းမြားပါရော့တဲ့။ အမယ်မင်းရယ်မှ အဘိုးဝံရယ်၊ မိမိကလေး လက်နှင့် ထိလိုက်ရတာ ယခုတောင် ထိနေရသေးသလို ထင်မိပါသေးတယ်' ဟု ဆိုရင်းနှင့် ဘိုးရှုဝံ၏ ပေါင်ကို ပုတ်၍ပြောရာ ဦးရှုဝံက ဖြတ်၍ 'မောင်မောင်ဘုရား လက်ကလေးက ဣန္ဒြေမဲ့တော်မူလိုက်တာ။ မယ်မယ်ဘုရား ရှုစားတော်မူနေပါတယ် မောင်မောင်' ဟု အလိုက်သင့် ရော၍ ရယ်မော ကျီစယ်လိုက်ပြန်သောအခါ 'နေပါဦး အဘိုးဝံရယ်၊ ဆုံးအောင် ပြောစမ်းပါရစေဦး' ဆို၍ ဆက်လက် ပြောလိုက်ပြန်သည်မှာ–

'စုလျားရစ်ပတ်' လက်ထပ်ထိမ်းမြား၍ ပေးစားပြီးနောက် မယ်မယ်ဘုရား အမိန့်တော်ကို ခံယူပြီးလျှင် နေပြည်တော်သို့ ပြန်ရာ လမ်းခရီး၌ အပန်းဖြေ သစ်ပင်ရိပ်မှာ မိမိကလေးက သိပ်၍ ကျွန်တော်က တစ်မှေး အိပ်လိုက်သောအခါ "မောင်မောင်... ထ လေ၊ ထ လေ" ဟု မိမိကလေးက နှိုးလာရာတွင် အဘိုးဝံ လာ၍ နှိုးလာလေတော့ မိမိကလေး မှတ်၍ စောလှပါသေးတယ် မိမိငဲ့ ဟု ယောင်ယမ်း၍ ပြောလိုက်မိပါတယ်။ အမယ်မင်း အဘိုးဝံရယ်၊ ယခု


mgyoe.com

တောင် သည်သူငယ်မကလေးကို တစိမ့်စိမ့်နှင့် မြင်နေရပါသေးတယ်’ ဟု အိပ်မက်၏ အကြောင်းကို ပြန်ပြောင်း၍ ပြောလေ၏။

အဘိုးကြီး ဦးရှုဝံက လက်ခုပ်လက်ဝါးများ တီး၍ ရယ်မောပြီးနောက် ‘သည်အိပ်မက်ထဲ၌ မြင်သော သူငယ်မကလေး၏ မျက်နှာကို အထက်ထက်က မြင်ဖူးပါရဲ့လား’ ဟု မေးသောအခါ၊ မောင်မောင်စိုးက မဟာမြတ်မုနိဘုရား၌ အမယ်အိုနှင့် အပျိုမကလေးတို့ကို တွေ့ရှိ စကားစမြည် ပြောဆိုကြသည့် အကြောင်းကို ကုန်စင်အောင် ပြောဆိုပြီးလျှင် မဟာမြတ်မုနိဘုရား၌ တွေ့ရှိခဲ့သော အပျိုမကလေးကိုပင် အိပ်မက်၌ တွေ့မြင်ရသည်ကို ပြန်၍ပြောလေ၏။

ဦးရှုဝံက ဤသို့ ပြန်၍ ပြောလေ၏။

‘အိပ်မက်ဆိုတာ သည်လိုမောင့်၊ အိပ်မက်ခြင်းအကြောင်းတရားလေးပါး ရှိသတဲ့။ လေးပါးသော အိပ်မက်တို့တွင် တောင်ထိပ်ကမ်းပါးမှ ကျသည်ဟု မက်ခြင်း၊ သစ်ပင် တောင်ထိပ်မှစ၍ ကောင်းကင်သို့ တက်သည်ဟု မက်ခြင်း၊ ဆင် မြင်း ကျွဲ နွား ခိုးသား မြွေ ခွေးမှ စ၍ လိုက်သည်ဟု မြင်မက်ခြင်း၊ ဤသို့ မြင်မက်သည်များကတော့ သွေးသလိပ်၊ သည်းခြေ စသော ဓာတ်မငြိမ်မဝပ် ချောက်ချား၍ မြင်မက်သောကြောင့် ဓာတ်ချောက်ချား၍ မက်သည်က တစ်ပါး၊ ပါဠိလိုတော့ ဓာတုက္ခောဘ ဟူ၍ ခေါ်တယ်။ ၎င်းပြင် တစ်ရပ်မှာ ရှေး၌ နေခဲ့ဖူးသော အရပ်ဌာနတို့၌ လေ့ကျက်ခဲ့ဖူးသော အမူအရာတို့ကို ရှေးကဲ့သို့အတိုင်း ပြောဆိုပြုလုပ်ရသည်ဟု မက်ခြင်းသည် ရှေးက လေ့ကျက်ခဲ့ဖူး၍ မြင်မက်တတ်သည်က တစ်ပါး၊ ဤသို့ မြင်မက်ခြင်းကို ပါဠိလိုတော့ အနုဘူတ ဟူ၍ ခေါ်တယ်။ နောက်တစ်မျိုးမှာ မိမိသို့ လိုသောနတ်၊ မလိုသော နတ်တို့သည် အကျိုးအပြစ်ကို ပြုလိုလို၍ နှစ်သက်ဖွယ်ရှိသော အာရုံ၊ ကြောက်မက်ဖွယ်ရှိသော အာရုံတို့ကို နတ်တို့၏ အာနုဘော်ကြောင့် မြင်မက်ခြင်းသည် နတ်တို့ လှည့်ဖြား၍ မြင်မက်တာက တစ်ပါး၊ ဤသို့ မက်ခြင်းကို ပါဠိလိုတော့ ဒေဝတောပသံဟာရ ဟူ၍ ခေါ်တယ်။ ၎င်းနောက် မိမိတို့ ပြုအပ်ခဲ့သော ကောင်းမှုကံ၊ မကောင်းမှုကံတို့၏ အကျိုးအပြစ် နိမိတ်ကို ပြလို၍ မက်ခြင်းသည် အကျိုးအပြစ် နိမိတ်အားဖြင့် မက်ခြင်းက တစ်ပါး၊ ပါဠိလိုတော့ ပုဗ္ဗနိမိတ္တ ဟူ၍ ခေါ်သတဲ့။ ဤသို့ လေးပါးရှိသည်ဟု အကျဉ်း မှတ်ပါနော်။

‘ဓာတ်ချောက်ချား၍ မက်ခြင်း၊ ရှေးက လေ့ကျက်ခြင်းကြောင့် မြင်မက်ခြင်း၊ ၎င်းနှစ်ပါးတို့သည် အလျှင်း မမှန်သောကြောင့် ‘တတ္ထာယံ ဓာတုက္ခော



mgyoe.com

 mgyoe.com SAMPLE BOOK 

တဘောစ အနုဘူတ ပုဗ္ဗေတောစ သုပိနံပဿတိ။ နတံသစ္စံ ဟောတိ” ဟု ကျမ်းဂန်က ပြပါတယ်။ ၎င်းနောက် နတ်တို့ လှည့်ဖြား၍ မက်ခြင်း ဟူသည်မှာ နတ်တို့က အကျိုးအပြစ်ကို မဆောင်နိုင်ကုန်။ မိမိ ပြုအပ်သော ကုသိုလ်ကံ၊ အကုသိုလ်ကံ ဗလဝ ဒုဗ္ဗလသို့ ရောက်၍ ရံခါလည်း မှန်တတ်၏။ ရံခါလည်း မမှန်။ သို့ကြောင့် “ယံဒေဝတော ပသံဟရတော ပဿတိ။ တံသစ္စံဝါအလိကံဝါဟောတိ” ဟု ကျမ်းဂန်က ပြပါတယ်။ ၎င်းနောက် ပုဗ္ဗနိမိတ်အားဖြင့် မြင်မက်သော အိပ်မက်ဟူသည်မှာ မိမိတို့ ပြုအပ်ခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ အကျိုးအပြစ်ကို ဖြစ်လတ္တံ့ဟု တင်ကြို၍ ရှေးဦးပြသော နိမိတ်ဖြစ်၍ ပုဗ္ဗနိမိတ်အားဖြင့် မြင်မက်သော အိပ်မက်မှသာလျှင် မချွတ်မုချ မှန်သည်ဟု မှတ်ပါ’

ဤသို့ပြောစဉ် မောင်မောင်စိုးက ဖြတ်၍ ‘ယခု ကျွန်တော် မြင်မက်သည့် အိပ်မက်ကတော့ ပုဗ္ဗနိမိတ်အားဖြင့် မက်သော အိပ်မက် ထင်ပါရဲ့’ ဟု ပြောသောအခါ ဦးရှုဝံက အနည်းငယ်ပြုံး၍–

‘ထင်ချင်လည်း ထင်ရပါရဲ့မောင့်၊ အိပ်မက်ထဲ မြင်ရတဲ့ သူငယ်အပျိုမကလေး၏ ရူပါရုံက မောင့်မျက်စိ၌ သဘောကျလေတော့ နိမိတ္တအိပ်မက်လို့ ထင်ပြီး။ အကယ်၍ အိပ်မက်ထဲက သူငယ်မလေး၏ ရူပါရုံက မောင့်မျက်စိ၌ သဘောမကျ ရှိခဲ့လျှင်တော့ ဘယ်အိပ်မက်မျိုး ခေါ်ပါ့မလဲ’ ဟု ပြန်၍မေးလေ၏။ မောင်မောင်စိုးက–

‘သည်ဟာတော့ ဓာတ်လေချောက်ချား၍ မက်တဲ့ အိပ်မက်လို့ ဆိုရမှာပေါ့ အဘိုးဝံရဲ့’ ဟု ပြန်ပြောသောအခါ၊ ဘိုးရှုဝံက ဆက်လက်၍–

‘သည်လိုမောင်၊ သည်လို။ အိပ်မက်ဆိုတာ ပြောတော့ဆိုတော့သာ “အိမ်မက်” ဟု ပြောရတာကလား၊ စာနှင့်ရေးတော့ “အိပ်မက်” ဟူ၍ ရေးရတယ် မောင်။ အိပ်တုန်း မြင်ရလို့ လောကဝေါဟာရအားဖြင့် အိပ်မက်လို့ ခေါ်တယ်။ အိပ်တုန်း မြင်မက်သည်ဆိုရာ အတိုကောက်ကလေး သည်လိုမှတ်ပါ မောင်။ အိပ်ပျော်သောအခါ အိပ်မက် မမြင်မက်နိုင်၊ အဘယ်ကြောင့်ဆိုသော် ဘဝင်ကျနေသောအခါ အိပ်ပျော်သည်ဟု ဆို၏။ ဘဝင်စိတ် ဟူသည်မှာ ရူပါရုံကို စွဲလမ်းခြင်း၊ ရာဂ အစရှိသည်တို့နှင့် ယှဉ်ခြင်းတို့သည် အလျှင်းမဖြစ်ကုန်၊ သို့ကြောင့် အိပ်ပျော်နေတုန်းကို အိပ်မက် မထင်မမြင်နိုင်။ အိပ်ပျော်တုန်းအခါ မမြင်မက်လျှင် နိုးနေသောအခါ မြင်မက်ပါသလားဟု မေးရန်ရှိသပေါ့၊ နိုးတုန်း


mgyoe.com

mgyoe.com SAMPLE BOOK


အခါတော့လည်း ပကတိစိတ်က ထင်တာမြင်တာကြောင့် အိပ်မက်ဟူ၍ မခေါ်အပ်။ ဘယ်အခါတွင် အိပ်မက် မြင်မက်တတ်ပါသလဲ ဆိုတော့ အိပ်လို့ မပျော့် တပျော်၊ နိုးလည်း မနိုးတနိုး၊ ဤစပ်ကြား မျောက်မျဉ်းသောအခါ၌ မြင်မက်တတ်ကြပါတယ်'

'မျောက်မျဉ်းဆိုတာက ဘာလဲ အဘိုးဝံရဲ့' ဟု မောင်မောင်စိုးက ထောက်၍ မေးလိုက်သောအခါ ဆက်လက် ဤသို့ ပြောပြန်လေ၏။

'ပြောပါ့မယ် ပြောပါ့မယ်၊ သည်းလိုပါ။ မျောက်တို့မည်သည် ဘဝင်ချည်း သက်သက်လည်း မဟုတ်တတ်။ ဇောဝါရ သက်သက်လည်း မဟုတ်တတ်။ စိတ္တဝေါက္ကိဋ္ဌ အပိုင်းတွင်သာ မျောက်တို့ အိပ်ကြသတဲ့'

'ဒါဖြင့် မျောက်အိပ်သလိုပေါ့၊ ဘာဖြစ်လို့ မျောက်မျဉ်းတယ် ဆိုရသေးသလဲ' ဟု ထောက်လိုက်သောအခါ—

'မှန်ပါတယ် မှန်ပါတယ်၊ မျောက်အိပ်လို့ ဆိုရပါ၏ရဲ့၊ မျဉ်းဆိုသော စကားကတော့ ရှေးပေါရာဏစကား၊ ဒါကြောင့် ရှေးပညာရှိတို့ စပ်ဆိုထားသည် မဟုတ်လား မောင်။

"နာနာဖျားဖျား၊ အိပ်သောလားသို့၊ ရေးသားဖိန်းဖိန်း၊ မျဉ်းမျဉ်းမှိန်းသည်" တဲ့။

"ရှည်ကြာနေ့ရက်၊ အိမ်ဝယ်ထက်လျှင်၊ ကိန်းစက်မျဉ်းလျောင်း၊ မနေကောင်းခဲ့" တဲ့။

"တိမ်းညွတ်ငဲ့စောင်း၊ မပြန်ပြောင်းခဲ့၊ မျဉ်းလျောင်းစက်ရာ၊ ရှင်သက်သာအောင်" တဲ့။

"စက်မွေ့ရာ၌၊ အသာလျောင်းလျှင်၊ မျဉ်းပျော်ချင်သည်၊ ဘဝင်ချည်းဇော မတပ်တည်း" တဲ့။

'အဲသည်စာများကို ထောက်၍ အိပ်သည်၊ မျဉ်းသည် ဆိုသော စကားနှစ်ရပ်မှာ တစ်ထပ်တည်း အတူတူမှောင့်။ ကဲ... ကဲ ဘုရားပုထိုးများ ရှိခိုး၍ ရေမိုးများ ချိုးပါဦး မောင်ရဲ့" ဟု ပြောဆိုပြီးလျှင် ဦးဂုဝံသည် အိမ်အောက်သို့ဆင်း၍ နီးသပ်လျက် နေလေ၏။

မောင်မောင်စိုးလည်း ဘုရားပုထိုး ရှိခိုး၍ ရေမိုးချိုးပြီးနောက် ဝန်ကတော်သားအမိတို့နှင့်အတူ ထမင်းစားသောက်ပြီးလျှင် အိပ်ခန်းသို့ဝင်၍ ဘုရား၌


mgyoe.com

တွေ့ရှိခဲ့သော အပျိုမကလေး မျက်နှာကို တစိမ့်စိမ့် မြင်နေသည်နှင့် ထပ်မံစိတ်ကူး၍ နေလိုက်သည်မှာ–

"ဩော်... ခါတိုင်း ခါတိုင်း မြင်ခဲ့ဖူးသော မိန်းမများကိုတော့ အဘွားအရွယ် အဘွား၊ မိကြီးအရွယ် မိကြီး၊ မိထွေးအရွယ် မိထွေး၊ အမိအရွယ် အမိ၊ အစ်မအရွယ် အစ်မ၊ နှမအရွယ် နှမ၊ တူမအရွယ် တူမ၊ ဤသို့ သဘောထား၍ လာပါသည်ကို ယခုတော့ သည်သူငယ်မကို မြင်ကတည်းက အူအသည်းဗလောင်ဆန်သည်များ၊ တန်တော့... တန်တော့... သိပြီ၊ အခြားသော မိန်းမများကို ချစ်တာကတော့ မေတ္တာစိတ်နှင့်။ သည်မယ်ဟဝါကလေးကို ချစ်တာကတော့ ရာဂစိတ်နှင့် ချစ်မိလေ၍ သည့်ကလောက် စွဲပေသကိုး။ ဩော်... ရာဂ ရာဂ၊ ရာဂနှင့် ချစ်မိလေသောကြောင့် သို့ကလောက် စိတ်စွဲလမ်းမိသည်နှင့် အိပ်မက်များတောင် မက်ရပေသကိုး" ဟု မပျော်တစ်ချက်၊ ပျော်တစ်ချက်၊ နဖူး၌လက်တင်၍ စဉ်းစားနေသည့်အတွင်း ညနေစောင်းအချိန်တွင် ခန်းပြင်မှ ခင်ခင်သော့က 'ကိုကိုကြီး... ကိုကိုကြီး' ဟု ခေါ်လေ၏။

ခင်ခင်သော့ ခေါ်သံကိုကြား၍ ခန်းပြင်သို့ မောင်မောင်စိုး ထွက်၍မေးရာ၊ သဘော်သို့ ဆင်းကြတော့မည်ဟု ပြောသောကြောင့် မောင်မောင်စိုးလည်း အဝတ်ပုဆိုးများကို လဲပြီးလျှင် သဘော်သို့ လိုက်၍ ပို့လေ၏။ သဘော်သို့ ရောက်သောကာလ နေရာထိုင်ခင်းတို့ကို ခင်းကျင်းပြီးလျှင် မောင်မောင်စိုးက ဤသို့ မှာထားလေ၏။

'မေမေ၊ ရန်ကုန်မြို့ဆိုတာ လူအမျိုးစုံ ရှိပါသနော်။ လူမျိုးစုံ ရှိ၍မို့ ဉာဏ်လည်း အမျိုးစုံ ရှိကြပါတယ်။ ဉာဏ်အမျိုးစုံ ရှိသောကြောင့် သတိလည်း အမျိုးမျိုး ထားရပါတယ်။ မေမေတို့လို တစ်ခါတစ်ခေါက်မျှ မရောက်ဖူးတဲ့ အာဂန္တုကို မဆိုထားနှင့်၊ အချင်းချင်းတောင် အသင်းဖွဲ့၍ လိမ်တတ်တဲ့မြို့တဲ့ မေမေရဲ့၊ လူဆိုးသူဆိုးတွေကလည်း အရောရော အနှောနှောနှင့် တဲ့၊ ဟိုတစ်နေ့ကလည်း သူငယ်ချင်းတစ်ယောက် ပြော၍ ကြားရတာပါ။ လမ်းမတော်က ဆေးဆရာတစ်ယောက်မှာ ညရှစ်နာရီခန့်အချိန် လူနှစ်ယောက် လာ၍ လူနာကို ကုသရန် လာရောက်ခေါ်ယူသွားသတဲ့၊ လူနာအိမ်သို့ ရောက်၍ အိမ်ထဲသို့ ဝင်မိလျှင် တံခါးများကို ပိတ်၍ အိမ်ပေါ်သို့ တက်ကြပြီးနောက် ဆရာတွင် ဝတ်ထားသော ကျောက်နီလက်စွပ်ကို ဓားပြ၍ တောင်းယူထွက်ပြေးကြရော တဲ့။ သည့်ပြင်လည်း သဘော်ဆိပ်၊ မီးရထားဆိပ်များမှာ ရွှေကြိုယောင်ယောင်၊



mgyoe.com

mgyoe.com SAMPLE BOOK

ပုလိပ်ယောင်ယောင်နှင့် လူဆိုးသူဆိုးတို့က ဆိုက်ရောက်လာသော အာဂန္တုများကို "ဘယ်အရပ်မှာ တည်းခိုတော်မူမလို့လဲ၊ ကျွန်တော်တို့ လိုက်၍ ပို့ပါမည်။ ကျွန်တော်တို့အိမ် ဤအနီးတွင် ရှိပါသည်။ ကျွန်တော်တို့နှင့် အတူလိုက်ပါ" ပြောဆိုပြီးလျှင် ခေါ်ငင် သွေးဆောင်၍ သွားပြီးနောက် ၎င်းတို့ နေအိမ်သို့ ရောက်မှဖြင့် ခြိမ်းခြောက်တန်လျှင် ခြိမ်းခြောက်လို့၊ သာယာဖြည်းညင်းစွာပြုလုပ်သင့်လျှင်လည်း သာသာယာယာနှင့် ပါသမျှဥစ္စာကို မင်းနန်းချွတ်ခန်းကဲ့သို့ ချွတ်ယူတတ်ကြပါသတဲ့' ဟု ပြောဆိုပြီးနောက် ရွှေလိမ်၊ ဂျင်လိမ်၊ ကွမ်းသီးလိမ် အစရှိသော အလိမ်အမျိုးမျိုး၏ အကြောင်းကို ပြောဆိုပြီးလျှင် 'အဲ... သို့ကလောက် ရှုပ်ထွေးတဲ့မြို့ကြီးမို့ အရာရာ သတိထားတော်မူပါ မေမေ'

'တန်ပါမောင်၊ ဘယ်သူရှုပ်ရှုပ် ရှင်းအောင်နေလျှင် ရှင်းလွန်းလို့မှ' ဟု ဝန်ကတော်က ပြောလေ၏။

မောင်မောင်စိုးက တစ်ဖန် ခင်ခင်သော့ဘက်ကို လှည့်၍–

"သော့၊ မင်္ဂလသုတ် တရားတော်မှာ မာတာပိတု ဥပဋ္ဌာနံ၊ အမိအဖတို့ကို လုပ်ကျွေးမွေးမြူရခြင်းသည် မင်္ဂလာတစ်ပါးတဲ့ နော်။ လောကီလုပ်ကျွေးမှု၊ လောကုတ္တရာ လုပ်ကျွေးမှုတဲ့။ နှစ်မျိုးရှိတယ်။ လောကီလုပ်ကျွေးမှု ဆိုတာကတော့ မိမိ ရှာကြံ၍ရသော ပစ္စည်းဥစ္စာနှင့် မိဘတို့ကို လုပ်ကျွေးသမှု ပြုခြင်းတဲ့။ လောကုတ္တရာ လုပ်ကျွေးမှု ဆိုတာကတော့ မိဘတို့၏ စိတ်နှလုံးကို သာယာချမ်းမြေ့အောင် ပြုလုပ်၍ မိဘစကားကို နားထောင်ကြသော သားသမီးတို့မှာ လောကုတ္တရာ လုပ်ကျွေးမှုတဲ့။ အဲသည်လို လောကီလုပ်ကျွေးမှု၊ လောကုတ္တရာ လုပ်ကျွေးမှုဟု နှစ်ဌာနရှိရာတွင် ငယ်ရွယ်သူဖြစ်၍ ပစ္စည်းဥစ္စာ ရှာဖွေ၍ မကျွေးမမွေးနိုင်သေးပါဘူးဟု ဆိုသော်လည်း ပစ္စည်းဥစ္စာနှင့် ကျွေးမွေးပြုစုသည်မှာ ပဓာနအရင်းခံ မဟုတ်။ ပမာ မိမိရရှိသော ငွေကြေးဥစ္စာနှင့် မိဘကို အိမ်ဦးခန်းတွင် တင်၍ လုပ်ကျွေးသမှု ပြုစုစေကာမူ မိဘစကားကို နားမထောင်၊ မိဘစိတ်နှလုံးကို သာယာချမ်းမြေ့အောင် မပြုမလုပ်ခဲ့လျှင် မိဘကို လုပ်ကျွေးသည် စင်စစ်မမည်။ လောကီလုပ်ကျွေးမှု ဆိုတာကတော့ ကိရိယာမျှ ရှိတယ်၊ ကိရိယာဆိုတာ နားလည်ရဲ့ မဟုတ်လား၊ သေသေချာချာ အဓိပ္ပာယ်ပြန်လိုက်တော့ အမြင်အကြား ကောင်းရုံမျှ ပြုလုပ်တယ်တဲ့၊ စင်စစ်မှာ လောကုတ္တရာလုပ်ကျွေးမှုမှသာလျှင် လုပ်ကျွေးသမှု အစစ်ဟု ဆိုသည်။ မိဘကို ချစ်ရာလည်း ရောက်သည်၊ မိဘ၏ ကျေးဇူးကို တုံ့ပြန်ဆပ်ပေးရာလည်း ရောက်သည်။


mgyoe.com

mgyoe.com

SAMPLE BOOK


အဲဒါကြောင့် သော့သော့ရဲ့၊ သော့မှာ ငယ်ရွယ်သူပင် ဖြစ်စေကာမူ လောကုတ္တရာ လုပ်ကျွေးသမှုကို သတိကြပ်ကြပ်ထား၍ မိဘကို လုပ်ကျွေးပါနော်။ ဆိုလိုရင်းတော့ သော့ရဲ့၊ မေမေ့စကားကို မြေဝယ်မကျ နားထောင်ရမယ်။

'ဝံသာနုရက္ခိတ ဆိုသည်မှာ အမျိုးအနွယ်ကို စောင့်ရှောက်ရသတဲ့။ စောင့်ရှောက်ခြင်း၌လည်း လောကီစောင့်ရှောက်ခြင်း၊ လောကုတ္တရာ စောင့်ရှောက်ခြင်း ဟူ၍ နှစ်ပါးရှိသတဲ့။ လောကီ စောင့်ရှောက်ခြင်း ဆိုသည်မှာ ဆွေမျိုးဉာတိတို့၌ အကြောင်းကြီးငယ် ကိစ္စရှိလျှင် ငွေနှင့် ကူညီစောင့်ရှောက်ရမည့် နေရာတွင် ငွေနှင့် ကူညီစောင့်ရှောက်၍၊ လူကိုယ်တိုင် စောင့်ရှောက်ရမည့် နေရာတွင် လူကိုယ်တိုင် စောင့်ရှောက်၍ ဤသို့ ကူညီထောက်ပံ့ စောင့်ရှောက်ကြရသည်။ လောကုတ္တရာ စောင့်ရှောက်ခြင်း ဆိုသည်မှာ ငါသည် ဤသို့ ပြောသည်၊ ပြုသည် ရှိသော် ငါတို့၏ မိဘ ဆွေမျိုးဉာတိတို့၏ ဂုဏ်သည် ယုတ်လျော့ပေလိမ့်မည်။ ငါတို့၏ အမျိုးသားချင်း ဂုဏ်တို့သည် ယုတ်လျော့ပေလိမ့်မည်၊ ငါတို့၏ ဘာသာတရားတော်မြတ်၏ ဂုဏ်ကျေးဇူးတော်သည် ယုတ်လျော့ပေလိမ့်မည်ဟု ကာယကံ၊ ဝစီကံတို့ကို ထိန်းသိမ်း စောင့်ရှောက်ခြင်းသည် လောကုတ္တရာ စောင့်ရှောက်ခြင်းတဲ့။ ယခု သော့မှာတော့ ငယ်ရွယ်သူ မိန်းမသားဖြစ်၍ လူအား ငွေအားနှင့် ဆွေမျိုးဉာတိတို့ကို စောင့်ရှောက်နိုင်ခြင်းဌာ မစွမ်းပါဘူး ဆိုသော်လည်း ဤသို့ စောင့်ရှောက်ခြင်းမှာ ပဓာနအရင်းခံ မဟုတ်ဘူးနော်။ ငါ သည်လို ပြောလိုက်မိလျှင် ငါ့မိဘဂုဏ် ပျက်လိမ့်မည်။ ငါတို့ ကိုးကွယ်သော ဘာသာတရားတော်၏ဂုဏ် ပျက်လိမ့်မည်ဟု စိုးရိမ်ကြောင့်ကြ၍ ကိုယ်နှုတ်နှစ်ပါးကို ထိန်းသိမ်း စောင့်ရှောက်ခြင်းမှသာလျှင် ဝံသာနုရက္ခိတ အစစ်ဖြစ်သောကြောင့် ကြပ်ကြပ်သတိထား၍ အမျိုးသားကို စောင့်ရှောက်ရမယ်နော်။ ဆိုလိုရင်း အဓိပ္ပာယ်မှာတော့ သော့ရဲ့၊ မိဘဆွေမျိုးဉာတိ အမျိုးသားတို့နှင့်တကွ ဘာသာတရားတော်၏ ဂုဏ်တို့ကို ထောက်သဖြင့် အရာရာ သတိပြု၍ ပြောရမယ်၊ ပြုရမယ်လို့ ဆိုတာနော်။ ဘယ်ခရီး ဘယ်လမ်း မဆို မေမေ မပါလျှင် ဘယ်မှ မသွားနှင့်နော်၊ အနေအထိုင် အသွားအလာ အစားအသောက်မှ စ၍ အရာရာတွင် ခါတိုင်းထက် သတိပြု၍ သွားလာနေထိုင် စားသောက်ရမည်။ မေမေ မသိလျှင် ဘယ်အံမှုမျိုးမှ မပြုလေနှင့်။ မိန်းမချင်း ပေါင်းလျှင် သာ၍ ကြပ်ကြပ်သတိထားရမယ်။ ဘာပြုလို့လဲ ဆိုတော့ သံကို သံချင်း ဖျက်ဆီးတတ်သတဲ့၊ ပျက်စီးကြသော မိန်းမဟူသမျှ


mgyoe.com

mgyoe.com SAMPLE BOOK

အပေါင်းတို့သည် မိန်းမချင်း ဖျက်ဆီး၍ ပျက်စီးရတာချည်းပဲ။ ကာလသားများဆိုတာကလည်း သော့သော့ရဲ့၊ အင်မတန် ပြောင်တတ် လှောင်တတ်သတဲ့။ ဘယ်လိုလှောင်လှောင်၊ ဘယ်လိုပြောင်ပြောင်၊ ငါ့ကို လှောင်ပြောင်ရလေခြင်းဟု ရန်ကိုရန်ချင်း မတုံ့နိုင်းရဘူးတဲ့။ ဥပမာ သည်လို သော့သော့ရဲ့၊ ခွေးများက သော့သော့ကို ဟောင်တော့ သော့သော့က ခွေးကိုပြန်၍ ဟောင်မလား၊ မဟောင်ဘူးနော်။ ဘာပြုလို့ မဟောင်သလဲ ဆိုတော့ ခွေးက တိရစ္ဆာန်အမိုက်ဖြစ်၍ အဖက်မဟုတ်လေသောကြောင့် အရေးမစိုက်လေ သကဲ့သို့ လူလှောင်လူပြောင်ဆိုတဲ့ ကာလသားတွေမှာ မိဘတို့က ဆိုဆုံးမခြင်း မရှိလေသောကြောင့်လည်းကောင်း၊ နှမချင်း မစာနာတတ်လေသောကြောင့် လည်းကောင်း လှောင်ကြ ပြောင်ကြတာ။ ဤသို့ တိရစ္ဆာန်နှင့်တူသော နှမချင်း မစာနာတတ်သည့် လူငမိုက်တို့ကို ဘယ်တော့မှ အရေးမစိုက်လေနှင့်နော်။ ကိုကိုကြီးနှမ လိမ္မာသည် ဆိုတာ ကိုကို သိရဲ့။ သို့သော်လည်း လိမ္မာသည်ထက် လိမ္မာအောင်အရာရာ သတိရှိစေရမယ်နော်။ ကဲ... မိုးလည်း ချုပ်ပြီ၊ ကိုကိုကြီး သွားဦးမယ်။ မေမေ... မေမေ့သား သွားဦးမယ်' ဆို၍ ကန်တော့ ဝတ်ပြုပြီးလျှင် မောင်မောင်စိုးသည် နေအိမ်သို့ ပြန်သွားလေ၏။

## အခန်း (၃)

လေးကျွန်းလုံးကို အလင်းရောင်ဆောင်သော ဘာနုရာဇာ နေမင်း၏ရောင်ခြည်သည် နေမွန်းတည့် ပဟိုရ်နှစ်ချက်တီးအချိန် တိမ်ပြာ တိမ်ညိုတို့ ဝိုက်ဆိုင်း၍ ဝေမှိုင်းအုံ့ပျရာတွင် လေသာပြတင်းဝ၌ တစ်ကိုယ်တည်းထိုင်လျက် ညည်းညူနေလိုက်သည်မှာ "သြော် လူရယ်လို့ ဖြစ်လာရကတည်းက စိတ်၏ဆင်းရဲခြင်း ကိုယ်၏ဆင်းရဲခြင်း ရှိရာတွင် ဆင်းရဲခြင်း နှစ်ပါးတို့နှင့် ဘယ်တော့မှ မကင်းခဲ့ရလေဘူး။ သူတကာ သားအမိ သားအဖတို့ကတော့ ဘုရားကိုပဲ သွားသွား၊ ကျောင်းကိုပဲ သွားသွား၊ ဘယ်လမ်း ဘယ်ခရီးမဆို သားသမီးတို့နှင့် သွားလည်းအတူ၊ စားလည်းအတူ၊ နေလည်းအတူ၊ ထိုင်လည်းအတူ၊ အဆင်းရဲဟူသမျှ မိဘနှင့် ကွေကွင်း၍ ဆင်းရဲရခြင်း ဒုက္ခမှာ အဆင်းရဲတကာ့ အဆင်းရဲတွင်သည်အဆင်းရဲမှ ဆင်းဆင်းရဲရဲကြီး ပါကလား၊ ဖေဖေလို့ ခေါ်ချင်လို့လည်း ဘယ်သူ့ကို ခေါ်ရပါ့မယ်၊ မေမေလို့ ခေါ်ချင်ပြန်ရင်လည်း ဘယ်သူ့ကို ခေါ်ရ


mgyoe.com

mgyoe.com


ပါ့မယ် မသိ။ လောကီရတနာ ဥစ္စာရွှေငွေတို့နှင့် ပြည့်စုံ၍ ရွှေဘုံပေါ်မှာ ရွှေမွှန့်စား၍ နေရပါသော်လည်း မိဘနှစ်ပါးနှင့် ကွေကွင်းရလျှင် သေရခြင်းလောက်မျှ မကောင်းပါကလား။ သူတကာ အဖေ အမေတို့က သားသမီးများကို ခေါ်သံကြားလိုက်ရတဲ့အခါ အသည်းမှာ ကျွဲဝင်ခတ်သည့်ပမာ။ သူတကာ သားသမီးများက အဖေ အမေတို့ကို ခေါ်သံ ကြားလိုက်ရတဲ့အခါ စိတ်နှလုံးကို အမြောက်ဖုံး ထိသည်နှင့်မခြား ခေါ်သံထူးသံ ကြားမိတိုင်း ကြားမိတိုင်း အသည်းနှလုံးကြေ၍ သေမတတ် ဖြစ်ရလေတော့တယ်။ အစားအသောက်နားတွင် သွားရည်တမျှားမျှားနှင့် အစားကျွေး မရသော သူငယ်ကဲ့သို့ ခေါ်သံထူးသံ ကြားရလျှင်ငါ့မှာ သွားရည်သာ ယိုမိရလေတော့တယ်။ သဲကန္တာရ လမ်းခရီးတွင် အပန်းကြီးလှစွာနှင့် ရေရှာ၍ မရနိုင်သော ခရီးသည်ကဲ့သို့ အဖေ အမေတို့ကို ဘယ်လိုခေါ်၍ ဘယ်လို ထူးရပါ့မယ်၊ ဘယ်မှာသွားလို့ ဘယ်မှာ ရှာရပါ့မယ်။ အမယ်မင်း... အဖေတော် အမေတော်တဲ့ မိဒုက္ခ အငတ်မကို ဝိုင်း၍သာ သတ်ကြပါတော့" ဟု ညည်းညူပြီးလျှင် အင်္ကျီလက်နှင့် မျက်ရည်စကို သိမ်းနေရာတွင် အထိန်းတော်ကြီးသည် အနီးသို့ ရောက်လာ၍–

'ဘာများ ဖြစ်နေရပါသလဲ သခင်မကလေး' ဟု ဝပ်တွား၍ မေးသောအခါ အကလေး သူငယ်မှစ၍ အရွယ်နုပျိုသူတို့သည် ဝမ်းနည်းလှိုက်ဖိုရာ၌တစ်ဦးတစ်ယောက်က မေးမိလျှင် ဖိုရာက ငိုယိုတတ်သောသဘော ဖြစ်ရကားသခင်မကလေးသည် ဖိုရာက ငိုယို၍ ဤသို့ ပြန်ပြောလေ၏။

'တန်ပါ အထိန်းတော်ကြီးရယ်၊ သေမှငြိမ်းမယ့် ဒုက္ခပါ၊ တစ်နေ့လည်းပြောမယ်၊ တစ်နေ့လည်း ပြောပါ့မယ်နဲ့ တစ်နေ့ပေါင်း ဘယ်နှရက် ရှိ၍ လာပါပြီလဲ။ သူတကာ အဖေခေါ်လို့ ခင်ထားမှာ အဖေခေါ်စရာ မရှိ၊ သူတကာအမေ ခေါ်လို့မှ ခင်ထားမှာ မြင့်စရာ မော်စရာမရှိ။ မနေ့ညကလည်း အရပ်ထဲမှာ အုန်း၊ ငှက်ပျော၊ ဖယောင်းတိုင်များနှင့် မိဘမှစ၍ သက်ကြီးဝါကြီးတို့ကို ကန်တော့ကြသတဲ့။ ဒုက္ခိတ ငမိထားမှာ မိဘများကို ကန်တော့ချင်လို့ဘယ်သူ့ကို ကန်တော့ရပါမလဲ။ မနက်ကလည်း အိမ်ဘေးမှာ ခုံညင်းကစားကြ၍ ကလေးနှစ်ယောက် ရန်ခိုက်ဖြစ်ကြရာမှာ အမေသည်တစ်ယောက်က "ဟဲ့... ငါ့သားကို နင် ဘာပြုလို့ လုပ်ရသလဲ ဟေ့၊ ငါ့သားကို နင် ဘာပြုလို့ဆဲရသလဲ ဟေ့၊ ဘယ်ဆီက အုတ်ကြားမြက်ပေါက်ကလေးပါလိမ့်" ဟု ကြိမ်းမောင်း ပြောဆိုသွားတော့ ဟိုကလေးတစ်ယောက်ဟာ တောင်လှည့်မြောက်


mgyoe.com

m g o m

လှည့်နှင့် တမဲ့မဲ့ ငိုပြီးနေတာကို မြင်ရတော့ မိဘမရှိသော သား၊ မယားမရှိသော လုလင်၊ အရှင်မရှိသော ကျွန်၊ တံခွန်မရှိသော ရထားကဲ့သို့ ယခုနေများ တစ်ယောက်ယောက်က ငမိထားကို "ဟဲ့... အုတ်ကြားမြက်ပေါက်" လို့များ ခေါ်လိုက်လျှင် အထိန်းတော်ကြီးရယ် ငမိထားဖြင့် ခံရတော့မှာပဲ' ဟု မိဘ မသိ၍ ဘဝင်ပွားသောကြောင့် ခင်ထား သခင်မကလေးက တလှိုက်လှိုက် တရှိုက်ရှိုက်နှင့် ငို၍ ပြောလေ၏။

အထိန်းတော်ကြီးက 'သခင်မကလေး နားဆင်တော်မူစမ်းပါဦး' ဟု ဆိုပြီးလျှင် ပြောလိုက်သည်မှာ–

'လောက၌ ပြုသင့်သောကာလ၊ မပြုသင့်သော ကာလဟူ၍ ကာလနှစ်ပါး ခွဲခြားရှိရာတွင် ပြုသင့်သောကာလမှ ပြု၍၊ မပြုသင့်သောကာလ၌ ပြုမိချေသော် အကျိုးမှ ဆုတ်ယုတ်ရာသော အကြောင်းများစွာ ရှိကြောင်းများနှင့် ဖျာကျွန်မ တင်ဖူးလှပါပြီ မဟုတ်ပါလား သခင်မကလေးရဲ့။ ကာလံ ဒေသံတဲ့ သခင်မကလေးရဲ့၊ အခါကာလ ဟုတ်သည် မဟုတ်သည်၊ လျောက်ပတ်သော ဌာန ဟုတ်သည် မဟုတ်သည်ကို ထောက်ချင့်ရပါသတဲ့။ အခါကာလ ဟုတ်သည် မဟုတ်သည်ကို မထောက်ချင့်၍ အသက်မှ ဆုံးရှုံးရသော ဝတ္ထုတစ်ခုမှာ သည်လိုပါသတဲ့ သခင်မကလေး။

'လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလတ်သည်ရှိသော် ဒိသာပါမောက္ခ ဆရာတစ်ဦးသည် ငါးရာကုန်သော တပည့်အပေါင်းတို့ကို အတတ်သင်ပါသတဲ့ ဘုရား၊ အချိန်မှန် တွန်သော ကြက်တစ်ကောင်၏ အသံဖြင့် တပည့်အပေါင်းတို့သည် ထ၍ အတတ်ကို သရဇ္ဈာယ်ကြကုန်ရာတွင် တစ်နေ့သ၌ ထိုကြက်သည် သေ၍ သုသာန်တောမှ ကြက်တစ်ကောင်ကို ဆောင်ခဲ့ပြီးလျှင် ချိုင့်၌ထား၍ မွေးပါသတဲ့။ ၎င်းကြက်သည် သုသာန်၌ ကြီးသည်၏ အဖြစ်ကြောင့် ဤအချိန် ဤအခါ တွန်အပ်၏ဟု မသိသည်၏ အဖြစ်ကြောင့် တစ်ခါတစ်ခါ စောစောတွန်၍၊ တစ်ခါတစ်ခါလည်း လင်းမှ တွန်သည်နှင့် စောစောတွန်သော အချိန်၌ တပည့်တို့သည် စောစောထ၍ အတတ်ကို သရဇ္ဈာယ်ကြရပါသတဲ့။ လင်းမှ တွန်သောအချိန်၌ တပည့်တို့လည်း လင်းမှ အတတ်ကို သရဇ္ဈာယ်ကြရပါသတဲ့။ ဤကြက်သည် အခါမဟုတ်သော အချိန်၌ တွန်သည်၏ အဖြစ်ကြောင့် ငါတို့အား ပင်ပန်း၍ အတတ်သည် အပြီးမရောက်လတ္တံ့ဟု ထိုကြက်ကိုဖမ်း၍ သတ်ကြသတဲ့ သခင်မလေးရဲ့။


mgyoe.com

ထိုကြောင့် အခါဟုတ်သည် မဟုတ်သည်ကို ထောက်ချင့်ပါမှ။ မထောက်ချင့်၍ ထိုကြက်ကလေးမှာ အသက်မှ ပျက်စီးရပါတယ်။ လျောက်ပတ်သောအရပ် ဟုတ် မဟုတ် ထောက်ချင့်ရသည် ဆိုသည်မှာလည်း သည်လိုပါတဲ့ သခင်မကလေး။

'လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုလတ်သည်ရှိသော် ဘုရားအလောင်းသည် ငှက်မျိုး၌ဖြစ်၍ ငှက်အပေါင်းတို့ခြံရံလျက် တောအရပ်၌ အခက် အခွနှင့် ပြည့်စုံသော သစ်ပင်ကြီးကို မှီ၍ နေကြပါသတဲ့။ ထိုအခါ တစ်နေ့သ၌ ထိုသစ်ပင်၏ အခက်တို့သည် အချင်းချင်း ထိခိုက်ကုန်သည်ရှိသော် အမှုန့်သည် ကျ၍ အခိုးလည်း ထ ပါသတဲ့။ အမှုန့် အခိုးကို မြင်၍ ဘုရားလောင်းငှက်မင်းသည် "ဤအခက် နှစ်ခုတို့သည် ဤသို့ ထိခိုက်ကုန်သည် ရှိသော် မီးတို့သည် ထွက်ကုန်လတ္တံ့။ ထိုမီးသည် ကျ၍ သစ်ရွက်ဟောင်းတို့ကို လောင်လတ္တံ့။ ထိုသစ်ရွက်မီးမှ စ၍ ဤသစ်ပင်ကိုလည်း လောင်လတ္တံ့။ ဤအရပ်၌ ငါတို့သည် နေခြင်းငှာ မတတ်ကောင်း၊ ဤအရပ်မှ ပြောင်း၍ တစ်ပါးအရပ်၌ နေခြင်းငှာ သင့်၏" ဟု ကြံ၍ ဘုရားလောင်းငှက်မင်းနှင့်တကွ ပညာအမြော်အမြင်ရှိကြသော ငှက်အပေါင်းတို့သည် ပျံ၍ တစ်ပါးသောအရပ်သို့ သွားကြပါရော့ တဲ့။ မကြာမြင့်မီလျှင် ထိုသစ်ပင်သည် ဘုရားလောင်းငှက်မင်း ဉာဏ်ဖြင့် မြင်သည့်အတိုင်း မီးလောင်လေလျှင် ကျန်ရစ်သော ငှက်အပေါင်းတို့သည် အသက်မှ ပျက်စီးကြရပါသတဲ့ ဘုရား။

'ထို့ကြောင့်ပါ သခင်မကလေး၊ လျောက်ပတ်သောအရပ်၊ မလျောက်ပတ်သော အရပ်ဟူ၍ ထောက်ချင့်ရပါတယ်။ သည်အိမ်မှာသာ ယခုခေတ္တနေတော်မူပါဦး သခင်မကလေးရဲ့။ နောက်တော့ သခင်မကလေးနှင့် ထိုက်တန်တဲ့ နေရာတွင် နေရပါလိမ့်မယ်။ အချိန်ကာလ မဟုတ်သေးပါ၍ ခေတ္တသည်းခံ၍ ဆိုင်းတော်မူပါ သခင်မကလေး' ဟု အထိန်းတော်ကြီးက ယုယ၍ တင်သောအခါ သခင်မကလေးက 'ဆိုင်းပါဦး... ဆိုင်းပါဦး၊ တစ်နေ့လည်း ပြောပါ့မယ်၊ တစ်နေ့လည်း တင်ပါ့မယ်နှင့် နေ့ပေါင်း ဘယ်လောက် များလာပါပလဲ၊ မသာတော် ကိစ္စ ပြီးမှ ပြောမယ့်လက္ခဏာနှင့် တူပါရဲ့' ဟု ပြောလိုက်လျှင် အထိန်းတော်ကြီးက မျက်လုံးမျက်ဆန်ပြူး၍ သခင်မကလေးကို ကြည့်ပြီးမှ 'ဘယ်မသာတော် ကိစ္စပါလဲ' ဟု မေးလေ၏။ သခင်မကလေးက 'မသာတော်ကိစ္စ


mgyoe.com

ပြီးမှ ပြောပါမည် ဆိုလျှင်လည်း အထိန်းတော်ကြီးရယ်၊ အထိန်းတော်ကြီး လက်နဲ့ပဲ ခင်ထားကို သတ်လိုက်ပါတော့' ဟု ပြန်ပြောလေ၏။ အထိန်းတော်ကြီးက–

'မဟုတ်ပါဘူး သခင်မကလေးရဲ့၊ ဘယ်မသာတော်ကို မိန့်တော်မူနေရပါသလဲ' ဟု မေးလိုက်လျှင်၊ သခင်မကလေးက 'ဟို... အလောင်းတော်ကဿပ၏ မသာတော်ကိစ္စ ပြီးမှ ပြောမယ် မဟုတ်ပါလား' ဟု ဆိုလေ၏။

ဤသို့ သခင်မကလေးက ငေါက်ချည်တစ်ခါ၊ သနားစရာ တစ်လှည့်နှင့် ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောဆိုသည်များကို အထိန်းတော်ကြီးက သနားကရုဏာရှိသည်နှင့် သခင်မကလေး၏ မိဘတို့ကို ဖွင့်၍ ပြောပါတော့မည်ဟု ကြံလည်း ကြံမိ၏။ သို့သော်လည်း အသက်အန္တရာယ်ရေးကို တွေးမိပြန်သည်နှင့် အကြံခက်နေရာတွင် ဤသို့ တင်ပြန်လေ၏။

'သခင်မကလေး'

'ဘာများ တင်ဦးမလို့ပါလဲ၊ အလောင်းတော်ကဿပ မသာတော် ချတော့ မတဲ့လား'

'အလောင်းတော်ကဿပ၏ မသာတော် ချမလို့ ပြင်ဆင်နေပါသတဲ့ဘုရား။ သည်လိုပါ သခင်မကလေး၊ ဝတ္ထုဇာတ်ကလေးတစ်ခု တင်ပရစေဦး'

'ဟို... လွန်လေပြီးသော အခါကတဲ့ ဘုရား၊ ဝတ္ထုဇာတ်ပါနော် သခင်မကလေး။ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် အခါတစ်ပါး ဥယျာဉ်သို့ ထွက်တော်မူသောအခါ သီချင်းသီ၍ ထင်းခွေသော မိန်းမတစ်ယောက်ကို မြင်သည်နှင့် နှစ်သက်သောစိတ် ရှိသည်ဖြစ်၍ ထိုမိန်းမနှင့် ဤနေရာတွင် အချစ်ပင်ကို စိုက်ပျိုးမိပါရော့တဲ့။ ဘုရားဟောတဲ့ ဇာတ်ပါနော်။ ထိုနောက် မင်းသည် လက်စွပ်ကို ပေးခဲ့၍ အကယ်၍ သမီးဖွားအံ့၊ လက်စွပ်ကိုရောင်း၍ မွေးရစ်လော့။ သားယောက်ျား မွေးဖွားအံ့၊ လက်စွပ်နှင့်တကွ ငါ့အထံသို့ ဆောင်ခဲ့လော့ဟု ဆို၍ မင်းသည် ပြန်ခဲ့လေ၏။ ထင်းခွေမိန်းမသည် အခါစေ့၍ ဘုရားလောင်းကို ဖွား၏။ စကားပြောတတ်သော အရွယ်သို့ ရောက်လတ်သော် ကစားရာ အရပ်၌ ငါတို့ကို အဖ မရှိသောသူသည် ပုတ်ခတ်၏ဟု သူငယ်တို့ ဆိုကြလျှင် အမိထံသို့ သွား၍၊ မိခင် ငါ့အဖသည် အဘယ်သူနည်းဟု မေး၏။

'ချစ်သား၊ သင်သည် ဗာရာဏသီမင်း၏ သားတည်းဟု ဆို၏။ ဝတ္ထုနော်၊ ဝတ္ထု။ ကဋ္ဌဝါဟန ဇာတ်ဝတ္ထုပါတဲ့ သခင်မကလေးရဲ့။


m g y o e . c o m

m.gyoe.com SAMPLE BOOK

ဟုတ်မည် မထင်ပါဘူးမောင်။ ခင်ထား စိပ်ပုတီးလည်း ခင်ထားလက်၌ ပတ်လျက် အရှိသားပါကပဲ' ဟု ခင်ထား၏လက်ကို ညွှန်၍ ပြလေ၏။

'သည်ဟာဖြင့် မယ်မယ့်စိပ်ပုတီး ဖြစ်မှာပေါ့' ဟု မောင်မောင်စိုးက ပြန်၍ပြောလိုက်လျှင် အထိန်းတော်ကြီးက–

'မောင်၊ သည်လို စိပ်ပုတီးများတော့ မယ်မယ်တို့က ရင့်တယ်ထင်၍ ဘုယ်တော့မှ မဆောင်ပါဘူး' ဟု ဆိုပြီးလျှင် ပယင်းဝါပုတီးကို မောင်မောင်စိုး လက်သို့ ကမ်းလိုက်လေ၏။

မောင်မောင်စိုးက စိပ်ပုတီးကို လှမ်း၍ယူပြီးလျှင် ခင်ထား မျက်နှာကို ကြည့်၍ ဤသို့ ပြောပြန်လေ၏။

'သည်က မိမိကလေးလည်း ထ သွားရော၊ မိမိကလေး လက်ထောက်တဲ့ နေရာက သည်စိပ်ပုတီးကို ရလာခဲ့ပါတယ်။ မိမိကလေးက ကိုယ်ကိုင်တဲ့ စိပ်ပုတီး လမ်းကျပျောက်လေတော့ လူကြားလျှင် လျောင်မှာပြောင်မှာ ရှက်၍ စိပ်ပုတီး အသစ်တစ်ခုကို ဝယ်ပြီးမှ လက်မှာဝတ်ထားတယ် ထင်ပါရဲ့။ မရှက်ပါနဲ့ မိမိရယ်၊ မောင်မောင်တို့ မလျောင်တတ် မပြောင်တတ်ပါဘူး' ဟု ပြောပြီးလျှင် စိပ်ပုတီးကို ခင်ထားသို့ ကမ်း၍ ပေးလေ၏။

သခင်မကလေးကလည်း မောင်မောင်စိုး ကမ်းလှမ်းပေးနေသည်ကို မမြင်ယောင်ပြု၍၊ ပြောသည့် စကားကိုလည်း မကြားယောင်ပြု၍ စာကိုသာ ကြည့်ယောင်ပြုနေလေသောအခါ 'ဘာစာများကို ကြည့်နေရပါသလဲ မိမိရဲ့' ဟု ထပ်မံ မေးမြန်းပါသော်လည်း မကြားယောင်ပြု၍သာ နေလေလျှင် အထိန်းတော်ကြီးက ထောက်၍ 'ခင်ထား ဘာစာများကို ကြည့်နေပါသလဲ တဲ့၊ မောင်မောင်ကလေးက မေးနေပါတယ်' ဟု ပြောလေ၏။ ခင်ထားက ဘယ်သို့မျှ ပြန်လှန်မပြောဘဲ စာအုပ်ကိုဖွင့်လျက် အထိန်းတော်ကြီးနှင့် မောင်မောင်စိုး၏ အကြား၌ အသာချ၍ ထားလိုက်လေ၏။ မောင်မောင်စိုးက စာအုပ်ကိုယူ၍ ပေါင်ပေါ်မှာ တင်ထားပြီးမှ–

'သည်က စိပ်ပုတီးကလေးပဲ မဟုတ်ပါလား' ဟု ကမ်းလျက်ရှိသော လက်ကို မရုပ်ဘဲ ပြောလိုက်သောအခါ ခင်ထားမှာ မြွေမိသော ဖားသငယ် ကဲ့သို့ မျက်နှာမျှ မထားတတ်ဘဲ အထိန်းတော်ကြီးဘက်သို့ လှည့်၍ 'ထားထား ပုတီး သည်မှာ အရှိသားပဲ' ဟု လက်ကို အသာမ၍ အသံကလေး မတုန့်တတုန် နှင့် ပြန်၍ပြောလေ၏။


mgyoe.com

အထိန်းတော်ကြီးက တစ်စုံတစ်ရာမျှ မပြောမီ မောင်မောင်စိုးက ထပ်၍ ပြောလိုက်သည်မှာ–

'သည်ဘက် လက်မှာတော့ အရှိသားပေါ့၊ ဟိုဘက်လက်က ပုတီးကကော' ဟု မေးလျှင်၊ အထိန်းတော်ကြီးဘက်သို့ပင် လှည့်၍–

'ထားထားမှာ ပုတီးတစ်ဖက်တည်း ဝတ်တာပဲ' ဟု ပြောလေ၏။

အထိန်းတော်ကြီးက 'မေမေကြီး အသိသားကပဲ၊ ဘာပြုလို့ မေမေကြီးကို ပြောနေရပါသတုံး' ဟု ပြုံး၍ ပြောလိုက်လျှင်၊ မောင်မောင်စိုးက ဆက်လက်၍–

'မိမိကလေးက ဟိုအောက်မြို့ အင်္ဂလိပ်မင်း ရုံးများလို မှတ်နေ ထင်ပါတယ်။ အင်္ဂလိပ်မင်း ရုံးများမှာတော့ အမှုသည်ကို ရှေ့နေက စစ်မေးသောအခါ အမှုသည်က ရှေ့နေကို မကြည့်ဘဲ တရားသူကြီးကိုသာ ကြည့်၍ ပြောသကဲ့သို့ မိမိကလေးကလည်း အင်္ဂလိပ်မင်းရုံး ထင်နေ့ မှတ်ပါတယ်။ အင်္ဂလိပ်မင်းရုံး မဟုတ်ပါဘူး မိမိငဲ့၊ မြန်မာထုံး ရှု၍ ညှိသည်များက မေးပါလျှင် အိမ်ရှင်များက ပြောရပါတယ်။ ပုတီးကို ကောက်ရတဲ့လူက အပန်းတကြီးနှင့် လာ၍ ဆက်လာရပါသည်ကို ပုတီးရှင်က ရှက်၍ လက်ခံတော်မမူပါလျှင် ပျောက်သူမှာ မခက်၊ ပေးသူမှာ ရှက်ရမလို ဖြစ်နေပါ၍ ပေးသူကို ဖေးကူလို့ လက်ခံတော်မူစေချင်လှပါတယ်' ဟု ဆိုပြီးလျှင် ပုတီးကို ခင်ထား၏အနီး၌ ချပြီးမှ စာအုပ်ကို ကြည့်လေ၏။

အထိန်းတော်ကြီးက 'မောင်ကလေး၊ ထမင်းစားသောက်ပြီးမှ ပြန်ပေတော့' ဟု ဆိုလိုက်လျှင်–

'မယ်မယ်၊ ရှိပါစေ၊ ရှိပါစေ။ ကိစ္စပြုတော် မမူပါနှင့်' ဟု ပြန်၍ပြောလေ၏။

'အို... မဟုတ်ပါဘူး၊ ထမင်းမစားလျှင် လက်ဖက်ရည်ကလေး သောက်ပြီးမှ ပြန်ပါတော့' ဟု ဆိုရင်းနှင့် ထိုင်ရာက ထ သောအခါ ရေငတ်ရာတွင် ရေတွင်းထဲသို့ ကျဘိသို့ မောင်မောင်စိုး ဖေကဝိမှာ တေမိလုပ်၍ မတုန်မလှုပ်နေလေ၏။

အထိန်းတော်ကြီး ထ၍ သွားသောအခါ ခင်ထားမှာ ကျားမိသော သမင်ကဲ့သို့ ရှေ့မတိုး နောက်မဆုတ် ဖြစ်နေဆဲ ရှိရာတွင် မောင်မောင်စိုးက စတင်၍



mgyoe.com

mgyoe.com

'ဟိုတစ်နေ့က ဘုရားကြီးမှာ မိမိကလေးတို့ ဗုံရှည်ပွဲကို ကြည့်ခဲ့ပါသေးသလား' ဟု မေးလေ၏။

ခင်ထားက ဘယ်လိုမှ ပြန်၍မပြောဘဲ မျက်နှာကို အောက်ချ၍ နေသောအခါ မောင်မောင်စိုးက စကားမပြောလျှင် ပြောအောင် ဆက်လက်၍ ရယ်စရာ ပြောလိုက်ပြန်သည်မှာ–

'မိမိကလေးတို့နှင့် မောင်မောင် ကွဲသွားပြီးနောက် မိမိကလေးတို့ကို လိုက်၍ရှာရင်းနှင့် ဗုံရှည်ပွဲကို ဝင်၍ ခဏကြည့်ရာတွင် မင်းသမီးက "ဖျော့နှမကလေး ပန်းလှပါပြီ မောင်မောင်၊ သည်စခန်းက တစ်လှမ်းမျှ မရွေ့နိုင်ပါဘူး" ဆို၍ ထိုင်လိုက်သောအခါ မင်းသားက "ဘာမျှ စိုးရိမ်တော်မမူပါနှင့် နှမလေး၊ လားနှစ်ကောင်စပ်ကြား မြင်းသွားသလိုပ" ဟု မင်းသားက ဆိုလိုက်လျှင် လူပြက်က သည်တော့ "ဘယ့်နှယ်ဟာလဲ ကိုယ်တော့၊ သူတကာ့မင်းသားများမှာ မင်းသမီးက ပန်းလှပါပြီ၊ မောလှပါပြီဟု ဆိုလျှင် မင်းသားများက မလိုက် လိုက်အောင် ချော့မော့၍ ခေါ်ရပါတယ်။ ယခု ကိုယ်တော်ကလည်း လားနှစ်ကောင်စပ်ကြား မြင်းသွားသလိုပေါ့လို့ ဆိုတာ ဘာလဲ ကိုယ်တော့်ဟာ။ မင်းသမီးက လိုက်ပါလိမ့်မတဲ့၊ ကိုယ်တော့် ချော့ပုံနှင့်" ဟု ထောက်လိုက်သောအခါ မင်းသားက ဤသို့ပြန်၍ "ဟဲ့ လူမိုက်မျိုးတို့၊ မင်းသမီးကို ချော့လို့မှ ချော့မှန်းမသိကြတဲ့ ဟဲ့ ခွေးမသားတွေ၊ ယခုပွဲကို ရှုစားတော်မူတဲ့ အစ်ကိုအစ်မတို့မှာ နားကြီး မျက်စိကြီးတွေ၊ တစ်ထွာလောက် ပြောလျှင် တစ်လံလောက် နားလည်တော်မူကြတဲ့ ရပ်ကြီးသူ ရပ်ကြီးသားတွေ။ ရှေးက မင်းသားများမှာ ဤသို့ မင်းသမီးက မလိုက်နိုင်၍ ထိုင်တော်မူတဲ့ အခါမှာ စိုးပါနဲ့မေ၊ မိုးကြယ်မို့လား၊ သည်တောင်ကို မောင်ဖြိုပါ့မယ်၊ မြင်းမိုရ်မို့လား ဟု ရှေးမင်းသားများက သည်လိုဆို၍ ချော့ကြတယ် မဟုတ်လား။ ကာလက အတိုကြိုက်တဲ့ ကာလမို့ ငါကလည်း ဤသီချင်းကို အတို ကောက်၍ ဆိုလိုက်ရတာပေါ့" ဟု မင်းသားက ပြောလျှင် လူပြက်က "စိုးပါနဲ့မေ ဆိုတဲ့ သီချင်းနှင့် ကိုယ်တော့် လားနှင့် ဘာဆိုင်သလဲ"။ သည်တော့ မင်းသားက "ကျွန်မျိုးက မွေးတဲ့ ဟဲ့ သပေါက်မသားတွေ၊ မြင်းကိုစီးလို့မှ အထီးမှန်း မသိ၊ အမမှန်း မသိ။ စိုးပါနှင့်မေ မိုးကြယ်မို့လား၊ *ကြယ်မို့လား* ဆိုတဲ့ နေရာမှာ လားတစ်ကောင်နော်၊ မှတ်ထား။ သည်တောင်ကို မောင်ဖြိုပါ့မယ်၊ မြင်းမိုရ်... ဟော *မြင်းမိုရ်* ဆိုတဲ့ နေရာမှာ မြင်းတစ်ကောင်နော်။ မို့လား၊ ဟော *မို့လား*ဆိုတဲ့


mgyoe.com

m gyoe.c o m


နေရာမှာ လားတစ်ကောင်။ သည်တော့ လား နှစ်ကောင်စပ်ကြား မြင်းတစ်ကောင် မဟုတ်ဘူးလား" လို့ မင်းသားက ပြောလိုက်တော့ ပရိသတ်က ရယ်လိုက်ကြတာ မိမိရယ်၊ ပတ်တုတ်လို့တောင်မျှ မရပါဘူး' ဟု မောင်မောင်စိုးက ရယ်မောရ၍ ပြောလေ၏။

ဘယ်နံ့ရောအခါမှ ရွယ်တူ လူပျိုဟူသရွေ့နှင့် စကားမပြောဖူးရှာသော ခင်ထားမှာ မောင်မောင်စိုး ပြောသော စကားကို ကြားရ၍ ဣန္ဒြေမျှ မဆောင်နိုင်သည်နှင့် အနည်းငယ် ပြုံးလိုက်သောအခါ မောင်မောင်စိုးက 'မိမိကလေး ဝတ်ထားတော်မူတဲ့ စိပ်ပုတီးကလေးကို မောင်မောင် ခဏကြည့်ပါရစေ' ဟု လက် လှမ်း၍တောင်းလိုက်လျှင် ခင်ထားက မောင်မောင်စိုးမျက်နှာကို မစောင်းတစောင်း ကြည့်ပြီးမှ ဝတ်ထားသော ပယင်းပုတီးကို ချွတ်၍ ဖျာပေါ်၌ ချလိုက်လေ၏။ ပုတီးကို ကောက်ယူပြီးလျှင် 'သည်ပုတီးနှယ် မောင်မောင် ပျောက်သွားတဲ့ ပုတီးကလေးနှင့် တူလိုက်တာ၊ မောင်မောင့်ပုတီးပဲ ထင်ပါရဲ့' ဟု ဆိုပြီးလျှင် အိတ်ထဲသို့ထည့်ပြီးမှ မိမိဒူးနားက 'မောင်မောင် ယူခဲ့တဲ့ပုတီးကို ဝတ်ကြည့်စမ်းပါ' ဟု ပြောသောအခါ မတုန်မလှုပ် နေလေ၏။ 'ဪ... မောင်မောင် ဝတ်ဆင်လို့ပေးမှ မိမိက ဝတ်ဆင်မယ် ဆိုပါတော့။ ကောင်းပါပြီ မိမိရယ်၊ မောင်မောင် ဝတ်ဆင်လို့ ပေးပါ့မယ်' ဟု ပုတီးကို လှမ်း၍ယူမည့် လက္ခဏာနှင့် လက်ကို ဟန်ပြင်လိုက်ရာ အာဏာသားတို့ လှန့်တိုင်းမှာပင် ရာဇဝတ်ကောင်မှာ လန့်ရလေဘိသကဲ့သို့ ခင်ထားမှာ ပုတီးကို အသာကောက်ယူ၍ လက်တွင် ဝတ်ပြီးလျှင် အတွင်းဆောင်ဘက်သို့ လှည့်၍ ကြည့်နေလေ၏။ မောင်မောင်စိုးက 'နာမည်ကတော့ ဘယ်လို ခေါ်ပါသလဲ' ဟု ရုတ်တရက် မေးလိုက်ပြန်လျှင် အတွင်းဆောင်ကို ကြည့်ရာမှ တစ်ဖန် မျက်နှာကိုအောက်ချ၍ မတုန်မလှုပ် နေပြန်လေ၏။ လန့်တိုင်း လှန့်၍ကောင်းရှာသော မောင်မောင်စိုးက 'မိမိကလေး ပျင်းတော်မူ၍ နှုတ်ခမ်းတော် မလှုပ်အားပါလျှင် မောင်မောင့် လက်နှင့် နှုတ်ခမ်းတော်ကလေးကို လှုပ်ပေးရမှာလား' ဟု လက်ကို ဟန်ပြင်လိုက်ပြန်သောအခါ မျက်နှာကို မော့၍ မစောင်းတစောင်း ကြည့်ပြီးမှ 'ခင်ထားလို့ ခေါ်ပါတယ်' ဟု မျက်မာန်တော် မပွားတပွားနှင့် မကြားတကြား ပြန်ပြောလေ၏။

'ပန်းသတင်းကို လေညင်းဆောင် ဆိုသလို မိမိရယ်၊ ပင်လယ်ကသစ်ပန်းနှင့် တူတော်မူသော မိမိကလေးတို့ သတင်းတော်ကို ကြားသည့်နေ့ကပင်


mgyoe.com

 mgyoe.com SAMPLE BOOK 

စား၍မျှ မဝင်နိုင်အောင် ရှိရပါတော့တယ်။ ရောင်ခြည်တစ်ထောင် ဆောင်သော နေမင်းသည် အရှေ့ကျွန်းမှ ထွက်လာ၍ အနောက်ကျွန်းသို့ ဝင်လျှင် တစ်ခုသောအလင်းကို ရစေသတည်းဟု ကမ္ဘာဦးသူတို့ တောင့်တကြကုန်သည်နှင့် ချမ်းအေးသော အရောင်ကို ဆောင်သော လမင်းသည် အရှေ့မျက်နှာမှ ထွက်လာ၍ မြင်ကြသည်ရှိသော် ဝမ်းမြောက်ဝမ်းသာ ရွှင်မြူးစွာ ဖြစ်ကုန်ကြသကဲ့သို့ ယခုလည်း ချစ်နှမ၏ လဝန်းနှင့် တူတော်မူတဲ့၊ လောကွတ်လို့လည်း ထင်တော်မမူပါနှင့် နော်။ ရွှေမျက်နှာကို မြင်ရတော့ ရင်ဝမှာ အေးချမ်း၍ ဝမ်းမြောက်ကြီး ဝမ်းမြောက်ပါတော့တယ်။ အပန်းတကြီးနှင့် ချွေးဒီးဒီးကျကုန်သော သူတို့သည် လေပြည်လေညင်းကို မြတ်နိုးနှစ်သက်သကဲ့သို့၊ ရေငတ်သော သူတို့သည် ရေကို လိုချင်တောင့်တဘိသကဲ့သို့ သည်ကလူမှာ ထို့တူပမာဏ ချစ်နှမ၏ အဆင်းရူပကြောင့် တောင့်တနှစ်ခြိုက် အကြိုက်ကြီး ကြိုက်ရပါတော့တယ်။ ဆာလောင်သောသူကို အစာပေး၍ ငြိမ်းစေသကဲ့သို့၊ ရောဂါဖိစီးသူကို ဆေးပေး၍ ငြိမ်းစေဘိသကဲ့သို့ အိမ့်ရှင်မကြောင့် ဒုက္ခဆူသည်းမယ့်မောင်ကြီး၏ အပူမီးကို အပြီး ငြိမ်းစေလိုလှပါတယ် နှမ။ ရေနစ်သူကို ဝါးကူလို့ ဖေးရမည့်အစား ရွှေမျက်နှာ တသုန်သုန်နှင့် တံမှုန်မှုန်ထားသည်များ အသနားမဲ့ရာ ကျပါတော့မယ်။ ချစ်ကြိုက်စရာ၊ မေ့မျက်နှာ၊ စန္ဒာရွှေလ၊ ကြော့ကြော့ရွှန်းငယ်၊ လွန်းလောက်အောင် လှတာမို့ ရှုမဝ ရှိရာတွင် အိမ့်ရှင်က စက်ဆုပ်၍ ဖက်မလုပ် နှုတ်မဆက်၊ ညှော့်သည်က အတန်တန် မေးလို့မှ တစ်ခွန်းမှ မထွက်လေတော့ ရက်ရက်နှင့် ပြန်ရပါတော့မယ်။

'ဓာတ်မတူ၊ မှတ်ယူလို့ မထွက်။ ။ ခွေး၊ မျောက်၊ ယုံ၊ ဖျံ သို့ ပုံစံ သက်သေဟောင်းရယ်၊ ကြောင်းရှိပါလျက်…'

ဤသို့ ပြောဆိုနေရာတွင် အထိန်းတော်ကြီးသည် အနီးသို့ လာရောက် ထိုင်သောအခါ ရုတ်တရက်မြင်လိုက်၍ အံ့အားသင့်ပြီးလျှင် ဆက်လက်ပြောလိုက်သည်မှာ 'မဟော်သဓာ ရွှေကျေးက ပဥ္စာလမင်းကြီး၏ သာလိကာမကို ဤကဲ့သို့ ပြောသတဲ့ မိမိလေးရဲ့။ ကြက်တူရွေးက တော်တော် အမယ်က တော်လိုက်လေ ဆိုသလို ညကဟောတဲ့ ကွက်စိပ်ဆရာကဖြင့် သူကိုယ်တိုင် သာလိကာမကို ပြောသလို ယခု မိမိကလေး၏ စာအုပ်ကို ဖတ်ကြည့်တော့ သူပြောတာမျိုး တစ်ခွန်းမျှ မပါ ပါဘူး' ဟု မောင်မောင်စိုး သောကြာအိုးက ဓာတ်တစ်မျိုးယိမ်း၍ လေပြေသိမ်းလိုက်လေ၏။


mgyoe.com

အထိန်းတော်ကြီး ထိုင်မိ၍ မကြာမီပင်လျှင် အပျိုကြီး မဝွမ်းသည် လက်ဖက်ရည်ပွဲ ယူလာ၍ လက်ဖက်ရည် သောက်ကြရာတွင် အထိန်းတော်ကြီးက မေးလိုက်သည်မှာ– 'မောင်မောင်တို့ ကျေးဇူးရှင် အနိစ္စရောက်တော့ ပစ္စည်းပစ္စယများ ဘယ်လောက် ကျန်ခဲ့ပါသေးသလဲ' ဟု မေးလျှင် 'ကျေးဇူးရှင် ဘုရား ချန်ထားခဲ့တဲ့ ငွေသုံးထောင်နှင့်ပင် ယခု ကျွန်တော်များ သားအမိတစ်စု တို့ ရင်းနှီးစားသောက်နေရပါတယ်' ဟု ပြန်၍ပြောလေ၏။

အထိန်းတော်။ ။ 'မဟုတ်ပေါင် မောင်မောင်ရယ်၊ မောင်မောင်တို့ ရှိတဲ့ပစ္စည်းကို မယ်မယ်တို့ လုမယူနိုင်ပါဘူး'

မောင်မောင်စိုး။ ။ 'အမှန်ပါ မယ်မယ်၊ သုံးထောင်သာ ကျန်ရစ်ခဲ့ ပါတယ်'

ထိန်း။ ။ 'နို့ မနှစ်က ထီပေါက်သဆို'

စိုး။ ။ 'ဘယ်တော့မှ ကျွန်တော်များ ထီမထိုးပါဘူး'

ထိန်း။ ။ 'မနှစ်က တောင်ဝန်မင်း ရုံးတော်က ခင်ခင်သော့တို့ အစ်ကိုကြီးတစ်ယောက် ထီပေါက်တယ်၊ ထီပေါက်တယ်လို့ မယ်မယ် ကြား လိုက်မိ ထင်ပါတယ်'

စိုး။ ။ 'သည်ဟာ မြင်းဝန်မင်းသမီး ခင်ခင်သော့တို့ အစ်ကိုကြီးနှင့် တူပါတယ်'

ထိန်း။ ။ 'သြော်... မောင်မောင် မဟုတ်ပါပဲကိုး၊ မောင်မောင့် ရုပနိကာယ်ကို ထောက်ချင့်တော့ ဥစ္စာရှင်နှင့် အလွန်တူလှပါတယ်။ ယခု ဥစ္စာရှင် အခေါ်မခံရသေးသော်လည်း သည်ဘဝတွင် ဥစ္စာရှင် အခေါ်မခံရဘဲ နေမည် မဟုတ်ပါ။ ကံစမ်း တစ်ဂဏန်းလောက် ထိုးလိုက်စမ်းပါလား မောင်မောင်။ ဟောသည်က ခင်ထားကလည်း ကံစမ်းချင်လှသတဲ့။ မောင်နဲ့ ခင်ထားနဲ့ ကံစမ်း ဆိုပြီး စပ်ထိုးကြစမ်းပါလား'

စိုး။ ။ 'တစ်ခါမှဖြင့် စပ်မထိုးဖူးပါဘူး။ မယ်မယ် ပြောလို့ရှိမှ ဘယ့်နှယ် မိမိကလေး ကံစမ်းရအောင်၊ စပ်မလား'

ထား။ ။ 'ဝါသနာ မပါပေါင်ပါ၊ မေမေကြီးနဲ့သာ စမ်းတော်မူကြပါ'

စိုး။ ။ 'သည်ဟာနဲ့ စကားမစပ်၊ မယ်မယ် ထီရုံတွေ ပိတ်ဆိုပါပကော'

ထိန်း။ ။ 'ပိတ်တာ ကောင်းပါတယ် မောင်မောင်၊ ထီရုံမပိတ်သရွေ့



mgyoe.com

mgyoe.com SAMPLE BOOK

တော့ တစ်ဆိတ်တစ်ဆိတ်နှင့် မွဲကြရတော့မှာပဲ။ မွဲရုံတွင်မက မြို့ရွာတောင် ပျက်စီးဖို့အရေး မယ်မယ်ဖြင့် တွေးလို့ပဲ မြင်ပါရဲ့။ "သောနှင့်သတ္တ၊ အဒ္ဒ တိုင်အောင်၊ ပြည်ကြီးလောင်ပူ၊ အိုးသို့ ဆူလိမ့်၊ ပြည်သူတိုင်းကား၊ ငတ်မွတ် ရှားသည်၊ လူများဝမ်းသွေး၊ ပျက်၍သေလတ္တံ့၊ ခိုးသားရန်သူ၊ စစ်မက်ထူ၍၊ များလူစားနှင့် သေလတ္တံ့" ဟု သိုက်စာများက ဆိုလေတော့ ခြောက်ခုနှစ်၊ ခုနစ်ခုနှစ်၊ ရှစ်ခုနှစ်များမှာ အလွန် စိုးရိမ်ရပါလိမ့်မယ်။ ခုတ်ရာတခြား၊ ရှရာ တခြား ဆိုသလို တိုင်းပြည်များ ပျက်စီးချင်လို့ ထင်ရဲ့။ စနေနံမင်းလက်ထက် စနေနံ ပေါ်လာရတာ ပျက်စီးချိန် ကြုံတော့လည်း သင်္ချိုင်းရမှမို့ ဓားမနှင့် သင်ခါ လို့မှ မရနိုင်ဘူးတဲ့။ ထိပေါ်တာက သည်လိုပါ မောင်။

'ဘဝရှင် မင်းတရားကြီးဘုရား အဘိသိက်ခံတော်မူသော နေ့မှာ အတွင်း ဝန် ယော်မြို့စားမင်းသည် ခေါင်းကိုမော့၍ ခံစားရာတွင် မြင်တော်မူသည်နှင့် "အခစား ရဲလှ ဘယ်သူတုံး မောင်မင်း" ဟု မေးတော်မူသောအခါ အတွင်းဝန် မင်းက "ရောင်ခြည် တစ်ထောင်ဆောင်သော နေမင်းသည် အရှေ့ပြဒ္ဒာကျွန်း မှ ထွက်ပြူစ အခါတွင် အရှိန်မပြင်း၊ မွန်းတည့်အချိန် အရှိန်ပြင်းထန်မည် ဖြစ် ပါသောကြောင့် ကျွန်တော်မျိုးငယော အရှိန်မပြင်းမီ ပြူစမို့ ဝဝကြီး ယခု ဖူး ရပါကြောင်း ရွှေဖဝါးတော်မြတ်အောက် ရှိခိုး သံတော်ဦး တင်ပါသည် ဘုရား" ဟု လျှောက်လိုက်လေလျှင် ရွှေမျက်နှာတော်ညှိုး၊ အလိုတော် မကျသည်နှင့် နန်းတွင်းသို့ ဝင်သွားပါရော့ မောင့်။ သက်တော်ရှည် ဦးကင်းနှင့် အတွင်းမှာ တိုင်ပင်ကြပြီးနောက် အတွင်းဝန်မင်းကို ရာထူးမှနုတ်၍ တစ်လကျော်ခန့်ရှိ ကာလ ညဥ့်ညီလာခံသို့ အတွင်းဝန်မင်းကို အခစား ဝင်ရောက်စေပြီးလျှင် ခမည်းတော်ဘုရား လက်ထက်တော်ကပင် အတင်အလျှောက် မထောက်မချင့် ၍ သူကောင်းပြု ချီးမြှင့်ခြင်းမှ အသနားတော်များ မခံရသည်များ သတိသမ္ပဇဉ် နှင့် ယှဉ်၍ ဆင်ခြင်တုံတရား စဉ်းစားထားသင့်လှတော့သည်။

'ငါအရှင် ဧကရာဇ်မင်းမြတ်သည်လည်း ရှေးမင်းတို့ထုံး နှလုံးပိုက်၍ သာသနာတော်မှု၊ တိုင်းရေးပြည်မှု၊ စီရင်ခင်းစီရင်ဖွယ်၊ နုတ်ပယ် ခန့်ထား ဆင့်ဆိုပြုလုပ်ရန် ရှိသည်များကို သင်္ဂဟတရား၊ အပရိဟာနိယ တရားများနှင့် တပြေးတည်းညီစွာ ကျင့်ဆောင်၍ သစ္စာတော်ခံ အမှုထမ်းအရာရှိ မှူးမတ် ဝန်စုတို့မှစ၍ ထိုက်သင့်သည်အလျောက် ချီးမြှောက် မစတော်မူသည့်အတိုင်း မောင်မင်းလည်း ငါအရှင်မြတ် လက်ထက်တော်တွင် အမှုတော်ကို ရှိသေကျိုးနွံ


mgyoe.com

 mgyoe.com SAMPLE BOOK 

စွာ ထမ်းဆောင်ရမည်။ ရာထူးဟောင်းကိုလည်း ထပ်လောင်း၍ ယခု သနားတော် မူမည်။ ဦးလည်မသုန် သက်စွန့်ကြိုးပမ်း အမှုတော်ကို ထမ်းရမည်။ သံတော်ဦးတင်ရန်များ ရှိသေးသလား မောင်ယောဟု အမိန့်တော်မြွက် ရှိတော်မူသောအခါ–

'ဘုန်းတော့်ကျွန် ငယော ရှိခိုး သံတော်ဦးတင်ပါမည် ဘုရား။ ပေးကမ်းခြင်း၊ ချစ်ဖွယ်စကားကို ဆိုခြင်း၊ အကျိုးစီးပွားကို ကျင့်ခြင်း၊ ကိုယ်တူပြုခြင်းဟူ၍ စတုကနိပါတ် အင်္ဂုတ္တိုရ် ပါဠိတော်လာ သင်္ဂဟတရား လေးပါးမှာ အများနှင့် ဆက်ဆံသောတရား ဖြစ်ပါကြောင်းပါ ဘုရား။

'မင်းတို့နှင့် ဆက်ဆံသော အဋ္ဌနိပါတ် အင်္ဂုတ္တိုရ် ပါဠိတော်လာ သင်္ဂဟတရား လေးပါးတို့မှာ အခွန်အတုတ်ကို ဆယ်ဖို့တစ်ဖို့ ခံခြင်းသည်လည်း တစ်ပါး၊ သူရဲသူခက်တို့အား ခြောက်လတစ်ကြိမ် ရိက္ခာပေးခြင်းလည်း တစ်ပါး၊ ဆင်းရဲသားတို့အား အရင်းဥစ္စာ ပေး၍ သုံးနှစ်လည်မှ အရင်းအတိုင်းသာ ယူခြင်းလည်း တစ်ပါး၊ မှူးမတ် အစရှိသဖြင့် ပြည်သူအားလုံးတို့ကို ချစ်ဖွယ်သော စကားကို ဆိုခြင်းလည်း တစ်ပါး၊ ဤသို့လေးပါးသော သင်္ဂဟတရား ရှိရာတွင် အခွန်အတုတ် ခံယူခြင်း၌ စေ့စပ်သေချာစွာ မရှိ၊ အင်္ဂလိပ်မင်းများ ထုံးဖွဲ့စည်းကြပ်သည်အတိုင်း နေပြည်တော်တွင် ဤသို့ စည်းကြပ်ရပါလျှင် မြို့လည်း သာယာ၊ သာသနာတော်လည်း တိုးတက်ရန် ရှိကြောင်းများကို ရှိခိုး သံတော်ဦးတင်သတဲ့ မောင့်။

'သည်တော့ ဘဝရှင် မင်းတရားကြီးက မောင်ယော တင်ချက်မှာ အငိုလွယ်လို့ အရှိက်ခက် ဆိုသလို မောင်မင့်၊ မင်းတို့ ကျင့်ရာသော တရားတွင် ပြည်သူတို့ကို မညှဉ်းဆဲခြင်းလည်း တစ်ပါးတဲ့။ ငါ့အရှင်မင်းမြတ်၏ နိုင်ငံနေသူ လူအပေါင်းတို့မှာ အင်္ဂလိပ်ပြည်နေသူ လူအပေါင်းတို့ကဲ့သို့ ပစ္စည်းဥစ္စာ ချမ်းသာခြင်း မရှိပါဘဲ အခွန်အတုတ် ထပ်၍ ခွဲပြန်လျှင် ညှဉ်းဆဲရာ မရောက်ပေဘူးလား မောင်ယော ဟု မိန့်တော်မူရာတွင် သံတော်ဦး တင်လိုက်ပြန်သည်မှာ ငယော ကျွန်တော်မျိုး ရှိခိုး သံတော်ဦးတင်ပါမည် ဘုရား။ မိဘတို့မည်သည် သားသမီးတို့ကို ပညာသင်ချိန်၌ ပညာကို သင်စေ၍ ပစ္စည်းရှာဖွေချိန်၌ ပစ္စည်းကို ရှာဖွေစေ၍ ဤသို့ ပြုခြင်းပြုဖွယ်ကို ပြုလုပ်မှ သာလျှင် သားသမီးတို့ကို ချစ်ရာမည်ပါသည်။ ရင်ခွင်တွင် အမြဲထား၍ ကစားချော့မြှူ၍နေသော် သားသမီးကို ချစ်စရာမရောက်၊ နှစ်ရာရောက်သည် ဆိုသောအတိုင်း အင်္ဂလိပ်မင်း



mgyoe.com

mgyoe.com

တို့မှာ ပျင်းသော သားသမီးကို တံဖျာဖြင့် ရိုက်၍ ပညာသင်စေခိုင်းသကဲ့သို့ တိုင်းနိုင်ငံသူ လူအပေါင်းတို့ကို တံဖျာတည်းဟူသော အခွန်အတုတ်ဖြင့် စည်းကြပ်၍ မရပ်မနား စီးပွားဖွေရှာကြစေသည်နှင့် တစ်စတစ်စ ပညာတိုးပွား၍ စည်ကားတိုးတက်လာသည့် ဥပမာ ယခုလည်း နေပြည်တော်ရှိ ပျင်းရိသော သားသမီးတို့ကို တံဖျာတည်းဟူသော အခွန်အတုတ်ဖြင့် စည်းကြပ်ရပါလျှင် တစ်ထပ်တည်း အင်္ဂလိပ်ပြည်ကဲ့သို့ စည်ပင်ဝပြောမည် ဖြစ်ပါကြောင်း။ သို့ဖြစ်ပါ၍ သံချိတ်တွင် အစာထည့်၍ ငါးကိုဖမ်းရသော ဥပမာနှင့်ထပ်တူ အောင်ပါလေထီနှင့် မြှူရလျှင် ပြည်သူတို့ ငွေရှိမရှိ ထင်လင်းစွာ သိရမည် ဖြစ်ပါကြောင်း၊ ရွှေဖဝါးတော်မြတ်အောက် ရှိခိုး သံတော်ဦး တင်ဝံ့ပါသည် ဘုရားဟု အတွင်းဝန်မင်းက လျှောက်ထားသတဲ့ မောင်။

'အဲသည်တော့ မောင်မောင်၊ ပြည်သူတို့ ငွေရှိမရှိ သိရအောင် ဥပါယ်တံမျဉ်ဖြင့် ပြုလုပ်ပါသည်ကို ယခုတော့ ပျော်ပွဲကြီးတွေဆင်လို့။ ပထမကတော့ ငွေရှိမရှိ သိရုံမျှသာ အနောက်ပြင် ကိုးခန်းတိုက်ကြီးမှာ။ လေးဆယ်ပြည့်နှစ်ထင်ပါ့၊ သည်တော့ ထီရုံတစ်ရုံထဲ ရှိပါသေးတယ်။ တစ်ဂဏန်း ၅ ကျပ်နှင့် ဂဏန်းပေါင်း ၁၂၀၀၀ (တစ်သောင်းနှစ်ထောင်)၊ ခိုင်ငွေတစ်သောင်း နုတ်၍ အောင်ပါလေငွေမှာ ၅၀၀၀၀ (ငါးသောင်း)၊ နောက် လေးဆယ့်တစ်ခု နှစ်ကျတော့ ထီရုံတစ်ရုံက ဆယ်ရုံတောင် ဖြစ်လာပြန်ပါရော။ သည်တော့ တစ်ဂဏန်း ၂ ကျပ်နှင့် ဂဏန်းပေါင်း ခြောက်ထောင်၊ ခိုင်ငွေ နှစ်ထောင်နုတ်၍ အောင်ပါလေမှာ တစ်သောင်း၊ တစ်ရုံမှာ တစ်သောင်းဆိုလျှင် ဆယ်ရုံမှာ တစ်သိန်း၊ တစ်လလျှင်လည်း ဆယ်ကြိမ်ဖွင့်သောကြောင့် ခိုင်ငွေပေါင်း တစ်ရာလျှင် ဆယ်သိန်းကျရောပေါ့။ သည်ပြည်မှ မမွဲ ဘယ်ပြည် မွဲမတဲ့လဲ၊ သည်ပြည်မှ မပျက် ဘယ်ပြည် ပျက်မတဲ့တုံး။ အဲ သို့ကြောင့် "သော်နှင့်သတ္တ၊ အဋ္ဌတိုင်အောင်၊ မီးသို့လောင်" ဆိုတဲ့ တဘောင်နှင့်မညီပါလား။ မယ်မယ်တို့ဖြင့် ဘယ်ဆီကို ပြေးရလွှားရမလဲ မဆိုနိုင်ပါဘူး။ မောင်မောင်ကလေးတို့ကို အားထားပါရစေနော်'

ဤသို့ ပြောဆိုသော အဆုံး၌ မောင်မောင်စိုးက ခင်ထားဘက်သို့ လှည့်၍ 'မိမိကလေးကကော အားထားတော်မူပါရဲ့လား' ဟု မေးလေ၏။ ခင်ထားမှာ လက်ဦး တွေ့စကသာလျှင် အနေခက်၊ အထိုင်ခက်၊ အပြောခက်၊ အဆိုခက်နှင့် ရှက်တက်တက် ရှိနေရာ အတော်ကြာ နီးရင်းမိကြသည်နှင့် အရှက်မှ


mgyoe.com

အနည်းငယ် ပြေပျောက်၍ 'သိကြားလောက်ပဲ အားကိုးပါတယ်' ဟု ပြန်၍ ပြောလေ၏။ 'အားထားတော်မူပါ မိမိကလေးရဲ့၊ လားနှစ်ကောင် စပ်ကြားက မြင်းပါပဲ' ဟု နှစ်ကိုယ်ကြား နားလည်သော စကားနှင့် ပြောဆိုရယ်မောပြီးလျှင် လက်နှစ်ဖက်ကို ဒူးရှေ့၌ စုံချ၍ အထိန်းတော်ကြီးဘက်သို့ လှည့်၍ 'စကားပြောလို့လည်း ကောင်းပါရဲ့၊ နို့... ကျွန်တော်များ...'

'ကောင်းပါပြီ မောင်မောင်... ကြွပေဦးတော့၊ နေလည်း အတော်စောင်းလှပေါ့၊ ဘယ်တော့ဆီလောက်များ အလည်ကြွလာနိုင်ပေလိမ့်ဦးမလဲ'

'နက်ဖြန် သန်ဘက်လောက်ပဲ ဟိုဘက်နားက သူငယ်ချင်းတစ်ယောက်အိမ်သို့လာရန် ကိစ္စတစ်ခု ရှိပါသေးတယ်။ အကယ်၍ လာဖြစ်ပါလျှင် သည်ကိုလည်း ရောက်ပါ့မယ်။ နို့... မိမိကလေး၊ မောင်မောင်...'

'မှန်လှပါ၊ ကြွတော်မူပါရော့'

ဤသို့ နှုတ်ခွန်းဆက်သပြီးနောက် မောင်မောင်စိုးသည် အိမ်ထက်မှ ဆင်း၍သွားသောအခါ ဝင်းဝတွင် အပျိုကြီးမဝွမ်းနှင့် တွေ့ရှိ၍ 'ကြွရော့လား... မောင်မောင်ကလေး' ဟု ဆီး၍ မေးသောအခါ 'မှန်ပါ၊ ပြန်ပါဦးမယ်' ဟု ပြန်ပြောလေ၏။ 'မောင်မောင်ကလေးကတော့ ဘယ်မှာ နေပါသလဲ' ဟု မေးလျှင် 'ဂုဏ်တန်ရပ် ဓနုဖြူမိဖုရားတိုက်တော် အနောက်ဘက်က ကပ်၍နေပါတယ်' ဟု ပြောလေ၏။ 'နာမည်ကတော့ ဘယ့်နှယ်ခေါ်ပါသလဲ' မေးပြန်ရာ 'မောင်မောင်စိုးပါ' ဟုပြန်၍ပြောလေ၏။ 'မမ နက်ဖြန် ဈေးကြိုတော်ကိုလာရန် ရှိပါသေးတယ်။ လာဖြစ်တော့ မောင်ကလေးတို့ အိမ်ကိုလည်း အလည်လာပါဦးမယ်' ဟု ပြောလျှင် 'ကောင်းလှပါပြီ မမ၊ ဝင်တော်မူပါနော်၊ မောင်အရင်းဟု သဘောထားတော်မူပါ။ သည်လိုပေါ့ မမ၊ လောကဆိုတာ သည်လို မိတ်ဆက်ကြရတာပါ။ နို့ ပြန်ပါဦးမယ်။ မမ မျှော်နေမနော်' ဆို၍ မောင်မောင်စိုးသည် နေအိမ်သို့ ပြန်လေ၏။

ခင်ခင်ထား၊ အထိန်းတော်ကြီး၊ မဝွမ်း၊ ၎င်းသုံးဦးတို့သည် လူစိမ်းသူစိမ်း မရှိ။ အချင်းချင်းသာ ရှိကြသောအခါ ဂုဏ်ကိုလိုက်၍ အရှိအသေ ပြုကြရ၏။ လူစိမ်းသူစိမ်းတို့ ရှေ့တွင် ဆွေမျိုးဉာတိ ထင်ရလေအောင် သခင်မကလေး ခင်ခင်ထားကို ဘုရားထူးခြင်း မရှိဘဲ သံဖြတ်နှင့် စကားပြောကြလေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၄)

မောင်မောင်စိုးသည် နှုတ်ခွန်းဆက်သ၍ ပြန်သွားပြီးနောက် အထိန်းတော်ကြီးက "လားနှစ်ကောင် စပ်ကြားက မြင်းပါပဲ" ဟု ပြောဆိုသွားသော စကားကို ကောင်းမွန်စွာ မကြားလိုက်ရသည်နှင့် ခင်ထားကို မေးလိုက်ရာတွင် ပွဲတွင် လူပြက်မင်းသားတို့ ပြက်ဆိုသော စကားကို မောင်မောင်စိုး ပြောခဲ့သည့်အတိုင်း ပြန်၍ ပြောလိုက်သောအခါ အထိန်းတော်ကြီးမှာ လက်ခုပ်လက်ဝါး တီး၍ ရယ်မောပြီးနောက် ဆက်လက်၍ ပြောလိုက်သည်မှာ–'သခင်မကလေးက "ကျိန်နှစ်ကျိန် စပ်ကြားမှာ မပြားလို့ လုံးပါတယ်" ဟု ပြန်ပဲ ပြောလိုက်ပါလေ တော့'

ခင်ထားက 'အဓိပ္ပာယ် ဆိုစမ်းပါဦး' ဟု မေးသောအခါ–

'သည်လိုပါတဲ့ သခင်မကလေးရဲ့၊ "ကျိန်ပါလေ မောင်ဘုန်း"၊ သည်မှာ ကျိန်တစ်ကျိန်ပါနော်။ "ရာသက်လုံး"၊ သည်မှာ လုံးနော်။ "မမုန်းတမ်း နောက် နောင်ခါ၊ ကျိန်စမ်းပ ကျမ်းရွှေစာ"၊ ဟောသည်မှာ ကျိန်တစ်ကျိန်။ သည်တော့ ကျိန်နှစ်ကျိန် စပ်ကြားက လုံးတာနှင့် လားနှစ်ကောင် စပ်ကြားက မြင်းနှင့် တစ်ထပ်တည်း နေကြပါရော မဟုတ်ပါလား။ သခင်မကလေးက အလကား အညံ့ခံလိုက်တာကိုး ဘုရာ့' ဟု ဆိုလိုက်လျှင် ခင်ခင်ထားက 'အထိန်းတော်ကြီး တယ် အောင်သွယ်ကောင်းနေသကိုး။ ကြည့်စမ်းပါလား၊ ထိစကား ပြောကြတုန်းကလည်း စပ်ထိုးကြပါလားလေး ဘာလေးနဲ့။ နှယ်နဲ့ နှယ်နှယ်ကြီး မဟုတ်ဘူးနော်... လားလားလေ'

အထိန်းတော်ကြီးက ပြန်၍ ပြောလိုက်သည်မှာ 'သခင်မကလေးက မမင်းရေး အဓိပ္ပာယ်ကောက် မှား၍ မာန်ပွားနေသလိုကိုး ဘုရား' ဟု ပြောပြီးလျှင် ဆိတ်ဆိတ်နေလေ၏။ တအောင့်ကြာကာလ ခင်ခင်ထားက 'မမင်းရေး အဓိပ္ပာယ်ကောက် မှားပုံကို ပြောစမ်းပါဦး' ဟု မေးလျှင် 'သည်လိုပါ၊ ကြက်ဥကို မြင်ရုံမျှနှင့် ပေါက်ဖွားသောအခါ ဘယ်အရောင် ဖြစ်မည်ဟု တင်ကြို၍ မသိနိုင်။ တိမ်တောင် ဟူသည်လည်း ဤသို့ ဤသို့ ဖြစ်လာလိမ့်မည်ဟု တင်ကြို၍ မသိနိုင်။ ဤသို့ ကြက်ဥ တိမ်တောင်တို့ကို တင်ကြို၍ မသိနိုင် သကဲ့သို့ "ကြက်ဥအရောင်၊ တိမ်တောင်သဖွယ်၊ မင်းရေးကျယ်သည်" ဟု ပညာရှိတို့ စပ်ဆိုသော လင်္ကာတွင် မမင်းရေးက သူ ငြိမ်ငြိမ်ဝပ်ဝပ် ပိပိပြားပြား


mgyoe.com

m g y o e . c o m


နေပါလျက် သူ့ကို ကျယ်ကျယ်လောင်လောင် ဆိုရပါမို့လားလို့ မျက်မာန်တော် ပွား၍ ရန်များတောင် တွေ့သတဲ့ ဘုရား၊ ယခုလည်း ဖျာ့ကျွန်မကို သခင်မကလေးက မျက်မာန်တော် ပွားသည်များမှာ အမိပွာယ်ကောက် မှားတော်မူဟန်ရှိပါတယ်' ဟု ပြောလေ၏။

ဤသို့ အထိန်းတော်ကြီးက ပြောလိုက်သောအခါ ခင်ခင်ထားက တစ်ဖန်တုံ့ပြန်၍ ဤသို့ ဆိုပြန်လေ၏။ 'တန်ပါ အထိန်းတော်ကြီးရယ်၊ ကိုယ့်စကားကို သူ့စကားလုပ်လို့၊ ကိုယ့်အမှားကို သူ့အမှားလုပ်လို့။ ဘယ်လောက်များ ကျောင်းစာရေးနဲ့ တူလေတယ်လို့'

'အမိန့်တော် ရှိပါဦး' ဟု အထိန်းတော်ကြီးက ထောက်လိုက်လျှင်–

'ခွေးတိရစ္ဆာန်တို့မှာ ကုသိုလ်တရား ကင်းသောကြောင့်၊ မဟာဒါန်ဝန်မင်းမှာ သံဃာတော်များကို ကိုင်းညွှတ်ခြင်း မရှိသောကြောင့်၊ ကျောင်းစာရေးတို့မှာလည်း အက္ခရာတို့ကို မလေးမစားပြုခြင်းကြောင့် "ခွေးတိရစ္ဆာန်၊ မဟာဒါန်၊ နိဗ္ဗာန်နဲ့ဝေး၊ ကျောင်းစာရေး" ဟု ရှေးလူတို့ ဆိုစမှတ် ရှိကြသည်ကို ကျောင်းစာရေးက ခွေးတိရစ္ဆာန်နှင့် မဟာဒါန်ကိုသာ ညွှန်းသည်၊ ကျောင်းစာရေးမပါဟု ငြင်းသတဲ့။ အကြောင်းမှာ "ခွေးတိရစ္ဆာန်၊ မဟာဒါန်၊ နိဗ္ဗာန်နှင့်ဝေး" ဟု ကျောင်း၌ စာရေး၍ ထားသည်ကို အဖတ်မှားကြသည့် လက္ခဏာရှိ၍ ကျောင်းစာရေး ပါနေသည်ဟု ကျောင်းစာရေး အခြေထုတ်သလို အထိန်းတော်ကြီးကလည်း ယခု အခြေထုတ်ပြီး ပွေရှုပ်ဦးမလို့လား' ဟု ပြောလေ၏။

ဤသို့ ခင်ခင်ထားနှင့် အထိန်းတော်ကြီးတို့သည် တစ်ယောက် တစ်လှည့် ရယ်ပွဲဖွဲ့၍ ပြောဆိုကြပြီးနောက် ၎င်းည၌ ပဟိုရ်တစ်ချက်တီး အချိန်တွင် ခင်ခင်ထားသည် မောင်မောင်စိုး ယူခဲ့သော ပုတီးကို ချွတ်ပြီးလျှင် သေချာစွာ ကြည့်ရှုပြီးမှ ချွတ်တစ်ခါ၊ ဝတ်တစ်ခါနှင့် ပြုလုပ်၍ နေလေ၏။ မောင်မောင်စိုး ပြောသော စကားအရပ်ရပ်ကိုလည်း အထပ်ထပ် စဉ်းစားရင်းနှင့် မဂွမ်းကို ခေါ်၍ အနှိပ်ခံလေ၏။ အနှိပ်ခံနေရာမှ သခင်မကလေးက–

'နေ့လယ်က လာတဲ့ ဧည့်သည်ကို သိရဲ့လား' ဟု မေးလျှင်၊ မဂွမ်းက 'သိတယ်ဖျာ့' ဟု ပြန်၍ ပြောလေ၏။

'ဘယ်သူတဲ့လဲ' ဟု ထပ်၍ မေးလျှင်–

'ဧည့်သည်ပါဖျာ့' ဟု ပြန်၍ ပြောလေ၏။

'ဧည့်သည်ကို ဧည့်သည်လို့ သိလျှင် အတော်ပဲ သိတတ်ပါပကော၊


m g y o e . c o m

mgyoe.com

SAMPLE BOOK


မိန်းရှင်မိုင်မိုင်များကော က တတ်ပလား၊ မဟုတ်ပါဘူး ဝွမ်းရဲ့၊ သူ့အဖေက ဘယ်သူ၊ သူ့နာမည်က ဘယ်လိုလို့ မေးပါတယ်' ဟု ဆိုလျှင် 'သူ့အဖေ ကတော့ မသိပေါင်ပါ၊ သူ့နာမည်မှာတော့ မောင်မောင်စိုးလို့ ပြောသွားပါ တယ်၊ ဂုဏ်တန်ရပ် တိုက်တော်နှင့် ကပ်၍နေသတဲ့ ဘုရား' ဟု ပြောလေ၏။

'ဝွမ်းနှင့် ဘယ်မှာတွေ့၍ ပြောသွားသလဲ' ဟု ထပ်မံ မေးသောအခါ ဝင်းဝ အထွက်တွင် တွေ့ရှိမေးမြန်း ပြောဆိုသော အကြောင်းကို ပြန်လှန်၍ မဝွမ်းက ပြောလေ၏။

ခင်ခင်ထားကလည်း မဟာမြတ်မုနိဘုရားတွင် တွေ့ရှိ၍ အထိန်းတော် ကြီးနှင့် ပြောဆိုကြသောစကား အရပ်ရပ်တို့နှင့် တကွ နေ့လယ်က လာရောက် ၍ ပြောဆိုသော အကြောင်းမျိုးစုံကို အကုန်မကျန် ပြန်လှန်၍ ပြောပြပြီးနောက် ဤသို့ ပြောလေ၏။

'ကြည့်စမ်းပါဦး ဝွမ်းရယ်၊ ထားထားမှာ စိပ်ပုတီး မပျောက်ဘဲနှင့် သူက ကောက်ရလာတယ် ဆိုပြီးတော့ စိပ်ပုတီးကလေးတစ်ခု ယူလာတယ်၊ ယူလာပြီးတော့ ထားထား စိပ်ပုတီးကို ချွတ်လိုက်စမ်းပါတဲ့။ ချွတ်ပြီးတော့ လည်း သူ့ပုတီးကို ဝတ်ကြည့်စမ်းပါကဲ့။ ထားထားက မဝတ်ဘဲနေတော့ သူ က မောင် ဝတ်ပေးရမလားတဲ့ ဆိုပြီး ဝတ်ပေးမယ်လို့ လုပ်တော့ ထားထားက မြန်မြန်ယူပြီး ဝတ်လိုက်ရတာပေါ့။ နောက်ပြီးတော့ ဝွမ်းရယ်၊ ထားထား ပုတီး ကလေးကို သူပျောက်သွားတဲ့ ပုတီးပဲဆိုပြီး ယူသွားလေရော။ ဟောသည်ဟာ သူ့ပုတီးကလေးပဲ' ဟု လက်ကို မြှောက်၍ ပြသောအခါ မဝွမ်းက–

'မေတ္တာတော်ရှိလို့ လက်ဆောင်ပါးတာပါ ဘုရား' ဟု ပြန်၍ ပြောလေ ၏။

'လက်ဆောင်ပါးတာမှာတော့ ပါးရပါရဲ့၊ ဘာပြုလို့ ထားထား ပုတီး ကို ယူသွားရသလဲ'

'သခင်မကလေးက ပေးလိုက်တာကိုး ဘုရား၊ ယူသွားမှာပေါ့'

'မပေးရပါဘူး ဝွမ်းရယ်'

'မပေးဘဲ ဘယ့်နှယ် ယူသွားနိုင်ပမလဲ ဘုရား'

'သူ့အိတ်ထဲကို သူ အတင်း ထည့်သွားတာ၊ ဘယ့်နှယ်လုပ်ရဦးမှာလဲ'

'သခင်မကလေးက ချွတ်ပေးတော်မူလိုက်တာကိုး ဘုရား'


mgyoe.com

mgyoe.com SAMPLE BOOK

'မချွတ်ရင် ဘယ့်နှယ်လုပ်မလဲ၊ သူက သူ ချွတ်ပေးရမလားတဲ့၊ သည်တော့ မြန်မြန် ချွတ်ပေးလိုက်ရတာပေါ့'

'မချွတ်ဘဲ ဇွတ်နေမယ် ဘုရား'

'ဇွတ်နေတော့ လက်ကိုကိုင်ပြီး ချွတ်မှာပေါ့'

'လက်ကို ကိုင်ရင်ကော ဘာဖြစ်ဦးမှာလဲ ဘုရား'

'ဂွမ်းသာ လက်ကို အကိုင်ခံပါ'

'ပေးတဲ့ဆုအတိုင်း မကြာချက်ချင်း ပြည့်ပါစေသား ဘုရား'

'တယ်လည်း လက်ကိုင်ခံချင်သကိုး'

'မှန်လှပါ၊ ဖျာ့ကျွန်မ ဆင်းရဲသားတို့မှာတော့ သည်က ရမှ သည်က စားရတာပါဘုရား၊ လသာခိုက် ဗိုင်းငင့်ရ ဆိုသလို သည်လိုအခါမှ ဒီလို မငင့်လိုက်ကြလျှင် တဖင့်ဖင့် တဆိုင်းဆိုင်းနှင့် အပျိုဟိုင်းကြီးတွေ ဖြစ်ကုန်ကြမှာပေါ့ သံခင်မကလေးရဲ့။ ဒါနဲ့ နေပါဦးတော့ ဘုရား၊ ဟို... မောင်မောင်ကလေးက ဘယ်အကြောင်းက စပ်မိ၍တဲ့လဲ၊ သည်မဟော်သဓာ၏ ရွှေကျေးအကြောင်းကို ပြောရတာ'

'စကားစပ်လည်း ရှိမယ် မထင်ပါဘူး ဂွမ်းရယ်၊ ထားထားကို နာမည် ဘယ့်နှယ် ခေါ်ပါသလဲလို့ မေးပြီးတော့ သတင်းတော် ကြားသည့်နေ့က စား၍မှု မဝင်ပါဘူးတဲ့၊ ရေငတ်သူကို ရေတိုက်မှ ပြေရပါမယ်တဲ့၊ ရောဂါဖိစီးသူကို ဆေးတိုက်မှ ပျောက်ရပါမယ်တဲ့၊ ရွှေအိမ့်ရှင်မကို မြင်ရတော့ ရေနစ်သူကို ဝါးကူလို့ဖေးမှ ရင်ဝမှာ အေးရပါမယ်တဲ့။ အမယ်လေး သူပြောသလိုဖြင့် စေ့စေ့စပ်စပ် မပြောတတ်ပါဘူး။ နောက်ပြီးတော့ အိမ့်ရှင်မတို့ မျက်နှာထားတာကြောင့် တအား ငယ်လှပါတယ်တဲ့။ သည်လို ပြောနေရင်း အထိန်းတော်ကြီးလည်း လာထိုင်ပါရော၊ စကားကိုလည်း အဆုံးသတ်လိုက်ကရော။ ပြောစကတော့ ထားထားက ထားထားကို ပြောနေတယ် မှတ်တာကိုး။ နောက် စကားအဆုံးသတ်တော့မှ ကွက်စိပ်ဆရာ ပြော၍ ကြားခဲ့ရတယ် ဆိုပြီးလျှင် အထိန်းတော်ကြီးနဲ့ ထိရှုံအကြောင်း ဆက်လက် ပြောနေကြရော'

'သည်လို စပြောနေတုန်းက သခင်မကလေး အပါးမှာ အထိန်းတော်မမကြီး မရှိပါဘူးလား ဖျာ့'

'စပြောနေတုန်းကတော့ မရှိဘူး။ အလယ်ဆီလောက် ကျ၍ အထိန်း


mgyoe.com

mgyoe.com SAMPLE BOOK

တော်ကြီးလည်း လာရော၊ ပဉ္စာလရာဇ်မင်းကြီး၏ သာလိကာမကို မယော်သဓာ ရွှေကျေးက သည်လိုပဲ ပြောတယ်ဆိုပြီး အဆုံးသတ်လိုက်ပါရော'

'ဖျာ့ကျွန်မဖြင့် နည်းနည်းရိပ်မိပေါ့ ဘုရား၊ သခင်မကလေး စိပ်ပုတီး မပျောက်ဘဲနှင့် သူ ကောက်၍ ရလာတယ်ဆိုပြီး ယူလာခဲ့တာတော့ သခင်မ ကလေးနှင့် တွေ့ရအောင်လို့ ကာလညာဏ်နှင့် လာခဲ့တာ။ တွေ့ရတော့ ချစ်ခင် စွဲမက်သည်အကြောင်း ပြောနေရင်း အထိန်းတော် မမကြီးက လာတာနှင့် ရိုင်း တယ်လို့ ထင်မှတ်မှာကြောင့် စကားတစ်မျိုးနှင့် လက်စသတ်လိုက်တဲ့ လက္ခဏာ ပါ။ တော်ပါတယ်၊ တယ် တော်လှပါတယ်။ ချစ်လည်း ချစ်စရာကလေး ဘုရား၊ ရုပ်ကတော့။ အပြောအဆိုလည်း လိမ္မာပုံ တယ်ရပါတယ်။ သခင်မကလေး ကကော ဘယ်လိုများ စိတ်ထားတော်မူပါသလဲ ဘုရာ့'

ဤသို့ မဝွမ်းက မေးလိုက်လျှင် ခင်ထားက မည်သို့မျှ မပြောဘဲ 'ဝွမ်း ရယ်၊ ပျင်းလှ သီချင်းဆိုစမ်းပါ' ဟု ပြော၍ အောက်ပါသီချင်းကို မဝွမ်းက နှိပ်ရင်းနှင့် ဆိုလေ၏။

## တေးထပ်

စိန်ဝဇီရာ နီလာပွင့်သို့၊ စိမ္ပြာတင့်တဲ့ ကိုးမျက်ခြယ်၊ သီဟာပလ္လင့် မိုးထက် လယ်မှာ၊ စိုးရက်စပယ် ရှိန်ရောင်မြူး။ ။ မရှုအားပေ့ ခုများ ရောင်တယ်၊ လှ့သား ဘောင်ကို ကြည့်ပဲ ပျော်မွေ့ကြူး။ ။ ဖော်ဆွေမဲ့လို့ ပွေတဲ့သူကို၊ ကြွေငဲ့အပူ မြင့် လာဘူး။ ။ လေဘွဲ့ခါယူ ထင်ရာရှူးချည့်၊ ကြင်နာဦးကြောင့် စက်မပျော်၊ နေမင်း ရိုမှိန် သည်ချိန်ကျရင်၊ တည်ငြိမ်မရ၊ မယ်လွန်းမိ၍မျှော်။ ။ ရွှေမင်ဆေးက ရေးပျက် ချော်တယ်၊ ဆွေးခက်သနော် ချိန်ခါဦးမို့၊ တိမ်ပြာကြူးလို့ မြူခိုးဝေမှောင်၊ ပူပျိုးစေဘွဲ့ နောင်၊ လှ့ဇာတိသို့ မချိအောင်ကို၊ ကလိယောင်ယောင် အိပ်မက်ပြန်လို့လေး။ ။

## ဘောလယ်

မှန်နန်းမြင့်ကြာ၊ စံရာတော်ရစ်ပေတဲ့၊ ရွှေဇမ္ဗူနှစ် သွန်းနိကာယ်၊ မဥ္ဇူလှိုင် ကြွယ် မိန့်သံသာကိုလေး၊ ကြားလာလှတယ်။ ။ သဇင်ငုံ သင်းပါတဲ့၊ ခင်းဘွေပျံ့ ၁ယ်၊ သနင်းဆွေငယ်ကြောင့်၊ ဖြေလွယ်နိုင်ဘူး၊ ထွေရာစိတ်ကူးပါလို့ ဘူးမလွယ်၊ ဆည်းမတန့်နိုင်၊ အို–ဘဲ့နယ် လွမ်းတယ်လေး၊ ကျွမ်းကြွေမည့်နှယ်။ ။ အို–တစ်ကိုယ် ဘည်း ငယ်မို့၊ ညည်းယောင်မိတယ်၊ စံကွန်းပြည် တနယ်က၊ မဟာနွယ်သွေး၊ သည်


mgyoe.com

mgyoe.com

နောင့်နှယ် ဆွေးရှာလိမ့်၊ မြတ်လေးပွင့်ခိုင်၊ ကျမျက်ရည်ဆိုင်၊ ပြိုင်ပြိုင်ဆင်းတပ လေး၊ နှင်းရေသို့အိုင်။ ။ စေတီတော်ပေါင်းမှာလ၊ တောင်းဆုပိုင်ပိုင်၊ ယိမ်းမယိုင် အောင်လို့၊ မြတ်သစ္စာထား၊ ချစ်ညှာတပါးကိုတဲ့၊ သနားငယ်ပွေ၊ ကြာလှရက်ရေ နှရွှေလက်ရိုးငယ်လေး၊ ချိုးပါလို့လေး။ ။ ညီလာစုံ ဝန်းစေတော့၊ လွမ်းညွှန့်မပြေ စိတ်ရွှန်းငယ် ဆောင်ရဝေကာ၊ ခေါင်နေရာရှင်း။ ဘယ်ဘယ်ဝင့်ကြွေးလေထင့်၊ လင် သိလိုက်ချင်၊ ဖြစ်ရှေးကုန်စင်၊ မြတ်စိန္တေဦးမှာလေး၊ ဖူးခိုခတင်။ ။ မကြုံပရစေနှင့် နော်မ တင်တင်၊ ရွှေလွန်းကြင် တူခင်သို့၊ မူတသွင်နွဲ့၊ ရွှေလည်တွဲလို့ ပသောင်းညွှန် လယ်၊ မောင်နှင့်မယ်၊ နောင်သွေမလွဲအောင်လေး၊ ခဲကြုံလို့ရှယ်။ ။

## ဘောလယ်

ပတ္တမြားယှက်ရုံ၊ ပုလဲငုံ သန်းပါလို့။ စိန်မှုံကိုက် ပန်းငယ်နှင့်၊ ကြာနန်းပေါ် မေးစက်မပျော်၊ ဖလ်သူရိန်ကွန်းငယ်လေး၊ ထွန်းပြန်လုနော်။ ။ ကြွလာအုံးမှာမို့၊ ဘုန်းခုခုမျှော်၊ ညာနန်းဘမရာပျော်က၊ မှာပုံတော်ခြား၊ ပြတော်မူအားပါပေ့၊ သနား မညှာ၊ ရှည်လရက်ကြာ၊ ရွှေလွှာနှင့် လွဲတယ်လေး၊ သဲကြွေတော့သာ။ ။ မခွာခဲ့ဘူး ပါဘု၊ ကြော့မှုးလက်ျာ၊ ဆက်တိုင်းငယ် သံသာက၊ နံ့ပဏ္ဍာထူး၊ ကံနှစ်ဖြာ ကူးရှာတဲ့၊ ဖူးရွှေညွှန့်ငုံ၊ ခုမှတစ်ပုံ၊ ဘယ်နတ်မျိုးငယ်လေး။ ငြိုးခိုက်နှင့်ကြုံ။ ။ ညဥ့်ခြုံတော် ဝေးသူမို့၊ ထွေးပိုက်မလုံ၊ နတ်မှူးငယ် အမွှန်က၊ စိန်ဝိဇ္ဇန်လင်း၊ ငြိုးမာန်ဂုဏ်ခင်း ပါလို့၊ စစ်ကျင်းခါကြိမ်၊ မေရုက္ခသိန်၊ ရွှေဆိုင်ထုမှာလေး၊ မှိုင်းပြိုလုမှိန်။ ။ ရှုမရဲ စေဘို့၊ ခုလဲအချိန်၊ ရစ်သန်းကာ နဂါးလိမ်နှင့်၊ မြတ်မိမ်ပြာမှိုင်း၊ စံနေရာ တိုင်းဆီသို့၊ ကွန့်လှိုင်းဆင်လာ၊ နောင့်သက်စုလျှာ၊ မကြွလာတိုင်းကိုလေး၊ ဆိုင်းရှာပဖျာ။

## တေးထပ်

ရွှေစိတ်တော်၊ ထင်စိုးနှောင့်စေတော့၊ ပြင်မိုးခေါင့်ဆီမှာ၊ မင်ခိုးရောင့်နီလာ လို၊ ရိပြာပြာ ဆင်ဆို့။ ။ သိမ်ဟိတ်ပြ ချိန်ပိတ်ခြုံသည်၊ စိန်ဝိဇ္ဇန်ပြိုးပြက်စည် ပျို့။ ။ ရတ်ခနဲ၊ ရှက်ခြည်းမှောင်သည်၊ ဆက်လျှည်းအောင် ညိုလို့၊ မျက်စဉ်းတောင် ခိုကညို့နှယ်ပ၊ ပြိုမသို့ထပ်တူ၊ ဝေဟင်မှ လေနှင်ဝိုင့်ပါလို့၊ တွေချင်တိုင့် ရေးရိပ် မူရှု။ ။ ယုံတဲ့လို့၊ အုံ့ဘွဲ့ကူလျှင်၊ ကြုံနွဲ့သူ တံ့တည်တို့နိုင်ခဲ့၊ ဟန့်သည်သို့၊ မိုးတိမ့် အဇ္ဈာလယ်၊ ခြိုးခြိမ့်ညာဘယ်၊ သွန်သွန်းပုံ ညွှန်ညွှန်းရှယ်သလို၊ လွန်လွန်းတယ် ဖျာဖျားဖျလေး။ ။



mgyoe.com

mgyoe.com SAMPLE BOOK

ကဗျာလင်္ကာဟု ခေါ်ဝေါ် သမုတ်ကြသည်မှာ ဝါစာသိလို၍ ဖြစ်အောင် စပ်ဆိုဖွဲ့နွဲ့ စီကုံးသောစာကို ကဗျာဟု ခေါ်ဆို၏။ လင်္ကာ ဟူသည်ကား ပါဠိ စကား အလင်္ကာရပုဒ်မှ လာသည်။ အလင်္ကာ ဟူသော အဓိပ္ပာယ်မှာ လက်ကောက်လက်စွပ်၊ ဝင်းလျှပ်ထိန်ညီး၊ ပုတီးနားတောင်း၊ အဝတ်ကောင်း စသော ဝတ္ထုတို့သည် အဆင်းလှပ၊ ရွှေရောင်ရအောင်၊ ကြွသော အသရေ၊ အထွေထွေသော တင့်တယ်ခြင်း သာရုပ္ပကို ဖြစ်စေလျက်၊ တန်ဆာဆင်တတ် သောကြောင့် ဝတ်စားတန်ဆာတို့ကို အလင်္ကာရဟု ဝိဂြိုဟ်ဆရာတို့ ပြုတော် မူကြ၏။ တေးကဗျာ ဟူသည်လည်း နားဝတ်တန်ဆာ၏ ဥပမာ အလင်္ကာ ဆိုလိုလျက် မြန်မာဘာသာ ဖြစ်သောကြောင့် အစ၌ “အ” ကို ကြေစေ၍ “လင်္ကာ” ဟု ခေါ်ဝေါ် ရေးသားကြလေသည်။

ဤသို့ တေးကဗျာ သီချင်းတို့နှင့် မဝ္ပမ်းက လွမ်းစဖော်၍ မရင်းတော် ကဲ့သို့ ဖွဲ့ဖွဲ့နွဲ့နွဲ့ ဆိုလိုက်ရာတွင် ခင်ထား၌ ရွှင်လန်းသော ပီတိစိတ်နှင့် အိပ် ပျော်၍ သွားလေ၏။

နံနက်မိုးလင်း၍ ထမင်းစားပြီးသောအခါ မဝ္ပမ်းသည် ဈေးကြီးတော် သို့ သနပ်ခါး၊ မျက်နှာချေမှုန့် ဝယ်ခြမ်းရန် ထွက်သွားလေ၏။ ဝယ်ခြမ်းပြီး လျှင် ဂုဏ်တန်ရပ် ဓနုဖြူမိဖုရား တိုက်တော်ဘက်သို့ သွားရောက်ရာ အခန့် သင့်ပင်လျှင် မောင်မောင်စိုးသည် အိမ်ပေါက်ဝ၌ ရှိသည်ဖြစ်၍ တွေ့ရှိကြသည် နှင့် အိမ်ပေါ်သို့ တက်၍ စကားပြောကြလေ၏။

အိမ်ပေါ်သို့ ရောက်၍ ထိုင်မိကြလျှင်ပင် မောင်မောင်စိုးက စတင်၍ ဤသို့ ဆိုလေ၏။ ‘သည်က မမ ကြွလာတော်မူမည် ဆို၍ သွားစရာကိစ္စကို ဖျက်ပြီးလျှင် တစ်မနက်လုံး မျှော်နေရပါတယ်။ မမ၏ အမည်ကတော့ ဘယ့်နှယ် ခေါ်ပါသလဲ’ မေးလျှင် ‘မဝ္ပမ်း’ ဟု ပြန်ပြောကာလ ဆက်လက်၍ ပြောလိုက်ပြန်သည်မှာ ‘မမဝ္ပမ်းတို့နဲ့ သိကျွမ်းရသည်မှာ အလွန်ပင် အားရှိလှ ပါတော့တယ်။ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ဆိုသလို မမဝ္ပမ်းတို့ကိုလည်း မမဝ္ပမ်း တို့ မောင်က အားထားပရစေ။ မမဝ္ပမ်းတို့ကလည်း မမဝ္ပမ်းတို့မောင်ကို အားထား တော်မူပါ။ အဆွေခင်ပွန်းဆိုသည်မှာ ငါ့အောက် ယုတ်သည်၊ ငါနှင့်တူသည်၊ ငါ့ထက် မြတ်သည် ဟူ၍ ရွေးချယ်ခြင်း မရှိပါဘဲ ပေါင်းသင်းဆက်ဆံကြ မှ ကိုယ်ကျိုးကိုယ်စီးပွား များကြပါသတဲ့။ အကြောင်းဆိုသော် လောက၌ အကြောင်းကိစ္စ ပေါ်ပေါက်လာသောအခါ ကိုယ့်ထက်ကြီးသော ကိစ္စလည်း


mgyoe.com

ပေါ်ပေါက်လာတတ်ပါတယ်၊ ကိုယ်နှင့်တူမျှသော ကိစ္စလည်း ပေါ်ပေါက်လာတတ်ပါတယ်၊ ကိုယ့်အောက်ကျသော ကိစ္စလည်း ပေါ်ပေါက်လာတတ်ပါတယ်။ ကိုယ့်ထက် ကြီးသောကိစ္စ ပေါ်ပေါက်လာလျှင် ကိုယ့်ထက်ကြီးသော မိတ်ဆွေနှင့်၊ ကိုယ်နှင့် တူမျှသောကိစ္စ ပေါ်ပေါက်လာလျှင် ကိုယ်နှင့်တူမျှသော မိတ်ဆွေနှင့်၊ ကိုယ့်အောက် ကျသောကိစ္စ ပေါ်ပေါက်လာလျှင် ကိုယ့်အောက်က မိတ်ဆွေခင်ပွန်းတို့နှင့် ဆိုင်ရာ ဆိုင်ရာ ပြီးစေနိုင်သောအကြောင်း ရှိပါ၍ မိတ်ဆွေပေါင်းခြင်း၌ ရွေးချယ်ခြင်း မရှိပါလျှင် မိမိတို့ မောင်ကိုလည်း မိတ်ဆွေတစ်ဦးပဲဟု မှတ်ယူတော်မူစေချင်ပါတယ်' ဟု ပြောလေ၏။

ဤသို့ မောင်မောင်စိုးက ပြောလိုက်လျှင် မဝွမ်းက ပြန်၍ ဤသို့ ဆိုပြန်လေ၏။ 'သည်လိုပါမောင်၊ မမ တစ်ခုပြောပမယ်။ ယခု နေပြည်တော်မှာ အောင်ပါလေထိရယ်လို့ ရှိပါ မဟုတ်လား၊ ထိထိုးကြသူ အပေါင်းတို့မှာ ထိကို ပေါက်ချင်လို့လား၊ မပေါက်ချင်လို့လားဟု မေးစရာ မရှိပါဘူး။ ယခုလည်း မောင်ရှိရာ မမ တမင်တကာ လာသည်များ အောင်ပါလေ ပေါက်ချင်လို့လား၊ မပေါက်ချင်လို့လားတော့ စဉ်းစားလို့သာ ကြည့်ပါတော့မောင်။ ယခုလို အသိအကျွမ်း ဖြစ်ကြလေတော့ မောင်ကဖြင့် အားရှိရုံမျှသာပါ။ သည်က မမတို့ကတော့ အောင်ပါလေထိ ပေါက်သလောက်ပင် ဝမ်းမြောက်ကြပါတယ်။ သည်လိုပေါ့ မောင်ရယ်၊ အဆွေခင်ပွန်းဆိုတာ အယုတ်၊ အလတ်၊ အမြတ်၊ သုံးပါးဟူ၍ မမတို့ဖြင့် မရွေးချယ်ပါဘူး။ မောင် ပြောတဲ့အတိုင်း မိတ်ဆွေဆိုတာ ထိုက်သည့်အားလျော်စွာ အားထားရတာချည်းပါပဲ။ မောင်တို့ မိဘများကကော ဘယ်ဆီ သွားနေကြပါသလဲ။ မောင် သည်မှာ တစ်ယောက်တည်းပါလား' ဟု မေးသောအခါ မွေးသဖခင် အကောက်ဝန်မင်းမှာ အနိစ္စရောက်၍ အမေတစ်ယောက်၊ နှမတစ်ယောက်နှင့် နေထိုင်ကြောင်း။ အမေနှင့် နှမတို့မှာ ရန်ကုန်မြို့သို့ အကြောင်းကိစ္စ တစ်ခုနှင့် စုန်ဆင်းသွားကြကြောင်း။ ၎င်းပြင် အဆိုးအကောင်းကို အကျိုးအကြောင်းနှင့်တကွ ပဲ့ပြင်ဆုံးမ၍ ထိန်းသိမ်းစောင့်ရှောက်လာသော အဘိုးဦးရွှဝံ၏ အကြောင်းများကိုပါ ကုန်စင်အောင် ပြောပြီးလျှင် ယခု အိမ်တွင် သူနှင့်အဘိုးဝံ နှစ်ယောက်တို့ ကျန်ရစ်၍၊ အဘိုးဝံမှာ အခန်းတွင်း၌ စာဖတ်လျက် ရှိနေကြောင်းကို ရုံးပေါင်း၍ အတိုကောက်နှင့် ပြောလေ၏။



mgyoe.com

mgyoe.com SAMPLE BOOK 

ဤသို့ ပြောပြီးနောက် မောင်မောင်စိုးက ဆက်လက်၍ ‘မမတို့ အိမ်က
ါကလေး၊ ခင်ခင်ထားဆို ထင်ပ။ အဲသည် မိမိကလေးနှင့် မယ်မယ်ကြီးတို့က
ယ်လို တော်ကြပါသလဲ’ ဟု မေးလိုက်ရာ၊ မဝွမ်းက ဤသို့ ပြန်၍ ပြောလေ
။ ‘ဟို... ခမည်းတော်မင်းတရားကြီးဘုရား လက်ထက်တော်က ရန်ကုန်မြို့
တိဂုံစေတီတော်မြတ်ကို ရွှေသားကျောက်မြတ် နဝရတ်စီခြယ်၍ ထီးတော်
ဒြတော်မူတဲ့အကြောင်း မှတ်မိပါသေးရဲ့လား မောင်’

‘မှတ်မိပါတယ် မှတ်မိပါတယ်၊ သည်ဟာ သုံးဆယ့်သုံးခုနှစ်မှာပါ’
မောင်မောင်စိုးက ထောက်လိုက်လေ၏။

‘ဟုတ်ပါလိမ့်မယ်၊ မမကတော့ ခုတွေ သက္ကရာဇ်တွေ မမှတ်မိပါဘူး။
ာသည် ရွှေသားကျောက်မြတ် နဝရတ် ထီးတော်ပြီး၍ ဘဝရှင် မင်းတရားကြီး
ဉး ကိုယ်တိုင် ထွက်တော်မူပြီးလျှင် ဗိုလ်ရှုညီလာသဘင်ခံ မှူးတော် မတ်
ာ်တို့ အစုံအညီတွင် ရေစက်သွန်းချ လှူဒါန်းတော်မူတဲ့နေ့ ညနေ လေးချက်
းမီ အချိန်လောက်မှာ ခနုဖြူ ကြီးကြီးဘုရားရယ်၊ ခင်ခင်ထားရယ်၊ အထိန်း
ာ် မှမကြီးရယ်၊ လှည်းတော်စီး၍ ယခု မမတို့နေတဲ့ ဝင်းတော်ကို မောင်း
ကြပါရော မောင့်။ သည်တော့ ခင်ခင်ထားကလေးမှာ နှစ်ခါလည်ကျော်
ာ် ကလေးလောက် ရှိပါလိမ့်ဦးမယ်။ မမကတော့ ဆယ့်နှစ်နှစ်၊ ဆယ့်သုံး
သာက် ရှိပါပြီ။ လှည်းနှင့် ရောက်လာပြီးတော့ ကြီးကြီးဘုရားရယ်၊ အထိန်း
ာ် မမကြီးရယ် တိုးတိုး တိုးတိုးနဲ့ အခန်းထဲမှာ ပြောဆိုကြပြီးနောက် မမ
ခါပြီးလျှင် ကြီးကြီးဘုရားက တိုးတိုးကလေး မိန့်တော်မူသွားသည်မှာ
.. မယ်ဝွမ်း၊ သည်အကြောင်းကို ဘယ်သူမျှ မသိစေနှင့်နော်။ လူသူ
ပါး မေးခဲ့လို့ရှိလျှင် ကြီးကြီးဘုရား မွေးစားတော်မူတဲ့ ကလေးလို့ ပြောရ
’ ဟု မိန့်တော်မူပြီး ကြီးကြီးဘုရား တစ်ပါးတည်း ဝင်တော်မူသွားပါ
ခင်ခင်ထားကလေးနှင့် အထိန်းတော် မမကြီးတို့ကတော့ သည်အိမ်မှာ
ဂျစ်ခဲ့ကြပါတယ်။ ကြီးကြီးဘုရားလည်း မကြာမကြာ အိမ်သို့လာ၍
်ထားကို ရှုစားတော်မူလာပါတယ်။ ရပ်ထဲ ရွာထဲကလည်း သည်လိုပဲ
ဘ်ပါရဲ့။ မမက ကြီးကြီးဘုရား မွေးစားတော်မူတဲ့ သမီးတော်ကလေးဟု
တးရပါတယ်’

‘ကြီးကြီးဘုရား... ကြီးကြီးဘုရားနှင့်၊ မမနှင့် ခနုဖြူမိဖုရားနှင့်တော့
ပိုတော်ကြပါသလဲ’ ဟု မောင်မောင်စိုးက ထောက်၍ မေးလိုက်လျှင်–

 mgyoe.com

'ကြီးကြီးဘုရား၏ မောင်တော်၊ မမတို့ အဖေကတော့ ကိုစံရာတဲ့၊ အောက်မြို့သား ဓနုဖြူက။ မကွေးရာမင်းသား ကိုယ်တော်ကြီး၏ အတွင်းလူယုံ အိမ်တော်သား။ ကိုယ်တော်ကြီးကို ကွပ်မျက်စဉ်က မမတို့အဖေလည်း ကွပ်မျက်ရာမှာ ပါသွားရှာရပါတယ်။ မမတို့အဖေ နေပြည်တော်ကို ရောက်လာတော့ မမတို့အဖေ နေရန်ဆို၍ သည်အိမ်ကို ကြီးကြီးဘုရားက ဆောက်လုပ်ပေးတော်မူပါတယ်။ သည်ဟာနဲ့ပဲ တစ်နေ့တခြား ကြီးပြင်းလာ၍ ခင်ခင်ထားကလေးက သူ၏ မိဘအကြောင်းကို အထိန်းတော်ကြီးသို့ ငိုယို၍ မေးရှာပါတယ်။ ဟို အထိန်းတော်ကြီးကလည်း နောက်တစ်နေ့ ပြောပါ့မယ်၊ နောက်တစ်နေ့ ပြောပါ့မယ်နဲ့ ရက်ဆိုင်းဆိုင်းထားလိုက်တာ ယနေ့ထက်ထိရော။ ခင်ခင်ထားကလေးမှာ မျက်ရည်နှင့်မျက်ခွက် ဆိုသလို မနေ့ကလည်းပဲ မောင်မလာခင်ကလေးတွင် တစ်ကြိမ် ငိုပြီးပါပကော။ အို... သည်ဟာနှင့် မောင်စကားမစပ် သတိရလာပြန်လေတော့ တစ်ခု ပြောစမ်းရပါဦးမယ်။

'မနေ့က မောင်မောင်ကလေး အမိန့်ရှိတော်မူသွားတဲ့အတိုင်း အိမ်ရှင်မတို့က စက်ဆုပ်တော်မူ၍ အဖက်မျှ မလုပ်၊ နှုတ်မျှမဆက် နေသည်များကြောင့် ရွှေအားတော် ငယ်ရပါတယ်ဟု ဆိုတာများတော့ သည်လိုပါမောင်၊ မိန်းမသားဆိုတာ ဘယ်လိုနပ်နပ်၊ ဘယ်လိုပါးပါး၊ လှိုင်းကြီးရင် လှေ့အောက် ဆိုသလို မိန်းမများ နပ်တယ်၊ ပါးတယ် ဆိုပေမယ်လို့ ယောကျ်ားများ ထူသလောက်ရှိပါသေးတယ်။ သည်တော့ မိန်းမသားဆိုတာ အင်မတန် စဉ်းစားဆင်ခြင်နိုင်ပါမှ အတော်ကျပါတယ်။ သည်အရေး သည်ကိစ္စများမှာတော့ ယောကျ်ားဆိုတာ ဘယ်လိုမျှ မမှားနိုင်ကြပါဘူး။ မိန်းမများမှာသာ တစ်ခါလောက် မှားလိုက်လျှင် တစ်သက်လုံး သည်အသရေကို ဆည်၍မျှ မရနိုင်အောင် ရှိရပါတယ်။ သို့ကြောင့် မဟုတ်လားမောင်၊ "ကုန်ရှုံးလျှင် တစ်ခေါက်၊ လင်ကုန်ရှုံးလျှင် တစ်သက်လုံး မှောက်ကရော့" လို့ ဆိုတာများ။ သည်တော့ မိန်းမများမှာ သည်လို အသရေမှ ပျက်စီးခဲ့ပြီ ဆိုမှဖြင့် လင်ကောင်းသားကောင်း ရဖို့ရာ အလွန်မှ ခက်လှပါတယ်။

'လောကဆိုတာ သည်လိုပါ။ ယောကျ်ားကို မြင်လို့မှ ယောကျ်ားလား၊ ယောက်သွားလား၊ သဘောလား၊ သရောလား ဆိုတာ ရုတ်တရက် ဘယ်သိနိုင်ပါ့မလဲ။ မိန်းမများနှင့်တွေ့လျှင် သဘောနဲ့ ယောကျ်ားကလည်း မိမိရယ်၊ မိမိကို မြင်ကတည်းက စားမဝင်၊ အိပ်မပျော်၊ နေ့တိုင်း နေ့တိုင်း



mgyoe.com

mgyoe.com SAMPLE BOOK

မိမိကို မျှော်မိပါတယ်လေး၊ ဘာလေးနဲ့။ ဟို သရောနဲ့ ယောက်သွား ဆိုသူ ကကော-မျက်နှာမြင် ချစ်ခင်ပါစေ၊ အသံကြား သနားပါစေ ဆိုသောဆုနှင့် နှမကလေးတို့မှာ ပြည့်စုံတော်မူသည်နှင့် နှမကလေး မျက်နှာကို မြင်ကတည်းက၊ နှမကလေး အသံကို ကြားကတည်းက အူထဲက တရွရွနှင့် ဣန္ဒြေမျှ မရနိုင်ပါဘူးလေး၊ ဘာလေးနဲ့။ ယောကျ်ားက ပြောလည်း သည်စကားပဲ။ ယောက်သွားက ပြောလည်း သည်စကားမျိုးပဲ။ သည်တော့ မိန်းမသားဆိုတာ ဘယ်သူဟာ သဘောနဲ့ ယောကျ်ားပဲ၊ ဘယ်သူဟာဖြင့် သရောနဲ့ ယောက်သွားပဲလို့ ဘယ်မှာ ဝေခွဲနိုင်ပမလဲ မောင်ရယ်။ တစ်သက်လုံး ကိစ္စတော်ကြီးမို့ အင်မတန်မှ ဆင်ခြင်စဉ်းစားကြရပါတယ်။ ယောကျ်ားများက ခေါ်လိုက် မေးလိုက်လို့ မိန်းမများက လွယ်လွယ်ကူကူနှင့် ပြောဆိုလိုက်ပြန်လျှင်လည်း သည်မိန်းမ ဣန္ဒြေနှင့် မပြည့်စုံဘူး တဲ့။ မပြောဘဲ၊ မဆိုဘဲ နေပြန်လျှင်လည်း သည်မိန်းမဟာ ဣန္ဒြေကြီးလွန်းသတဲ့။ ဘယ်ဘက်ကမှ အပြစ်မလွတ်နိုင်ဘူး။ တစ်ခါတစ်ရံမှ မတွေ့ဖူးတဲ့ ဧည့်သည်များကိုတော့လည်း နှုတ်မရဲဝံ့ဘူးပေါ့။ ယခုတော့ ဧည့်သည်မောင်၏ နှုတ်စလျှာစ၊ အဆင်းရူပနိကာယ်ကို ထောက်ချင့်မိလို့ အခွင့်တော် သာပါ့မယ်တဲ့။ "ဧည့်သည်ကို ရွံ့တယ်ဖျာ့ ဟုတ်ပဲ၊ ရွှေအိမ်ပျော်၊ သိမ်တော် ဆည်းရတယ်၊ သည်း ကြွေလုဆဲ" ဟု ပဉ္စာလမင်းကြီး၏ ရွှေချိုင့်မယ် သာလိကာမက မဟော်သဓာ၏ ရွှေကျေးကို သည်လို ပြန်ပြောလိုက်တယ်လို့။ အမယ်မင့် မောင်ရယ်၊ ညက ကွက်စိပ်ဆရာက မမတို့ အိမ်နားမှာ ပြောသွားလိုက်တာ။ သာလိကာ ဆိုတော့ သည့်လောက် စကားတတ်ပါ့မလား မောင့်၊ ကွက်စိပ်ဆရာက နည်းနည်းတော့ လွန်လွန်းတယ် ထင်ပါ့။ နို့သော်လည်း ဇာတ်တော်ကြီးဆိုတော့ ယုံရတာပဲလေ' ဟု မဝွမ်းက မရယ့်တရယ်နှင့် တကယ့် တကယ်လို ပြောလေ၏။

ဤသို့ မဝွမ်းက စတင်၍ ပြောကတည်းကလျှင် မောင်မောင်စိုးမှာ မဝွမ်း၏ မျက်နှာကို တကြည့်ကြည့်နှင့် ပြုံးတော့မလို၊ ရယ်တော့မလို ဖြစ်နေရာတွင် စကားလက်စ သိမ်းလိုက်မှ မောင်မောင်စိုးမှာ "ဉာဏ်ချင်း ဆုံမိကြပြီ" ဟူသော အဓိပ္ပာယ်မျိုးနှင့် လက်ခုပ်လက်ဝါးတီး၍ ရယ်မောပြီးမှ ဤသို့ ဆိုပြန်လေ၏။

'သာလိကာက တော်တော်၊ သာဂိက ထော် ဆိုသလို မမတို့ ကွက်စိပ်က တစ်ဆိတ်တော့ ထော်တယ် မှတ်ပါတယ်။ သို့သော်လည်း ဇာတ်တော်ကြီး


mgyoe.com

mgyoe.com

မို့ ယုံရမှာပါ။ မမ ရိုင်းတယ်လို့ ထင်တော်မမူပါလျှင် တစ်ခုလောက်ဖြင့် မမ မောင် ပြောချင်လှပါတယ်။ မထိုင်ခင်က ခြေဆင်း ဆိုသလို မမနှင့်မျှ ကောင်းကောင်း မကျွမ်းသေးခင်က အပြစ်ထားမှာကိုလည်း အလွန်စိုးရိမ် ကြောက်လန့်ရပါတယ်'

'ပြောသာပြောပါ မောင်ရဲ့၊ ဘာကြောက်ရမှာလဲ။ အပေါင်း ကြာသည်၊ မကြာသည်မှာ ပဓာန မဟုတ်ပါဘူး။ မေတ္တာသာလျှင် ပဓာနဖြစ်ပါတယ်။ ယခုလည်း တစ်ယောက်နှင့်တစ်ယောက် မောင်ရယ် နှမရယ်လို့ အားထားရင်း ရှိကြပါပြီကပဲ။ ဘာမရဲစရာ ရှိသလဲ၊ ပြောသာ ပြောပါ။ မမ စွမ်းနိုင်တဲ့ နေရာမျိုးကသာ ဖြစ်ပါစေ၊ မောင့်အလိုဆန္ဒ မပြည့်စုံတော့ မိဂွမ်းတဲ့မောင်၊ လေးကျွန်းမှာ တစ်ဂွမ်းတည်းရှိတယ်လို့ အောက်မေ့လိုက်ပါ။ မကြောက်ပါနဲ့၊ ရှက်လည်း မရှက်ပါနဲ့'

မျက်ရိပ် မျက်ထားနှင့်တကွ စကားအခြေ ရပြီးမှ မောင်မောင်စိုးက ဆက်လက် ပြောလိုက်သည်မှာ 'မိမိကလေး ခင်ခင်ထားကို ဘုရားမှာ မြင်ကတည်းက မမမောင်မှာ အရူးကြီးဖြစ်ပြီး၊ မြင်းစီး၍ လှည်းနောက်က လိုက်ပြီး ကြည့်မိပါသေးတယ်။ မေတ္တာ ဘယ့်လောက်များ ရှိ မရှိတော့ ဘုရားမှာ တွေ့ခဲ့တဲ့ညက အိပ်မက်မက်လိုက်တာ။ မမမောင် ခင်ခင်ထားနှင့် မြိုင်ဖျားမှာ တစ်ယောက်ချင်း တွေ့ကြ၍ စကားစမြည် ပြောဆိုကြပြီးလျှင် နှစ်ယောက် လက်တွဲ၍ မြိုင်ထဲက ခင်ခင်ထားတို့ မိခင်ရှိရာ သွားကြရောတဲ့။ ရောက်တော့ ခင်ခင်ထားတို့ မေမေက စုလျားရစ်ပတ်၍ လက်ထပ်ပေးစားပြီးလျှင် တစ်ဖန် မောင်မောင်တို့ မိဘကို ကန်တော့ရန် လိုက်ခဲ့ပါဟု ခေါ်ပြီး လမ်းကျ ကာလ ရွှေလည်နွဲ ယှဉ်တွဲ၍ အိပ်ကြရာတွင် နှမကလေး ခင်ခင်ထားက မောင်မောင်… ထလေ၊ ထလေနှင့် နှိုးတဲ့အနှိုး၊ အဘိုးဝံ နှိုးတာနှင့် ကြုံသဖြင့် အဘိုးဝံကို မိမိကလေး ထင်မှတ်တာနှင့် စောပါသေးတယ် မိမိရဲ့ဟု ပါးစပ်က လွှတ်ခနဲတောင် ထွက်သွားမိပါသေးတယ်။ သည်အိပ်မက်ကို မက်ပြီးကတည်းက မမမောင် နေမထိ ထိုင်မထိနဲ့ ဘယ်လို ကြံရပါ့မတုံးဟု စဉ်းစားရင်း အကြံတစ်ခု ရပြီးလျှင် ဈေးကြိုတော်သို့သွားပြီး ပယင်းစိပ်ပုတီးကလေး တစ်ကုံးကို ဝယ်ပြီးလျှင် မိမိကလေး ဘုရားမှာ ထိုင်နေတဲ့နေရာက သည်စိပ်ပုတီးကလေး တစ်ခုကို ရခဲ့ပါတယ်။ မိမိကလေး စိပ်ပုတီး မဟုတ်ပါလားဟု စကားကလေး တစ်ခွန်းမှ ပြောရပါစေတော့လို့ ပလီဉာဏ်ထေ့ပြီး မနေ့က မမတို့အိမ်ကို လာရပါတယ်။

mgyoe.com SAMPLE BOOK

ယောက်ျားရင့်ကြီးပါကပဲတော်၊ မိန်းမတစ်ယောက် အတွက်နဲ့ အရှက်ကွဲခြင်းမဲ့ရလေခြင်းဟု ကဲ့ရဲ့တော်မူလျှင်လည်း ခံရပါတော့မယ်။ မိမိကလေး လက်တော်နှင့် ထိမှ ထိရပါစေတော့လို့ ပယင်းပုတီးကလေးကို မောင်မောင် ချုတ်၍ ပေးပါ့မယ်၊ ဝတ်ပေးပါ့မယ်ဟု ပြောသော်လည်း ဣရန္ဒတီ မယ်လျက ပုဏ္ဏကဘီလူးကို ယိုယိုမရှက်တီး ဆိုသကဲ့သို့ မမမောင် ရွှေညာဏ်ကြီးမှာလည်း စောင်းလျားသီး ဖြစ်ရပါပကော။ စောင်းလျားသီးနှင့် မနေသေး၊ မိမိကလေး မြင်ကတည်းက ဘဝင်သည်းကျွေအောင် အလှနတ်တူ၊ ပရမေအိ၊ ဆွေတစ်မိရယ် ကြောင့် နေမထိ ပူရပါတော့တယ်။ ဆွေးသူကို ဖေးကူလို့ မ တော်မူပါဟု ဆိုလိုက်လျှင် မျက်နှာတော်ကလည်း မသာ၊ အထိန်းတော်ကြီး လာတာမို့ မဟော်သစာ ရွှေကျေးက သာလိကာမကလေးကို ဤသို့ ပြောပါတယ်ဟု ပရိယာယ်ဝေဝုစ်နှင့် ဇာတ်ထုပ်ကို ပြောင်းလိုက်ရပါတယ်။ စောင်းလျားသီးနှင့် မရောင့်ရဲတာမို့ ဘုန်းကြီးမှာ နှစ်ခါတောင် အရှက်ကွဲခဲ့ရပါတယ်။ တစ်နေ့က ပွဲထဲမှာ မင်းသား ငိုသလို–

"'ရေပင်လယ် သေဖွယ်သာ များချေပေါ့ကွယ်၊ မေခလာ နတ်သမီးရယ်က မောင်ကြီးကို အို... ကယ်သင့်တယ်" အဲသည်လိုသာ မမမောင်ကဖြင့် ဟစ်ပြီး ငိုလိုက်ချင်တော့တာပါပဲ' ဟု မောင်မောင်စိုး ပတ်ခွဲကဲ့ ဆတ်ဆတ်ကြဲ ပြောလေ၏။

နေမထိမိကပင် ခွေအိလို့ ပျောင်းရသော ဖယောင်းကဲ့သို့၊ မဆွတ်ခင် ကပင် ညွှတ်ချင်ရက် ရှိရှာသော မိကျောင်းပန်းကဲ့သို့ မပြောမီကပင် သဘောညီလှသော မငွမ်းက 'အောင်မယ် သည်ခင်ခင်ထား အတွက်ကြောင့်လား၊ မမမောင် ဘဝင်ပွားလျက် ရှိနေလိုက်ရတာ။ မမက ဘယ်ကိစ္စများလဲလို့၊ သည်ခင်ခင်ထား ကိစ္စကြောင့်ဖြင့် မမ ရှိပါတယ်၊ မပူပါနဲ့။ သူ့အကျိုးဆောင် ကိုယ့်အကျိုး အောင်သတဲ့။ မမဖြင့်လေ သူများအကျိုးကိုသာ သယ်ပိုးရမယ်ဆိုလျှင် ကျိုးကျိုးပဲ့ပဲ့၊ ရွဲ့ရွဲ့ကန်းကန်း မောင့်အစ်မက ကြိုးပမ်း၍ ရွက်ဆောင်ပေးတတ်ပါတယ်။ သည့်အတွက်ကြောင့်ဖြင့် စိတ်သာချနေတော်မူပါ။ တဖြည်းဖြည်း မမ ကြိုးစားပါမည်။ နို့ မောင်... စကားပြောလို့လည်း ကောင်းပါရဲ့၊ ခင်ထား မျှော်နေပါရော့မယ်၊ မမ သွားပါဦးမယ်နော်' ဟု ထ သောအခါ 'ကြွတော်မူပါဦး မမ၊ နက်ဖြန် သန်ဘက်လောက် မမမောင် ရောက်ပါလိမ့်ဦးမယ်' ဟု နှုတ်ခွန်းဆက်သကြပြီးနောက် မငွမ်းသည် နေအိမ်သို့ ပြန်လေ၏။


mgyoe.com

လောကဥ္စ ဆွေမျိုးမဟုတ်ဘဲလျက် ချစ်ရခြင်းသည် ရှေးဘဝ မိတ်ဆွေ အတူ ဖြစ်ခဲ့ဖူး၍ ချစ်ခြင်းမေတ္တာရှိခြင်း တစ်ပါး၊ ယခု ပစ္စုပ္ပန်ဘဝတွင် ပြုအပ်သော ကျေးဇူးဟူသော အကြောင်းကြောင့် ချစ်ခြင်းမေတ္တာရှိခြင်း တစ်ပါး၊ ဤသို့ ချစ်ခြင်းမေတ္တာနှစ်ပါး ရှိရာတွင် ဣရန္ဓတီ၏ ဥဒါန်းသီချင်းသံကို ပုဏ္ဏက ဘီလူးသည် ကြား၍ အသံကြားရာ သွားရောက်၊ ဣရန္ဓတီကို မြင်လျှင် မျိုးချင်မတတ် ဖြစ်လာသော ချစ်ခြင်းမေတ္တာကို ဖွေရှာစိစစ်လိုက်သော် အတိုင်းမသိသော ရှေးရှေးဘဝ သံသရာက ကြိမ်ဖန်များစွာ ပေါင်းသင်းဆက်ဆံခဲ့ဖူးသည်နှင့် ချစ်ခြင်းမေတ္တာ ဝါသနာ၏ အစွမ်းကြောင့် မြင်သော ခဏ၌ပင်လျှင် မေတ္တာစိတ် ဝင်လေသော ပုဏ္ဏက ဘီလူးကဲ့သို့ မောင်မောင်စိုးသည်လည်း ခင်ခင်ထားကို တွေ့မြင်ကတည်းကပင်လျှင် မေတ္တာသက်ဝင်၍ ချစ်ခင်စုံမက်သော မေတ္တာသည်လည်း ဘဝဟောင်းက အကြောင်းရေစက် တည်းဟူသော ဝါသနာအထုံ၏ အစွမ်းကြောင့် ဖြစ်ဟန်ရှိသတည်း။

## အခန်း (၅)

"ဘုရား... ဘုရား... ဘုရား... သေရမည် မုချပါတကား။ ဘုံသုံးပါး၌ ကျင်လည်ကြရသော သတ္တဝါ အပေါင်းတို့၏ ဇာတိ အစရှိသော တရားတို့ မည်သည်ကား တုတ် လှံကန် လက်စွဲသော နွားကျောင်းသားတို့နှင့် တူလှချေ၏တကား။ နွားကျောင်းသားတို့သည် တုတ်လှံကန်တို့ကို စွဲကုန်လျက် နွားအပေါင်းတို့ကို နွားခြံမှ ကျက်စားရာအရပ်သို့ နှင်လေကုန်သကဲ့သို့ ထို့အတူ ဇာတိဟူသော တရားသည်လည်း သတ္တဝါတို့၏ အသက်ကို ဇရာသို့ နှင်၏။ ဇရာဟူသော တရားကလည်း ဗျာဓိသို့ နှင်၏။ ဗျာဓိဟူသော တရားကလည်း မရဏသို့ နှင်၏။ မရဏသို့ ရောက်ကာလ ဓားမဖြင့် ဖြတ်ကုန်သကဲ့သို့ အသက်ကို ဖြတ်ကုန်၏။ ဘုရား... ဘုရား... သေရမည် မုချပါတကား။ ဘယ်ရပ်ဘယ်ရွာ ဘယ်နေရာ ဌာန၌မဆို ကျန်းကျန်းမာမာ ရှိကြ၍ နေထိုင် လုပ်ကိုင်ကြသည်အခါ ဘယ်နှစ် ဘယ်လ ဘယ်ရက်တိုင် ရောက်မှသာ သေဖို့ရှိသည်၊ ဤအခါ မရောက်သရွေ့ မသေမပျောက်နိုင်ဟု မချွတ်မယွင်းရအောင် ပိုင်းခြား၍ ဘယ်သူမျှ မသိနိုင်ပါချေ တကား။ ဘုရား... ဘုရား၊ သေရမည် မုချပါတကား။ အရွယ်ကို ဖျက်ဆီးတတ်သော အိုခြင်းတရား၊ အသက်ကို ဖုံ့ရွဲ့



mgyoe.com

mgyoe.com


ဖျက်ဆီးတတ်သော သေခြင်း တရားတို့သည် သနားခြင်း ကင်းကြသဖြင့် သူတို့ကို မိတ်ဆွေဖွဲ့၍ မရနိုင်ကုန်။ ဘယ်အခါကာလမှ သေရမည်ကို မသိနိုင်။ ဩော်… အနာအဖျား မရှိဘဲ အနှစ်တစ်ရာ နေရမည်ကို ဘယ်သူမှ သိမြင်နိုင်ခြင်း မရှိကြပါ တကား။ ဘုရား… ဘုရား၊ သေရမည် မုချပါတကား။ တစ်ဖက်ကမ်းသို့ ကူးကြသည့် လှေစီးသမားတို့မှာ လှေကို လှော်တိုင်း လှော်တိုင်း တစ်ဖက်ကမ်းနှင့် နီးလေသကဲ့သို့ ခပ်သိမ်းသော သတ္တဝါတို့၏ အသက်သည်လည်း တရွေ့ရွေ့နှင့် သေမင်းနိုင်ငံနှင့် နီးကြရတော့တာပါကလား။ ဘုရား… ဘုရား၊ သေရမည် မုချပါတကား။ သဗ္ဗေသင်္ခါရာ အနိစ္စာ၊ သဗ္ဗေသင်္ခါရာ ဒုက္ခာ၊ သဗ္ဗေဓမ္မာ အနတ္တာ၊ ဘုရား… ဘုရား၊ ဘုရားသာလျှင် ကိုးကွယ်ရာ ရှိ၏။ တရားသာလျှင် ကိုးကွယ်ရာ ရှိ၏။ သံဃာသာလျှင် ကိုးကွယ်ရာ ရှိ၏။ ဘုရား… ဘုရား;"

ဤသို့လျှင် မောင်မောင်စိုးကို ငယ်စဉ်က ထိန်းသိမ်းကြည့်ရှုလာခဲ့သော အတူနေ အဘိုးကြီး ဦးဇူဝံသည် မောင်မောင်စိုး၊ မဂွမ်း နှစ်ဦးတို့ စကားပြောဆိုကြသော နောက်တစ်နေ့ နံနက်စောစော၌ အိမ်ဦးတွင် သေခြင်းတရားကို အောက်မေ့ဆင်ခြင်လျက် နေလေ၏။

မောင်မောင်စိုးလည်း အိပ်ရာမှ ထ၍ ဘုရားပုထိုး ရှိခိုးပြီးလျှင် အဘိုးဝံကို ဤသို့ မေးလေ၏။ 'အဘိုးဝံ၊ ဘုရားဖူး သွားချင် ဆို၊ ကဲ သည်နေ့ လေမိုးလည်းငြိမ်တာနှင့် ဘုရားဖူးလို့ အင်မတန် ကောင်းပါ့မယ်၊ သွားမယ် မဟုတ်လား' ဟု မေးသောအခါ အဘိုးဝံက 'မသေခင် ဘုရားဖူး တစ်ခေါက် လောက်တော့ အင်မတန် ရောက်ချင်ပါသေးတယ် မောင်' ဟု ပြန်ပြောကာလ လှည်းတစ်စီးငှား၍ မဟာမြတ်မုနိ ဘုရားကြီးသို့ ဘုရားဖူး သွားကြလေ၏။

ဘုရားဖူးပြီးနောက် ဘုရားကို လက်ယာရစ်တစ်ပတ် အာရုံပြုပြီးလျှင် တောင်ဘက်တန်ဆောင်းသို့ ဝင်၍ အဘိုးဝံမှာ စိပ်ပုတီး စိပ်လျက် နေလေ၏။ မောင်မောင်စိုးမှာ တန်ဆောင်း၌ ရေးထားသော အရုပ်ကားတို့ကို လှည့်ပတ်ကြည့်ရှုလျက် နေလေ၏။ ဤသို့ လှည့်၍ ကြည့်နေရာတွင် ဂေါတမ မြတ်စွာဘုရား၏ ပဋိသန္ဓေ တည်နေခြင်းမှ ဘုရားအဖြစ်သို့ တိုင်အောင်သော အတ္ထုပ္ပတ္တိကို ရေး၍ထားသော အရုပ်ကားတို့တွင် ဂေါတမ မြတ်စွာဘုရားသခင်သည် ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်တော်မူသော အခန်း၌ မာရ်နတ်စစ်သည် အပေါင်းတို့နှင့် ခြံရံသော အတ္ထုပ္ပတ္တိနှင့် ဝသုန္ဓရေ ခေါ်သော မြေ


mgyoe.com

စောင့်နတ်သည် ဆံရည်ကိုညှစ်၍ သက်သေခံနေသည့် ပုံကို မြင်လျှင် အဘိုးဝံ ဘက်သို့ လှည့်၍ ဤသို့ မေးလေ၏။

'အဘိုးဝံ'

'မောင်'

'ဘုရားပုထိုးတို့၏ ရှေ့မှာ၊ တံခွန်တိုင်၏ အရင်းမှာ သည်ဝသုန္ဓရေနတ်က ဆံရည်ကိုညှစ်၍ သက်သေခံဟန် အရုပ်များကို ထုလုပ်ထားတာ တွေ့ရပါတယ်။ ယခု သည်ကားထဲမှာလည်း ဝသုန္ဓရေနတ်က ဆံရည်ညှစ်နေတဲ့ ဟန်များ မြင်ရပါတယ်။ သည်ဟာ အမှန်ပါပဲလား' ဟုမေးလျှင် အဘိုးဝံက 'မောင်၊ သည်နေရာမှာ "အစေတနောဗိယန မဟာပထဝိသက္ခိ" ဟူ၍သာ ကျမ်းကြီး ကျမ်းဂန်တို့၌ တွေ့ရှိဖူးပါတယ်။ အဓိပ္ပာယ်မှာတော့ စိတ်မရှိသော မဟာပထဝ် မြေကြီး သက်သေခံကြောင်းသာ ဆိုပါသည်။ မြေစောင့်နတ်သားသည် ထွက်၍ ဆံရည်ညှစ်လျက် သက်သေခံသည်ဟု ပြောဆို ပြုလုပ်ကြခြင်းမှာ သင့်မည် မထင်ပါဘူး မောင်ရယ်' ဟု ပြောပြီးလျှင် တန်ဆောင်းမှ အနောက်ဘက်သို့ မတ်တတ်ရပ်၍ ကြည့်နေလေ၏။

တအောင့်ကြာကာလ မောင်မောင်စိုးက အဘိုးဝံသို့ လှည့်၍ မေးလိုက်ပြန်သည်မှာ– 'အဘိုးဝံ'

'မောင်'

'မြတ်စွာဘုရား၏ အပရာဇိတ ပလ္လင်တော်သည် အချို့က အစောက်မရှိ၊ အလျားသာ ပြန့်သည်။ အချို့က အစောက်ရှိ၍ ၁၄ တောင် ရှိ၏ဟု ဆိုကြပါတယ်။ ဘယ်လိုများ မှတ်ရပါမယ်' ဟု မေးသောအခါ အဘိုးဝံက 'မောင်၊ ပလ္လင်တော်မှာ ပဏ္ဍိဒီပဋ္ဌိကာ ဆရာတစ်ဦးက သာလျှင် အစောက် မရှိကြောင်း ဆိုသည်။ ပရိတ်ကြီးဋီကာက အစောက်ရှိကြောင်း ဆိုသည်။ ပါရမီခန်းကလည်း "ပလ္လင်နိမ့်မြင့်၊ အကျင့်တိုရှည်" ဟု ဆိုသည်။ ပဒုမုတ္တရ မြတ်စွာဘုရားသည် ပလ္လင်တော်မှ သက်သောအခါ တစ်ဆယ့်နှစ်တောင် မြင့်သော ကြာပေါက်၍ ခံသည်ဟု ဗုဒ္ဓဝင် အဋ္ဌကထာ၌ ပြသည်များကို ထောက်လျှင် အစောက်ရှိသည် ဟူသော အယူသာလျှင် သင့်မြတ်ပါတယ် မောင်' ဟု ဆိုပြီးလျှင် အမရပူရမြို့ဘက်သို့ ကြည့်ရှု၍ပင် နေပြန်လေ၏။

တအောင့်ကြာပြန်လျှင် မောင်မောင်စိုးက တစ်ဖန် ဤသို့ မေးပြန်လေ၏။ 'အဘိုးဝံ'



mgyoe.com